ကတညုတာ ဇော် မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်၊ ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၅၉)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နိုဝင်ဘာ၂၅ရက်တွင် ရှုရပ်မှ ချင်းပြည်နယ် ထန်တလန်မြို့ ပတ်ဝန်းကျင်ရှိ လက်ဖက်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်ရီတေးနီးယားလွတ်လပ်ရေးနေ့ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် နိုဝင်ဘာ ၂၈

၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ကျရောက်သော မော်ရီတေးနီးယား အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မော်ရီတေးနီးယား အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မာအိုယာအုလ်(ဒ်)ဆိဒ်အာမက်တာယာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်ကအလေးထားကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိ ဖွံ့ဖြိုးတိုးတက်ရေးတွင်အကုန်အကျအများဆုံးဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးဦးစားပေးဆောင်ရွက်နေ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်နှင့်အမျှ ဒေသတိုးတက်ဖွံ့ဖြိုးမှုတစ်ဆက်တည်းဖြစ်ထွန်းလာနိုင် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်ထောင်စုကြီးလည်းအစဉ်ထာဝရတည်တံ့ခိုင်မြဲမည်

ရန်ကုန် နိုဝင်ဘာ ၂၇

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှတို့ လိုက်ပါလျက် နိုဝင်ဘာ ၂၅ ရက် နံနက် ၇ နာရီတွင် ချင်းပြည်နယ် တီးတိန်မြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ဦးနှင့် ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

ကျော်ဖုံးသို့

နိုင်ငံတော်ကဖြည့်ဆည်းပေးခဲ့သည့် ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုများ

✡ ချင်းပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတော်က ဘဏ္ဍာငွေများ ချမှတ်ပေးပြီး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ။

✡ တွန်းဇံ-တီးတိန်လမ်း၊ တွန်းဇံ-ကျီခါးလမ်းများအပြင် တီးတိန်-ရိဒ်လမ်း၊ ဖလမ်း-ရိဒ်လမ်းများပါ အဆင့်မြှင့်တင်ရေး စီမံဆောင်ရွက်ပေးနေ။

✡ ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်စေရေး လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းများကို စီမံကိန်း ရည်မှန်းချက်များနှင့်အညီ အောင်မြင်ဖြစ်ထွန်းအောင် စီမံဆောင်ရွက်ပေးနေ။

စာမျက်နှာ ၉ သို့

ဗားရ်တံတား

ချင်းပြည်နယ်အတွင်း သွားလာဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ကလေး-ဟားခါးလမ်းပေါ်တွင် ၁၉၉၈ ခုနှစ်က နိုင်ငံတော်က တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် မဏိပူရမြစ်ကူး ဗားရ်တံတားကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)

နယ်မြေဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် ရေးမြို့နယ် ရေးမြစ်ကူးတံတားဖွင့်လှစ်နိုင်မှု

နယ်မြေဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးသည် အဓိကအကျဆုံးနှင့် အခြေခံအကျဆုံး ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ပြည်ထောင်စုလမ်းမကြီးပေါင်း၈၀ အပါအဝင် လမ်းနှင့်တံတားများကို အရှိန်အဟုန်မြင့် တိုးချဲ့ဖော်လုပ် တည်ဆောက်ပေးနေသကဲ့သို့ ကား၊ ရထား၊ သင်္ဘော၊ လေယာဉ်များကိုလည်း တိုးချဲ့ပြေးဆွဲပေးလျက်ရှိသည်။ ထို့အတူ ယာဉ်ရပ်နားစခန်း၊ ဘူတာရုံ၊ ခေတ်မီဆိပ်ကမ်းနှင့် လေယာဉ်ကွင်းသစ်များကိုလည်း တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူတည်ဆောက်ခဲ့သည့် ရေးမြစ်ကူးတံတားဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာလ၂၅ရက်နေ့ နံနက်ပိုင်းက မွန်ပြည်နယ် မော်လမြိုင်ခရိုင် ရေးမြို့နယ်ရှိ ရေးမြစ်ကူးတံတားအနီး မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်၍ အမှာစကားပြောကြားပြီး ရေးမြစ်ကူးတံတားမှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က ရေးမြစ်ကူးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရေးမြစ်ကူးတံတားသည် မော်လမြိုင်-ရေး-ထားဝယ်ရထားလမ်း၌ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းကို ဆက်စပ်ပေးသည့် တံတားတစ်စင်း ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်ဖြင့် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းကို ဆက်စပ်ပေးလျက် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးနှင့် တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရထားနှင့်မော်တော်ယာဉ် နှစ်မျိုးစလုံးသွားလာနိုင်သည့် ရေးမြစ်ကူးတံတားကို ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားက ၂၀၀၁ခုနှစ် ဇူလိုင်လ၁၂ရက်မှနေ့ စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၃ခုနှစ် အောက်တိုဘာလ၂၁ရက်နေ့တွင် တည်ဆောက်ပြီးစီးခဲ့သည်။

ရေးမြစ်ကူးတံတား၏ ပင်မတံတားအရှည်သည် ၈၅၇ပေ ၆လက်မရှိပြီး ရထားလမ်းနှင့် မော်တော်ယာဉ်လမ်း အကျယ် ၁၆ပေရှိကာ လူသွားလမ်းအကျယ် တစ်ဖက်လေးပေစီရှိသည်။

အသုံးပြုထားသည့် တံတားပေါင်များမှာ ၈၅ပေနှင့် ၅၇ပေ၊ ၃လက်မအရှည်ရှိ ကြိုတင်အားဖြည့်ကွန်ကရစ် တံတားပေါင်များဖြစ်ပြီး အုတ်မြစ်အမျိုးအစားမှာ Pile Foundation ဖြစ်သည်။

တံတားအောက် ရေလမ်းကင်းလွတ်နယ်မှာ အကျယ်ပေ၈၀၊ အမြင့်၁၂ပေ ၆ လက်မဖြစ်ပြီး ရထားလမ်းခွင့်ပြုတန်ချိန်သည်(ဝန်ရိုးတန်ချိန်-၁၇)တန်ဖြစ်ကာ မော်တော်ယာဉ်လမ်းခွင့်ပြုတန်ချိန်သည် ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန် တန်၆၀ ဖြစ်ကြောင်း သိရှိရသည်။

မြန်မာ့မီးရထားအနေဖြင့် ၁၉၈၈ခုနှစ်မတိုင်မီက ရထားလမ်းအရှည် ၁၉၇၆ ဒသမ ၃၅မိုင်သာရှိခဲ့ရာမှ ယခုအခါ ၂၉၉၈ ဒသမ ၃၆ မိုင်ရှိသည့်အတွက် ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် ပြည်သူ့အကျိုးပြု ရထားလမ်း ၁၀၂၂ဒသမ ၀၁ မိုင် တိုးချဲ့ဖောက်လုပ်ပေးနိုင်ခဲ့သည်။ ဆက်လက်၍လည်း ရထားလမ်းစုစုပေါင်း ၁၄၅ မိုင် ဖောက်လုပ်လျက်ရှိပြီး ရထားလမ်းသစ် ၅၁၅ဒသမ၀၅ မိုင်ကို ဆက်လက်ဖောက်လုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ရထားလမ်းပိုင်းအသီးသီးတွင် ၁၉၈၉ခုနှစ်မှ ယနေ့အထိ တံတားကြီးငယ်ပေါင်း ၃၄၃၅စင်းကို တည်ဆောက်ပေးနိုင်ခဲ့သည်။ ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းပိုင်းတွင် ပုံညာတောင်တန်းကို ဖြတ်သန်းဖောက်လုပ်ထားသည့်အရှည်ပေ ၅၆၁၀ရှိသော ရထားလမ်းဥမင်တစ်ခုကို နိုင်ငံတော်၏အားပေးမှုဖြင့် မြန်မာ့မီးရထားမှ အင်ဂျင်နီယာများက ကိုယ်ပိုင်စွမ်းပကားဖြင့် အောင်မြင်စွာ ဖောက်လုပ်နိုင်ခဲ့ခြင်းသည်လည်း ဂုဏ်ယူဝမ်းမြောက်ဖွယ်ပင်ဖြစ်သည်။

သို့ဖြစ်ရာ ရေးမြစ်ကူးတံတား ဖွင့်လှစ်နိုင်သဖြင့် မော်လမြိုင်မှ ထားဝယ်အထိ နေ့ချင်းပေါက် တောက်လျှောက်ရထားများ ပြေးဆွဲနိုင်တော့မည်ဖြစ်၍ မွန်ပြည်နယ်နှင့်တနင်္သာရီတိုင်းတွင် နေထိုင်ကြသော ဒေသခံတိုင်းရင်းသား ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးဆက်သွယ်မှုများ ပိုမိုထိရောက်လျင်မြန်လာပြီး နယ်မြေဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဟုယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

နိုဝင်ဘာ၂၂ ရက်က အမက (၂၆)သာကေတ၏ မိဘ ဆရာအသင်းနှစ် ပတ် လည် အစည်းအဝေး နှင့် ပညာ ရည်ချွန်ဆုပေးပွဲအခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီးဦးစိုးဝင်းက ငါးနှစ် ဆက်တိုက် ပထမ ဆုရ မောင်ကျော်ကျော်လတ်အား ဆုချီးမြှင့်စဉ်။ (၂၅၈)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

နိုဝင်ဘာ၂၆ရက်က သမဝါယမဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ဌေးဦး ဂျီအီးစီ(ပညာရေး)သမဝါယမအသင်းစုချုပ်လီမိတက်၏ ၂၀၀၂-၂၀၀၃ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သမဝါယမ)

ပြည်သူများအတွက်ကျန်းမာရေးစောင့်ရှောက်မှုအခြေခံဆန်းစစ် ခေတ်မီဆန်းသစ်မှုများနှင့်လိုက်လျောညီထွေအောင်စီမံဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံ ဆရာဝန်အသင်း သားဖွားနှင့်မီးယပ်ပညာအဖွဲ့၏ (၆)ကြိမ်မြောက် သားဖွားနှင့်မီးယပ်ပညာ ညီလာခံဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက ဒဂုံမြို့နယ် အလုံလမ်းရှိ ဆန်းမစ်ပတ်ဗျူးဟိုတယ်ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှု၊ အမျိုးသားကျန်းမာရေးကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုတို့ဖြင့် ဆေးရုံများအဆင့်မြှင့်တင်ရေးလုပ်ငန်း၊ ပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း (ကျန်းမာရေးကဏ္ဍ) ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစသည့် လုပ်ငန်းရပ်ကြီးများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပြီး ဆေးရုံများတွင် အထူးကုဌာနများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ခေတ်မီဆေးရုံသုံးစက်ကိရိယာပစ္စည်းများ ဖြည့်တင်းခြင်း၊ ဆေးရုံများ ခုတင်အဆင့်တိုးမြှင့်ခြင်း၊ ဆေးရုံဆေးခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိနေကြောင်း၊ ခေတ်နှင့်အညီ တိုးတက်တွေ့ရှိနေရသည့် ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုအမျိုးမျိုး၊ အန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းနိုင်စေရန် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှု အခြေခံအနေကို အမြဲဆန်းစစ်ပြီး ခေတ်မီဆန်းသစ်မှုများနှင့် လိုက်လျောညီထွေဖြစ်အောင် စီမံဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ယခု(၆)ကြိမ်မြောက် သားဖွားနှင့်မီးယပ်ပညာညီလာခံမှာ သက်ဆိုင်ရာဘာသာရပ်ဆိုင်ရာ စာတမ်းများအပြင် ညီလာခံအကြိုEndoscopic Surgery လက်တွေ့အလုပ်ရုံဆွေးနွေးပွဲကို ၂၀၀၃ခုနှစ် နိုဝင်ဘာ၂၅ ရက်က မြောက်ဥက္ကလာပ ဆေးရုံကြီးမှာ စင်ကာပူနိုင်ငံမှ သမားတော်ကြီးများနှင့် ပူးတွဲကျင်းပခဲ့ကြောင်း သိရကြောင်း၊ ဤသည်မှာ အရှေ့တောင်အာရှနိုင်ငံမှ ဆေးပညာရှင် အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုရဲ့ ရလဒ်ဖြစ်ကြောင်း၊ ယခုညီလာခံတွင် သားဖွားနှင့်မီးယပ်ပညာ ဘာသာရပ်နှင့် နီးနွယ်သော ဆေးပညာဘာသာရပ်တို့မှ ပါမောက္ခ များနှင့် အထူးကုဆရာဝန်ကြီးများ၏ စာတမ်းများပါဝင်ဖတ်ကြားမည်ဟုသိရသည့်အတွက် ဆေးပညာရှင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများကို အားရကျေနပ်ဖွယ်တွေ့ရှိရကြောင်း၊ စာတမ်းများတင်သွင်းရာတွင် ပြီးပြီးရော မဖြစ်စေဘဲ အနှစ်သာရများကို ဖော်ထုတ်ပြီး လေ့လာတွေ့ရှိချက်များကို လက်တွေ့အကျိုးဖြစ်ထွန်းအောင် မည်ကဲ့သို့ အသုံးချရမည်ကို ဝိုင်းဝန်းဆွေးနွေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌ ဒေါက်တာမျိုးမြင့်က အမှာစကားပြောကြားပြီး သားဖွားနှင့်မီးယပ်ပညာအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်ခင်စောလှက ညီလာခံသို့ တက်ရောက်လာသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ညီလာခံတွင် စာတမ်း ၂၇စောင်ကို ဖတ်ကြားတင်သွင်းမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနတို့ ပူးပေါင်း၍ နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို နိုဝင်ဘာ ၂၅ရက်က အမှတ်(၃၂) ရပ်ကွက်ခန်းမဆောင်ရုံတွင် ကျင်းပရာ မြို့နယ် ဦးစီးဌာနမှူး ဦးစန်းအောင်က နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်စဉ်။ (၄၀၀)

▼ နိုင်ငံတော်မှ

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ပုဂံ–ညောင်ဦးမြို့နှင့် မန္တလေးမြို့များသို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် အထူးလေယာဉ်ဖြင့် ထွက်ခွာသွားသော ဧည့်သည်တော်ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီး General Thammarak Isarangura ခေါင်းဆောင်သည့် အဖွဲ့ဝင်များအား နံနက် ၇ နာရီခွဲတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ထိုသို့ပို့ဆောင်နှုတ်ဆက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ကြည်မင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်မြတ်ဟိန်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Oum Maolanon နှင့် တာဝန်ရှိသူများလည်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဧည့်သည်တော် ထိုင်းနိုင်ငံကာကွယ်ရေး ဝန်ကြီး ခေါင်းဆောင်သည့်အဖွဲ့ဝင်များနှင့်အတူ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီးကိုကိုမောင်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံစစ်သံမှူး Col. Kasam Nakpun နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

မော်ရီတေးနီးယားနိုင်ငံလွတ်လပ်ရေးနေ့ နိုင်ငံခြားရေးဝန်ကြီးသဝဏ်လွှာပေးပို့

ရန်ကုန် နိုဝင်ဘာ ၂၈

၂၀၀၃ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင်ကျရောက်သော မော်ရီတေးနီးယားအစ္စလာမ်မစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်ထံမှ မော်ရီတေးနီးယားအစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာမိုဟာမက်ဗော (လ်)အုလ်(ဒ်)ဘဲလ်လား ထံသို့ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မြန်မာသံအမတ်ကြီးဦးအုန်းသွင်အား တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ပြောင်းရွှေ့ခန့်အပ်

ရန်ကုန် နိုဝင်ဘာ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးအုန်းသွင်အား တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု ဆရာတော်သံဃာတော်များအား တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၇

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အမှူးထား၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် သီတင်းသုံးတော်မူကြသော သင်ကြားစီမံ ဆရာတော်များနှင့် စာသင်သံဃာတော်များအား တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ကျင်းပသည်။ (အပေါ်ပုံ)

လှူဒါန်းပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးနှင့်ဧည့်ပရိသတ်တို့က နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပဏ္ဍိတာ ဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဝန်ကြီးက ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဝန်ကြီးက တစ်နေ့တာ ဆွမ်းအလှူငွေကျပ် ၁၈၀၀၀၀ အား ပေးအပ်လှူဒါန်းရာ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခိုင်အောင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက်ဝန်ကြီးနှင့်ဧည့်ပရိသတ်တို့က ဆရာတော်ထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် သံဃာတော်များအား ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

(သတင်းစဉ်)

နိုဝင်ဘာ ၂၇ ရက်က ၁၃၆၅ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ သက်ကြီးစာပေပညာရှင်များကန်တော့ပွဲ အခမ်းအနားသို့ တက်ရောက်နိုင်ခြင်းမရှိသော သက်ကြီးစာပေပညာရှင် ဗဟန်းမြို့နယ်မှ ဆရာမကြီး ဒေါ်စောရင်(ကြီးကြီးစော)အား ကန်တော့ငွေ ကျပ် ၆၀၀၀၀ နှင့် ပစ္စည်းများဖြင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း) နှင့်အဖွဲ့ဝင်များက ကန်တော့ကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၈–၁၁–၂၀၀၃ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ရိုးရာကျေးလက်ကစားနည်း
- ၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနယဉ်
- ၈:၁၀ ၇။ အကပြိုင်ပွဲ
- ၈:၂၀ ၈။ မြစ်ကိုမြင်လျှင်တံတားဆင်
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ English For Everyday Use
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice In Reading
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒအထူးပြုများ) (ဓာတုဗေဒ)
- ၁၇:၁၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး
- ၁၇:၂၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၄၀ ၈။ တေးဂီတအစီအစဉ်
- ၁၇:၅၅ ၉။ (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုပြင်ဆင်လေ့ကျင့်မှု (လှေလှော်)
- ၁၈:၁၀ ၁၀။ Discovery
- ၁၈:၃၀ ၁၁။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၃။ Milo Success In Soccer
- ၁၉:၁၀ ၁၄။ တေးဂီတအစီအစဉ်
- ၁၉:၂၅ ၁၅။ ဝင်ငွေတိုးစေဖို့ မက္ကဒေးမီးယားသီးနှံစိုက်ကြစို့
- ၁၉:၄၀ ၁၆။ နှောင်းခေတ်တေးပဒေသာ
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ ရုပ်မြင်သံကြားဇာတ်လမ်း **'အမေမပြောလိုတဲ့ အိပ်ရာဝင်ပုံပြင် (အပိုင်း–၁)** (ကျော်ရဲအောင်၊ ဇင်ဝိုင်း၊ အောင်ခိုင်၊ ဆုပန်ထွာ၊ မျိုးသန္တာထွန်း၊ မေသဉ္ဇာဦး) (ဒါရိုက်တာ–ရိုးရိုး)
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ရီပို့တာသတင်းဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၇

မြေနီကုန်းဖိုးလုံး၏ အီရတ်အာဏာ လွှဲပြောင်းပေးရေးအစီအစဉ် ကုလသမဂ္ဂထောက်ခံမှုရရေး အမေရိကန်ကြိုးပမ်း၊ မင်းရွှေမောင်၏ ရွှေ့ရှားနေသောပစ်မှတ်များ အပါအဝင် ပင်တိုင်ဆောင်းပါးရှင်များ၏ သတင်းများနှင့် အင်တာနက် သတင်းအဖုံဖုံကို ဓာတ်ပုံဝေဝေဆာဆာဖြင့် Reporter နိုင်ငံတကာ သတင်းဂျာနယ် အမှတ်(၉၇)ကို ထုတ်ဝေထားသည်။

(အပေါ်ပုံ) (က–ပ)

အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၇

၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၁၈ရက် မော်လမြိုင်တက္ကသိုလ်တွင် ကျင်းပမည့် မော်လမြိုင်တက္ကသိုလ် နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲသို့ရန်ကုန်မြို့နှင့်နယ်အသီးသီးရှိ မော်လမြိုင်ကောလိပ်၊ ဒီကရီကော်လိပ်၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက် ဂါရဝပြုရန် စီစဉ်ထားသည်။ ရန်ကုန်မြို့မှ ဒီဇင်ဘာ ၁၆ရက်တွင် ထွက်ခွာပြီး သာမညကျိုက်မရော၊ ကျိုက်ခမီ စက်စဲနှင့် ကျိုက်ထီးရိုးဘုရားများ ဖူးမြော်၍ ဒီဇင်ဘာ ၂၀ ရက်တွင် ကျိုက်ထီးရိုးဘုရားမှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။

ခရီးစဉ်တွင် ကျောင်းသား ကျောင်းသူဟောင်းများသာမက မိသားစုများပါ လိုက်ပါနိုင်ရန် တစ်ဦးလျှင် ခရီးစရိတ်(စားစရိတ်မပါ)ကျပ်တစ်သောင်းစီကို စုစည်းကောက်ခံပြီး ဦးစိုးအောင် အမှတ်၈၆–၈၈၊ အခန်း(၄)၊ ဗဟိုလမ်း၊ စမ်းချောင်း၊ ဖုန်း ၀၁–၅၁၂၃၃၇ သို့ ဒီဇင်ဘာ ၇ ရက် နောက်ဆုံးထားစာရင်းပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်များမသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလအတွက်
နောက်ဆုံးပတ် (တနင်္ဂနွေနေ့) (၃၀–၁၁–၂၀၀၃)ရက်နေ့
၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလအတွက်
(၁၄–၁၂–၂၀၀၃)ရက်နေ့
နှင့်
(၂၈–၁၂–၂၀၀၃)ရက်နေ့

စာတည်းအကြိမ်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ

ကျိုက္ကဆံကွင်း၊ ပြည်ထောင်စုခန်းမ

၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၆) ရက်နေ့မှ (၁၈)ရက်နေ့

နိုဝင်ဘာ ၂၅ရက်က ဘဂ္ဂဒက်မြို့လယ်ရှိ ပါလက်စတိုင်းဟိုတယ်အပြင်ဘက်၌ လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့လယ်၌ ပေါက်ကွဲမှုသုံးခုဖြစ်ပွား
အမေရိကန်ဦးဆောင်သောတပ်ဖွဲ့ရုံးချုပ်ကို ပစ်မှတ်ထားတိုက်ခိုက်

ဘဂ္ဂဒက် နိုဝင်ဘာ ၂၇

ဘဂ္ဂဒက်မြို့လယ်ကောင်ရှိ လူနေရပ်ကွက်တစ်ခုတွင် အင်္ဂါနေ့ညက ပေါက်ကွဲမှုသုံးခုဖြစ်ပွားခဲ့ရာ ပျက်စီးမှုအချို့ရှိကြောင်း ကာတာအခြေစိုက် အယ်လ်ဂျာဇီရာရုပ်မြင်သံကြားက သတင်းထုတ်လွှင့်သည်။

အစောပိုင်း၌ အမေရိကန်စစ်ဘက်ဆိုင်ရာက အမေရိကန်ဦးဆောင်သော ပူးပေါင်းတပ်ဖွဲ့ဌာနချုပ်အပြင်ဘက်၌ ည ၈ နာရီကျော်ကျော်ခန့်၌ ပေါက်ကွဲမှု သုံးခုဖြစ်ခဲ့သော်လည်း ရဲစခန်းတစ်ခု၊ ဘတ်စကားမှတ်တိုင်တစ်ခုနှင့် အမည်မသိအဆောက်အအုံတစ်ခုတို့ကို ထိမှန်ကြောင်းပြောဆိုသည်။

ပြောကြား

ထိခိုက်သေဆုံးမှု အရေအတွက်ကို လောလောဆယ်မသိရသေးကြောင်း အမေရိကန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

မျက်မြင်တွေ့ရှိ သူများက တိုက်ဂရစ်မြစ်အနောက်ဘက်ရှိ ဂရင်းဒေသမှ မီတာ ၂၀၀အကွာ၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနီး၌ ပေါက်ကွဲခြင်းဖြစ်ကြောင်း ပြောဆိုသည်။

တိုက်ခိုက်လာ

လွန်ခဲ့သည့် သီတင်းပတ်များအတွင်း၌ ပြောက်ကျားတို့သည် အခိုင်အခံ့ ပြုလုပ်ထားသော ပူးပေါင်းတပ်ဖွဲ့ရုံးချုပ်ဝင်းကို ပစ်မှတ်ထားပြီး မကြာခဏ တိုက်ခိုက်လာခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံတကာ သတင်းများ

နိုဝင်ဘာ ၂၆ရက်ထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၄၃၄ ဦးရှိပြီ

ဝါရှင်တန် နိုဝင်ဘာ ၂၇

အီရတ်၌ စစ်ဆင်ရေးစတင်ခဲ့သည်မှ နိုဝင်ဘာ ၂၆ ရက် ဗုဒ္ဓဟူးနေ့ ရောက်ရှိန်တွင် အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၄၃၄ ဦးရှိကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ကြေညာချက်ထုတ်ပြန်သည်။ တိုက်ပွဲ၌ သေဆုံးသူ ၂၉၈ ဦးနှင့် တိုက်ပွဲမဟုတ်ဘဲ သေဆုံးသူ ၁၃၆ ဦးဖြစ်သည်ဟု ဆိုသည်။

မေ ၁ ရက် သို့မဟုတ် မေ ၁ ရက်မှစပြီး အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်မှာ ၂၉၆ ဦးဖြစ်သည်။ ၁၈၄ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၁၁၂ဦးမှာ တိုက်ပွဲမဟုတ်ဘဲ သေဆုံးခြင်းဖြစ်သည်။

စစ်ဆင်ရေးစသည်မှ တိုက်ပွဲ၌ ၂၀၉၄ဦးဒဏ်ရာရခဲ့ပြီး တိုက်ပွဲမဟုတ်ဘဲ ဒဏ်ရာရသည့် အရေအတွက်မှာ ၃၅၀ ဖြစ်သည်။

ဗြိတိသျှတပ်ဖွဲ့ဝင် ၅၂ ဦး၊ အီတလီ ၁၇ ဦး၊ ဒိန်းမတ်၊စပိန်၊ယူကရိန်းနှင့် ပိုလန်တို့ တစ်ဦးစီသေဆုံးသည်ဟုဆိုသည်။

(အင်တာနက်)

အီရတ်နိုင်ငံ လုံခြုံရေးအခြေအနေ တစ်နေ့တခြားပိုဆိုးလာနေမှု
နိုင်ငံတကာဆိုင်ရာ လူသားအကျိုးပြုဆောင်ရွက်သည့်အေဂျင်စီ လုပ်ငန်းများလျှော့ချ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၆

အီရတ် တိုက်ခိုက်ရေးသမားများသည် အမေရိကန်ဦးဆောင်သော ပူးပေါင်းတပ်များနှင့် အလုပ်လုပ်ကိုင်နေကြသော အီရတ်တို့ကိုခြိမ်းခြောက်ရန် ကြိုးပမ်းရာတွင် လွန်ခဲ့သည့် နှစ်ပတ်အတွင်း၌ အီရတ်တို့ကို ပစ်မှတ်ထားပြီး တိုး၍တိုက်ခိုက်လာခဲ့ကြသည်။

အီရတ်နိုင်ငံ၏လုံခြုံရေး အခြေအနေ တစ်နေ့တခြား ပိုဆိုးလာမှုကြောင့် အခြားနိုင်ငံတကာဆိုင်ရာ လူသားအကျိုးပြုဆောင်ရွက်ရေး အေဂျင်စီက ယင်း၏အီရတ်၌ ဆောင်ရွက်နေသော လုပ်ငန်းများကို လျှော့ချလျက်ရှိကြောင်း ကြေညာခဲ့သည်။

တိုက်ခိုက်လာ

ပူးပေါင်းတပ်များကို တိုက်ခိုက်ရေးသမားများ၏ မကြာသေးမီက တိုက်ခိုက်မှုများသည် အလိုရှိသော အကျိုးသက်ရောက်မှုကို မရသဖြင့် ပူးပေါင်းတပ်များကို အကူအညီပေးနေသော အီရတ်တို့ဘက်သို့ပြောင်းပြီး တိုက်ခိုက်လာခြင်းဖြစ်သည်ဟုဆိုသည်။

ပြင်းထန်

အီရတ်တို့ကို တိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်မှုများသည် အရေအတွက်အားဖြင့်သာ တိုးလာသည်မဟုတ်ဘဲ ဆိုးရွားပြင်းထန်လာခဲ့သည်။ အီရတ်တိုက်ခိုက်ရေးသမားများနှင့်အတူ နိုင်ငံခြားသားတိုက်ခိုက်ရေးသမားများက ပါဝင်တိုက်ခိုက်ကြသော်လည်း အရေအတွက်မှာနည်းပါးသည်ဟုသိရသည်။

နိုင်ငံခြား တိုက်ခိုက်ရေးသမားများ အီရတ်နိုင်ငံထဲသို့ ဝင်လာကြသည်ဆိုသော်လည်း အလုံးအရင်းဖြင့် ဝင်လာသည် သို့မဟုတ် ထောင်ပေါင်း များစွာဝင်လာသည်ဆိုခြင်းကို ပြောဆိုရန်မှာ မှန်ကန်မှုမရှိဟုဆိုသည်။

အဓိကပြဿနာ

နိုင်ငံခြားသား တိုက်ခိုက်ရေးသမားများ၏ အရေအတွက်သည် နည်းသော်လည်း ပူးပေါင်းတပ်ဖွဲ့များ အဓိကကြုံနေရသည့်ပြဿနာမှာ ယခင်အီရတ်အစိုးရ၏ လူများဖြစ်သည်ဟုဆိုသည်။

လက်ချက်

ဘာကူဘာနှင့် ခန်ဘာနီဆက်ရှိ ရဲစခန်းများအတိုက်ခံရမှု၊ရဲတပ်ဖွဲ့ ဗိုလ်မှူးကြီးတစ်ဦး မိုဆူးလ်၌လုပ်ကြံသတ်ဖြတ်ခံရမှု၊ ရဲတပ်ဖွဲ့အကြီးအကဲ သတ်ဖြတ်ခံရမှုတို့သည် ယခင်အစိုးရ လူများ၏ လက်ချက်ဖြစ်သည်ဟုဆိုသည်။

(အင်တာနက်)

စီးနင်းရှာဖွေ

နိုဝင်ဘာ ၂၆ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက အိမ်တစ်အိမ်အတွင်း စီးနင်းရှာဖွေမှုပြုလုပ်ရန် ကြိုးစားနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အနာဂတ်ကို စဉ်းစားမည့်ကုလမိတ်ဆွေများအုပ်စု
ထူထောင်သွားရန် ကုလအတွင်းရေးမှူးချုပ် ကိုဖီအာနန်စီစဉ်နေ

ကုလသမဂ္ဂ နိုဝင်ဘာ ၂၆

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် အီရတ်၏ အနာဂတ်ကို စဉ်းစားရန်လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ငါးဦး၊ အီရတ်၏ အိမ်နီးချင်းခြောက်နိုင်ငံအပြင် အီဂျစ်နိုင်ငံတို့ကို ထည့်သွင်းလျက် ကုလသမဂ္ဂမိတ်ဆွေများအုပ်စုကို ထူထောင်သွားမည်ဖြစ်သည်။

ထို့ပြင် ယင်းအုပ်စုသစ်၌ အမြဲတမ်းလုံခြုံရေးကောင်စီအဖွဲ့ဝင်မဟုတ်သော လေးနိုင်ငံကိုလည်း ထည့်သွင်းထူထောင်မည်ဖြစ်ပြီး ဒီဇင်ဘာ ၁ရက်၌ ယင်းအုပ်စု၏ ပထမအစည်းအဝေးထိုင်ရန် ကိုဖီအာနန်က မျှော်လင့်ထားသည်။

နိုင်ငံရေးအထောက်အကူပြု အဆိုပါအုပ်စုသည် အီရတ်ကို တည်ငြိမ်စေရာတွင် လုပ်ငန်းစဉ်တစ်ခု လုံးကို အထောက်အကူပြု လမ်းညွှန်ပေးသွားမည်ဖြစ်ပြီး နိုင်ငံတကာဆိုင်ရာ ကုလသမဂ္ဂအမှုထမ်းများ ဘဂ္ဂဒက်အပြင်၌ ရှိမြဲရှိနေချိန်တွင် အတွင်းရေးမှူးချုပ်အနေဖြင့် အထိရောက်အသုံးဝင်ဆုံး နိုင်ငံရေးလှုပ်ရှားမှုဖြစ်ကြောင်း ကုလသမဂ္ဂအရာရှိများက ပြောဆိုကြသည်။

အီရတ်နိုင်ငံ တည်ငြိမ်ရေးလုပ်ဆောင်ရန် မိမိတို့ကြိုးပမ်းတည်ဆောက်နေသော နိုင်ငံတကာ သဘောတူညီချက်အတွက် ယင်းအုပ်စုသည် အရေးကြီးကြောင်း အဘူဒါဘီ ရုပ်မြင်သံကြားကို ကိုဖီအာနန်က ပြောဆိုသည်။

အဆိုပါ ကုလသမဂ္ဂမိတ်ဆွေများ အုပ်စုသည် ဒေသတွင်း၌ လိုအပ်ကြောင်း ၎င်းတို့အထောက် အကူမပါရှိဘဲ မိမိတို့မအောင်မြင်နိုင်ကြောင်းကို ကိုဖီအာနန်က ပြောဆိုသည်။ **(အင်တာနက်)**

ရှာဖွေ

အီရတ်နိုင်ငံ၌ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ အမေရိကန်တပ်များ၏ ထိုးစစ်သည် ၎င်းတို့အား ပြောက်ကျားတို့က ပိုမိုတိုက်ခိုက်မှုကို ဖြစ်စေခဲ့သည်။

(ဝဲပုံမှာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး စစ်ဆင်ရေးတွင် အီရတ်ပြောက်ကျားများအား လိုက်လံရှာဖွေမှုများ ပြုလုပ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒုံးကျည်ဖြင့်တိုက်ခိုက်

ဘဂ္ဂဒက်ရှိ အမေရိကန်ဦးဆောင်သော အုပ်ချုပ်ရေးရုံးချုပ်ကို ပြောက်ကျားများက ဒုံးကျည်များဖြင့် ပစ်ခတ်နေစဉ်။ (ယင်းတိုက်ခိုက်မှုကြောင့် ဘဂ္ဂဒက်တစ်မြို့လုံး ပေါက်ကွဲသံများလွှမ်းသွားသည်။ အဆိုပါဝန်းအနီး နေထိုင်သူများက ပြောဆိုရာတွင် အနည်းဆုံး ဒုံးကျည်နှစ်လုံး ကျရောက်ပေါက်ကွဲခဲ့သည်ဟု ဆိုသည်။) (ဓာတ်ပုံ-အင်တာနက်)

အာပီဂျီဖြင့်ပစ်ခတ်ခံရ

အီရတ်ပြောက်ကျားများက အမေရိကန်ဦးဆောင်တပ်များအား ဆက်လက်တိုက်ခိုက်လျက်ရှိသည်။ (အပေါ်ပုံမှာ တီကရစ်မြစ်ရှိ တံတားတစ်ခုပေါ်တွင် အမေရိကန်စစ်ယာဉ်တန်းကို အာပီဂျီဖြင့်ပစ်ခတ် အတိုက်ခံရပြီးနောက် တွေ့ရစဉ်။) (ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံတစ်ဝန်း

အမေရိကန်ဦးဆောင်တပ်များအား

တိုက်ခိုက်သည့် ပစ်ခတ်မှုများ

ပေါက်ကွဲမှုများ အဆက်မပြတ်ဖြစ်ပွား

အခြေအနေတင်းမာ

အီရတ်နိုင်ငံအား ကျူးကျော်သူ အမေရိကန်တပ်များကို အီရတ်ပြောက်ကျားတို့က ခုခံတိုက်ခိုက်နေသည့်အပြင် ၎င်းတို့နှင့် ဆက်နွှယ်ပတ်သက်နေသူများကိုပါ တိုက်ခိုက်လျက်ရှိသည်။ (အပေါ်ပုံမှာ အမေရိကန်တပ်များနှင့် အီရတ်တို့အကြား အခြေအနေတင်းမာနေမှုများကို တွေ့ရစဉ်။) (ဓာတ်ပုံ-အင်တာနက်)

ကျူးကျော်မှုကို မကျေနပ်

နိုဝင်ဘာ ၂၅ရက် က ဘဂ္ဂဒက်မြို့ အယ်လ်ဆာဒါစီးတီးရှိ အမေရိကန်စစ်ယာဉ်၏ရှေ့တွင် အီရတ်များရပ်လျက် အမေရိကန်တို့၏ ကျူးကျော်တိုက်ခိုက်မှုကို မကျေနပ်၍ ဆုတောင်းခြင်းများ ပြုလုပ်နေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌အမေရိကန်တို့ဆောင်ရွက်သမျှ အောင်မြင်မှုမရှိ

အခြေအနေပိုဆိုးလာ၍ အီရတ်တို့ အမေရိကန်တို့အပေါ်အယုံအကြည်မရှိတော့

နိုင်ငံတကာ သတင်းများ

နိုဝင်ဘာ ၂၅ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့ စစ်ဆေးရေးဂိတ်တစ်ခုတွင် အမေရိကန်တပ်ဖွဲ့ဝင်များ စစ်မော်တော်ယာဉ်များဖြင့် လုံခြုံရေး စောင့်ကြပ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက် နိုဝင်ဘာ ၂၅

အီရတ်နိုင်ငံ၌ အမေရိကန်တို့ဆောင်ရွက်နေသမျှများသည် အောင်မြင်မှုမရှိသည့်အပြင် အခြေအနေပိုမိုဆိုးရွားလာခြင်းကြောင့် အီရတ်တို့က ၎င်းတို့အပေါ် အယုံအကြည်မရှိဖြစ်ကာ ဝေဖန်ပြောကြားလျက်ရှိသည်။

အီရတ်နိုင်ငံ၌ ဆက်ဒမ်ဟူစိန်အစိုးရ မရှိတော့သော်လည်း ဆက်ဒမ်ဟူစိန်၏နာမည်နှင့် အရိပ်သည် ဆက်လက်လွှမ်းမိုးထားလျက်ရှိကြောင်း သိရသည်။

ရင်ဆိုင်နေရ

အမေရိကန်တပ်ဖွဲ့ဝင် တစ်သိန်းသုံးသောင်းသည် ဆက်ဒမ်ဟူစိန်ကို လပေါင်းများစွာ ရှာဖွေလျက်ရှိသော်လည်း ရှာမတွေ့နိုင်သေးခြင်းကြောင့် အမေရိကန်တို့သည် ယခုအခါ ဆုံးရှုံးမှုများကိုသာ ရင်ဆိုင်နေရသည်ဟု အီရတ်လူမျိုးများက ပြောကြားလျက်ရှိကြောင်း သိရသည်။ အီရန်နှင့်အီရတ် ဖြစ်ပွားခဲ့သော ယခင်စစ်ပွဲကာလအတွင်းက အမေရိကန်တို့သည် ဆက်ဒမ်ဟူစိန်ကို စီအိုင်အေကိုယ်စားလှယ်တစ်ဦးအဖြစ် အသုံးချခဲ့ခြင်းဖြစ်သည့်အတွက် ယခုအချိန်၌ ဆက်ဒမ်ဟူစိန်သည် အမေရိကန်နိုင်ငံ၌ အေးချမ်းစွာရှိနေနိုင်ကြောင်း အီရတ်လူမျိုးအချို့က ယုံကြည်နေသည်ဟု အမေရိကန်တို့အား ပြောင်လှောင်သရော်လျက်ရှိကြသည်။

ပြောကြား

အမေရိကန်တို့က ဆက်ဒမ်ဟူစိန်ကို ဖမ်းဆီးရမိရန် ဆုကြေးငွေဒေါ်လာ ၂၅ သန်း အီရတ်၌ထုတ်ထားသော်လည်း မည်သည့်အီရတ်လူမျိုးကမျှ သစ္စာဖောက်ပြီး သတင်းပေးသည့်နည်းနှင့် ဆုကြေးငွေထုတ်ယူမည်မဟုတ်ကြောင်း အီရတ်ပြည်သူအချို့က ပြောကြားလျက်ရှိသည်။

(စီအင်န်အင်န်)

ရှာဖွေစစ်ဆေး

နိုဝင်ဘာ ၂၅ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ စစ်ဆေးရေးဂိတ်တစ်ခု၌ အီရတ်တစ်ဦးကို အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက ရှာဖွေစစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မိုဆူးလ်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်တို့ ရုန်းရင်းဆန်ခတ်ဖြစ်

လူအုပ်ကြီးရောက်ရှိလာသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များ ထွက်ပြေး

မိုဆူးလ် နိုဝင်ဘာ ၂၅

အီရတ်နိုင်ငံ မိုဆူးလ်မြို့လယ်ကောင်၌ လက်နက်ကိုင်တိုက်ခိုက်သူများက ပစ်ခတ်ခြင်းကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ပြီးခဲ့သည့် တနင်္ဂနွေနေ့၌ သေဆုံးရသည်။ ၎င်း အမေရိကန်တပ်ဖွဲ့ဝင်များသည် စစ်ဝတ်စုံဝတ်ဆင်ထားခြင်းဖြစ်သော်လည်း အရပ်ဘက်မော်တော်ယာဉ်ဖြင့် လိုက်ပါလာခဲ့ခြင်းဖြစ်ကြောင်း အမှတ် ၁၀၁ အမေရိကန် လေကြောင်းချီတပ်က ပြောကြားခဲ့သည်။

လုယက်ယူငင်

အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ပစ်သတ်ခံခဲ့ရပြီးနောက် ရုန်းရင်းဆန်ခတ်ဆက်လက်ဖြစ်ပွားခဲ့ရာ ၎င်းယာဉ်တန်းမှ ကျန်အမေရိကန်တပ်ဖွဲ့ဝင်များ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ အခင်းဖြစ်ပွားရာအနီးသို့ လူအုပ်ကြီးရောက်ရှိလာပြီး သေဆုံးသူအမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးထံမှ လက်ပစ်ဗုံးပါမကျန် လုယက်ယူငင်သွားကြကြောင်း သိရသည်။

မိုဆူးလ်မြို့သည် အီရတ်စစ်ပွဲပြီးဆုံးချိန်အစပိုင်းမှစပြီး အေးချမ်းတည်ငြိမ်မှုရှိနေသည့်အတွက် အမေရိကန်စစ်တပ်က စံနမူနာထားကာ ဂုဏ်ယူနေခဲ့ကြောင်း၊ သို့ရာတွင် ပြီးခဲ့သောလကစပြီး အမေရိကန်တပ်ဖွဲ့ဝင်များအပေါ် ပစ်မှတ်ထားကာ ထိရောက်သည့်တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလာခြင်းကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များအတွက် အလွန်အန္တရာယ်ရှိသည့် နယ်မြေတစ်ခုဖြစ်လာကြောင်း သိရသည်။

အီရတ်စစ်ပွဲအတွင်း အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များမှ သေဆုံးသူ ၅၀၄ဦးရှိသွားပြီဖြစ်ပြီး အမေရိကန်တပ်ဖွဲ့ဝင် ၄၃၃ဦး သေဆုံးခဲ့ကြောင်း သိရသည်။

(စီအင်န်အင်န်)

ဆားစ်ရောဂါကာကွယ်ဆေး စတင်စမ်းသပ်မည်

ဘေဂျင်း နိုဝင်ဘာ ၂၆

တရုတ်ပြည်သည် လူသားများအား ဆားစ်ရောဂါ ကာကွယ်ဆေးကို ယခုနှစ်ကုန်တွင် စတင်စမ်းသပ်ရန် စီစဉ်ထားကြောင်း ဆင်ဟွာသတင်းဌာနက တနင်္ဂနွေနေ့တွင် ကြေညာသည်။

အေဂျင်စီက ဒီဇင်ဘာလကုန်တွင် ဆေးဝါးစမ်းသပ်ခြင်းကို ထောက်ခံဖွယ်ရှိကြောင်း နိုင်ငံတော်အစားအစာနှင့် မူးယစ်ဆေးဝါး စီမံခန့်ခွဲမှု၊ ဇီဝဗေဒဆိုင်ရာ ထုတ်လုပ်ရေးဌာနခွဲဥက္ကဋ္ဌ ယင်ဟောင်ဇန် ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းဌာနက ပြောသည်။

မျောက်များအား ကြိုတင်ဆေးဝါးစမ်းသပ်စစ်ဆေးခြင်းမှာ ပြီးပြည့်စုံသွားပြီဖြစ်ကြောင်း၊ ကာကွယ်ဆေးသည် ဆိုးရွားသည့် နောက်ဆက်တွဲ သက်ရောက်မှုမရှိဘဲ ကူးစက်မြန်ပြင်းထန် အဆုတ်ရောင်ရောဂါအား ထိရောက်မှုရှိကြောင်း သတင်းဌာနက ကိုးကား ဖော်ပြသည်။

ဘေဂျင်းကက်စင်းဇီဝပစ္စည်း ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းကုမ္ပဏီမှ သိပ္ပံပညာရှင်များသည် ဧပြီလမှ စတင်ပြီး ကာကွယ်ဆေးကို စမ်းသပ် ပြုလုပ်ခဲ့ကြောင်း ကုမ္ပဏီက ဖော်ပြသည်။ အလားအလာရှိသော ဆားစ်ရောဂါကာကွယ်ဆေးကို ထုတ်လုပ်ရန် အနည်းဆုံးနှစ်နှစ်ကြာနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်အပေါ်ကုလသမဂ္ဂစီးပွားရေးပိတ်ပင်မှုစောင့်ကြည့်ရေးကော်မတီ

ဆက်လက်ထားရှိရန် လုံခြုံရေးကောင်စီတွင် မဲခွဲဆုံးဖြတ်

ကုလသမဂ္ဂ နိုဝင်ဘာ ၂၆

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် အီရတ်နိုင်ငံအပေါ် ကုလသမဂ္ဂ၏ စီးပွားရေးပိတ်ပင်အရေးယူမှု စောင့်ကြည့်ရေးကော်မတီကို ဆက်ထားရှိရန် တနင်္လာနေ့က မဲခွဲဆုံးဖြတ်လိုက်သည်။ သို့ရာတွင် တစ်ချိန်တည်းမှာပင်ဖြစ်နိုင်ဖွယ်ရာ လက်နက်ပိတ်ပင်မှု ချိုးဖောက်ခြင်းများအတွက် သတိထားစောင့်ကြည့်သောအဖွဲ့ကို စောင့်ကြည့်ခြင်းမှ တားမြစ်လိုက်သည်။

အီရတ်နိုင်ငံ၌ ဖြစ်ပေါ်နေသော အကြမ်းဖက်တိုက်ခိုက်မှုများနှင့် စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုကို ကောင်စီဝင်လေးနိုင်ငံဖြစ်သော ပြင်သစ်၊ ဂျာမနီ၊ မက္ကဆီကိုနှင့်ရုရှားတို့က ထုတ်ဖော်ပြောဆိုရာ၌ အဆိုပါစောင့်ကြည့်ရေးကော်မတီအား ကုလသမဂ္ဂလက်နက်ပိတ်ပင်တားမြစ်မှုအပြင် စီးပွားရေးပိတ်ပင်အရေးယူမှု နှစ်ခုစလုံးကို စောင့်ကြည့်ရန်အတွက် အခွင့်အာဏာပေးသင့်ကြောင်း စောဒကတက်ပြောဆိုကြသော်လည်း ၎င်းတို့သည် မည်သို့ဆိုစေကာမူ ကော်မတီအဖွဲ့ကို ဆက်လက်ရှင်သန်စေရန် မဲပေးခဲ့ကြသည်။

လုံခြုံရေးကောင်စီ၏ ၁၃ နှစ်သက်တမ်းရှိပြီဖြစ်သော အီရတ်ကိုပိတ်ပင် အရေးယူမှု ပြီးဆုံးသွားပြီးနောက် သုံးရက်အကြာ၌ ထိုသို့တစ်ခဲနက် မဲခွဲဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။

အိမ်နီးချင်း ကူဝိတ်နိုင်ငံကို ၁၉၉၀ပြည့်နှစ်၌ အီရတ်နိုင်ငံ ကျူးကျော်ဝင်ရောက်ခဲ့သည့်အတွက် အီရတ်အပေါ် ကုလသမဂ္ဂက ပြဋ္ဌာန်းကျင့်သုံးခဲ့သော အပြစ်ဒဏ်အများစုကိုမေလထဲ၌ ရုပ်သိမ်းပေးခဲ့ခြင်းကြောင့် အဆိုပါစောင့်ကြည့်ရေးအဖွဲ့ကို ဖျက်သိမ်းပစ်ရန် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် လုံခြုံရေးကောင်စီ သံတမန်များက ဆက်ဒမ်အစိုးရ၏ခေါင်းဆောင်များပိုင်ပစ္စည်းဥစ္စာများအပေါ် ကုလသမဂ္ဂက ဆက်လက်ထိန်းချုပ်ထားမှုကို ဆက်လက်စောင့်ကြည့်ရန်အတွက် ကော်မတီတစ်ရပ် လိုအပ်ကြောင်းကို တညီတညွတ်တည်း သဘောတူခဲ့ကြသည်။ **အမ်အင်အေ၊ရိုက်တာ**

တွေ့ဆုံမှာကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နိုဝင်ဘာ ၂၅ ရက်တွင် ချင်းပြည်နယ် ဟားခါးမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

■ **သူတစ်ပါးမှ**

သဇင်ဆောင်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့များနှင့် တိုင်းရင်းသား ခေါင်းဆောင်များ၊ ရပ်မိ ရပ်ဖများနှင့်တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဖလမ်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်ဝင်းက ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊ ကုန်းမြင့်လယ်ယာမြေ တိုးချဲ့ခြင်းနှင့် အထွက်ကောင်းမျိုးများပြောင်းလဲစိုက်ပျိုးရန် စီစဉ်ထားမှု၊ လက်ဖက်စိုက်ခင်း တိုးချဲ့စိုက်ပျိုးမှု၊ နွားနောက်မွေးမြူမှု၊ ပညာရေး၊ ကျန်းမာရေး၊ မြို့ရေပေးဝေရေး၊ ဆက်သွယ်ရေးလုပ်ငန်းအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ထားမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေးနှင့် ကျန်းမာရေးစသည့် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားရာတွင် ဖလမ်းမြို့နယ် အပါအဝင် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ စုံညီစွာဖြင့် ချင်းပြည်နယ်သို့ သီးသန့်စီစဉ်လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

ချင်းပြည်နယ်သည် ပြည်နယ်မြောက်ပိုင်းနှင့်တောင်ပိုင်းသော်လည်းကောင်း၊ မြို့အချင်းချင်းသော်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခဲ့သဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုမှာ နောက်ကျခဲ့ရကြောင်း။

သို့ဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံ ဆောင်ရွက်ပေးရာ၌ လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်ရေးကို ဦးစားပေး ဆောင်ရွက်ပေးနေကြောင်း။

ယမန်နေ့က တီးတိန်မြို့နယ်တွင် တီးတိန်-တွန်းဇံ-ကျီခါးလမ်း၊ ရိဒ်-တီးတိန်လမ်းများ အဆင့်မြှင့်တင်ရန် ပံ့ပိုးဖြည့်ဆည်းပေးခဲ့သလို ယနေ့ ဖလမ်း-တီးတိန်လမ်း၊ ဖလမ်း-ဟားခါးလမ်းများ အဆင့်မြှင့်တင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ်တွင်း လမ်းများပြုပြင် ထိန်းသိမ်းရေး၊ အဆင့်မြှင့်တင်ရေးတို့အတွက် နှစ်စဉ် ဘဏ္ဍာငွေအမြောက်အမြားကျခံသုံးစွဲဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့ရာတွင် ချင်းပြည်နယ်တွင်း လမ်းများမှာ တောင်ပေါ်လမ်းများဖြစ်ရုံသာမက မိုးရာသီတွင် တောင်ပြိုပြီး လမ်းပျက်တတ်သဖြင့် ရှိပြီး လမ်းများ ပြတ်တောက်မသွားစေရေးအတွက် ပြုပြင်ထိန်းသိမ်းမှုကို ဦးစားပေးဆောင်ရွက်နေရရာ လမ်းများအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို တဖြည်းဖြည်းချင်း အပိုင်းအဆင့်ခွဲ၍ ဆောင်ရွက်နေရသည့်သဘောရှိကြောင်း။

အလားတူပင် ချင်းပြည်နယ်၏ ရေမြေသဘာဝအရ လယ်စပါးစိုက်ပျိုးနိုင်ခြင်းမရှိရာ ဒေသနှင့်ကိုက်ညီသည့် ကုန်းမြင့်လယ်ယာစပါး စိုက်ပျိုးမှုကို တဖြည်းဖြည်းချင်း တိုးချဲ့စီမံပေးလျက်ရှိကြောင်း။

ကူညီအားပေး

ထို့အတူပင် ချင်းပြည်နယ်၌ သီးနှံစုံစိုက်ပျိုးဖြစ်ထွန်းခြင်းမရှိသဖြင့် ရေမြေသဘာဝနှင့် ကိုက်ညီပြီး အဖြစ်ထွန်းနိုင်ဆုံးနှင့် အကျိုးအရှိဆုံးဖြစ်မည့် လက်ဖက်စိုက်ပျိုးရေးကို နိုင်ငံတော်အစိုးရက ပံ့ပိုးကူညီအားပေးဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

မွေးမြူရေးကဏ္ဍတွင်လည်း ဒေသနှင့် ကိုက်ညီပြီး စီးပွားရေးအဖြစ် ထွန်းနိုင်ဆုံးဖြစ်သည့် နွားနောက်မွေးမြူရေးဖြစ်ထွန်းစေရန် နိုင်ငံတော်အစိုးရက အားပေး ပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် ချင်းပြည်နယ်၌ နယ်စပ်ကုန်သွယ်ရေးတိုးတက်ဖြစ်ထွန်းစေရေအောင်လည်း နိုင်ငံတော်အစိုးရက စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အစိုးရက ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံကဏ္ဍစုံမှ ကူညီ ပံ့ပိုးအားပေးဆောင်ရွက်လျက်ရှိချိန်တွင် ချင်းပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးမှုများကို အခြေခံပြီး ရည်မှန်းချက်ပြည့်မြောက်အောင်မြင်အောင် လုံ့လဝီရိယထုတ် စေတနာရှေ့ထား ဆောင်ရွက်ကြရန် လိုကြောင်း။

ပြည်သူများ အပိုင်းကလည်း နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးမှု၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စေတနာရှေ့ထားစီမံဆောင်ရွက်မှုများအပေါ် အခြေခံပြီး မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်အောင်၊ မိမိတို့၏ စီးပွားရေးတိုးတက်စည်ပင်အောင် ဝီရိယစိုက်ထုတ်ပူးပေါင်း ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း။

နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးမှုအား၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စနစ်တကျ စီမံခန့်ခွဲမှုအား၊ ပြည်သူများ၏ ဝီရိယစိုက်ထုတ်မှုအား စသည့် အားသုံးအားတို့ညီညွတ်တက်ကြွစွာ ပေါင်းစည်းကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင် ချင်းပြည်နယ်ကြီးလည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ကြောင်း။

စည်းလုံးညီညွတ်ရေး

ချင်းပြည်နယ် အပါအဝင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသား လူမျိုးများ ပေါင်းစည်းနေထိုင်ရာ ပြည်ထောင်စုကြီးဖြစ်သည်နှင့်အညီတိုင်းရင်းသားစည်းလုံးညီညွတ်ရေးဖြစ်ထွန်းနေစေရန်လည်းလိုကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲခဲ့သဖြင့် ကိုလိုနီနယ်ချဲ့၏ ကျွန်ဘဝတွင် နှစ်ပေါင်းတစ်ရာကျော် နေထိုင်ခဲ့ရရာ တိုင်းပြည်တိုးတက်မှုမရှိသည့်အပြင် မိမိနိုင်ငံ၏ သယံဇာတ အဆီအနှစ်များ ထုတ်ယူသွားခြင်း သာခံခဲ့ကြရကြောင်း။

နိုင်ငံတော် လွတ်လပ်ရေးရပြန်တော့လည်း ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုမှုကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ရပြီး ပဋိပက္ခအဖုံဖုံဖြင့် တိုင်းပြည် မထူထောင်နိုင်သည့်အပြင် ဆုတ်ယုတ်မှုများဖြင့်သာ ကြုံတွေ့ခဲ့ရကြောင်း။

ပြည်လည်ထူထောင်

မိမိတို့တပ်မတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ ကြီးလေးလှသော တာဝန်ကြီးကို မယူမဖြစ်၍ ရယူခဲ့ရသည့်အခါတွင် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြန်လည်ဖြစ်ထွန်းအောင်၊ နိုင်ငံတော်ငြိမ်းချမ်းသာယာအောင် ကြိုးပမ်းဆောင်ရွက်ရင်း တစ်ချိန်တည်းမှာပင် အဘက်ဘက်က ခေတ်နောက်ကျနေခဲ့သော တိုင်းပြည်ကို ပြန်လည်ထူထောင်ရသည့် တာဝန်ကြီးကို ထမ်းရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အတွင်း လက်နက်ကိုင်ဆန့်ကျင်မှုများ ချုပ်ငြိမ်းပြီး တိုင်းပြည်ငြိမ်းချမ်းသာယာအောင် ကြိုးပမ်းဆောင်ရွက်ရာတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော်လည်းပြည်ပ ပယောဂများနှင့် လက်နက်ကိုင်ဆန့်ကျင်မှု အနည်းအကျဉ်း ကျန်ရှိနေသေး ခြင်းကြောင့် တည်ငြိမ်အေးချမ်းမှု နှောင့်နှေးခဲ့ရပြီး ဖွံ့ဖြိုးတိုးတက်မှုလည်း နှေးကွေးခဲ့ရကြောင်း။

ယခင် ပါလီမန်ခေတ်ကာလက စတင်၍ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲခဲ့ခြင်းကြောင့် ပြည်ထောင်စုကြီးအတွင်းပြဿနာပေါင်းစုံရင်ဆိုင်ခဲ့ရသည့် သင်ခန်းစာများလည်း ရှိထားပြီးဖြစ်ရာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြိုကွဲအောင်နည်းလမ်းပေါင်းစုံဖြင့် သွေးခွဲဖန်တီးနေသည့် ဘေးပယောဂများကို နားမယောင်ကြရန် လိုကြောင်း၊ ပြည်ထောင်စုကြီး ချည့်နဲ့ပြိုကွဲရေးအတွက် မကောင်းသည့် ရည်ရွယ်ချက်ဖြင့် သွေးခွဲသပ်လျှိုနေသည်ကို တိုင်းရင်းသားများအားလုံးက အရင်းခံအတိုင်း နားလည် သဘောပေါက်ကြရန် လိုကြောင်း။

သွေးချင်းသားရင်း မဟုတ်သူများကို အားကိုးလျှင်သူ့ကျွန်ဘဝ ပြန်ရောက်ဖို့ ဖြစ်သလို သွယ်ဝိုက်သောအားဖြင့် သြဇာလွှမ်းမိုးမှုအောက်ရောက်ရှိသွားလျှင်လည်း သူ့ကျွန်ဘဝရောက်သည်နှင့်အတူတူပင်ဖြစ်ကြောင်း။

ဘေးပယောဂ

သို့ဖြစ်၍ ပြည်ထောင်စုဖွား တိုင်းရင်းသားများ အားလုံးက ဘေးပယောဂ ပူးကပ် သွေးခွဲမှုများကို သိမြင်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေး မူဝါဒကို အခြေခံလျက် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်အောင်၊ တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဖလမ်းမြို့ အမှတ်(၁)နှင့်အမှတ်(၂)အခြေခံပညာ

စာမျက်နှာ ၈ ကော်လံ ၁ သို့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နိုဝင်ဘာ ၂၅ ရက်တွင် ချင်းပြည်နယ်ဟားခါးမြို့ မြို့တော်ခန်းမ၌ ဟားခါးမြို့ အမှတ်(၁) အခြေခံပညာ အ ထက် တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံ၊ ရုပ်မြင်သံကြားစက်နှင့်ဗီဒီယိုပြစက်တစ်စုံ၊အင်ဗာတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအားပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နိုဝင်ဘာ ၂၅ ရက်တွင် ချင်းပြည်နယ် ဖလမ်းမြို့ အထူးကုဆေးရုံကြီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နိုဝင်ဘာ ၂၅ ရက်တွင် ချင်းပြည်နယ် ဟားခါးမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး တိုးချဲ့အဆောက်အအုံဆောက်လုပ်ရန် မြေနေရာကို ရွေးချယ်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

အထက်တန်းကျောင်းများအတွက် ကွန်ပျူတာတစ်စုံ၊ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုပြစက်တစ်စုံနှင့် အင်ဗာတာတစ်စုံတို့ကိုသက်ဆိုင်ရာကျောင်းအုပ်ကြီးများအားလည်းကောင်း၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအားလည်းကောင်း ပေးအပ်သည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ခရိုင်နှင့်မြို့နယ်မှ တာဝန်ရှိသူများ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့်စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ပြုပြင်မွမ်းမံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဖလမ်းမြို့ အထူးကုဆေးရုံကြီးသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာအုန်းလွင်နှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြပြီး ဆေးရုံအုပ်ကြီးက အမျိုးသမီး ခွဲစိတ်ကုသဆောင်၊ သားဖွားမီးယပ်ဆောင်၊ ခွဲစိတ်ခန်း၊ အမျိုးသားခွဲစိတ်ကုသဆောင်တို့ကို လိုက်လံရှင်းလင်းပြသရာ ဆေးရုံကြီးအား အပိုင်းလိုက် ပြုပြင်မွမ်းမံသွားရေးအတွက် မှာကြားသည်။

ထိုမှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ထန်တလန်မြို့သို့ ရောက်ရှိကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့်ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်သူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ရှုရပ်မှလက်ဖက်စိုက်ခင်းများကို ကြည့်ရှုကြသည်။

ရပ်မိရပ်ဖတွေ့ဆုံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ထန်တလန်မြို့ မြို့နယ်ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံသည်။

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းလူတင်က မြို့နယ်၏တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ စိုက်ပျိုးဧကနှင့်စိုက်ပျိုးသီးနှံအမျိုးအစား၊နွားနောက်မွေးမြူမှု၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ ရေပေးဝေရေး၊ မြို့တွင်းလမ်းများအဆင့်မြှင့်ရေးလုပ်ငန်းများအပါအဝင်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့်လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားရာတွင် ထန်တလန်မြို့နယ်သည် ချင်းပြည်နယ်အတွင်းရှိ အခြားသောဒေသများနှင့် နှိုင်းစာလျှင် မြေအနေအထား၊ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် မြေအနေအထား ပိုမိုကောင်းမွန်သည့် အလျောက် ဖွံ့ဖြိုးတိုးတက်မှု အခြေခံနှင့် အလားအလာကောင်းများ များစွာရှိနေသည်ကို တွေ့ရကြောင်း။

လမ်းပန်းဆက်သွယ်ရေးအပိုင်းတွင်လည်း အခြားသောဒေသများထက် ပိုမိုကောင်းမွန်ပြီး ထန်တလန်-ဟားခါး၊ ဟားခါး-ဂန့်ဂေါမှ တစ်ဆင့် အခြား ပြည်နယ်၊တိုင်းများသို့ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့နေသည်ကို တွေ့ရကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နိုဝင်ဘာ ၂၅ ရက်တွင် ချင်းပြည်နယ် ဖလမ်းမြို့ သူနာပြုသင်တန်းကျောင်း သဇင်ဆောင်ခန်းမ၌ ဖလမ်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံ၊ ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုပြစက်တစ်စုံနှင့် အင်ဗာတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအားပေးအပ်စဉ်။ (သတင်းစဉ်)

ထို့အပြင် ထန်တလန်မြို့နယ်သည် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းပေါ်တွင်ရှိသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းများလည်း ရှိနေကြောင်း။

ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် ထန်တလန်မြို့နယ် ဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးတိုးတက်စေရအောင် တက်ညီလက်ညီ ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရန် လိုအပ်မှာဖြစ်ကြောင်း။

ဒေသတွင်း ဝမ်းစာဖူလုံရေးအဖြစ် နိုင်ငံတော်အစိုးရက အားပေးပံ့ပိုးနေသည့်လက်ဖက်စိုက်ပျိုးရေး၊နွားနောက်မွေးမြူရေးလုပ်ငန်းများကိုလည်း စီးပွားဖြစ် တိုးချဲ့ဆောင်ရွက်သွားကြရန် လိုကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေး

နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအကျဆုံးဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်ရေးအတွက်လည်း နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း။

သို့ဖြစ်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် နိုင်ငံတော်က ချမှတ်ပေးသည့် အစီအမံများနှင့် ကူညီပံ့ပိုးမှုများကို ထိရောက်မှန်ကန်စွာ သုံးစွဲပြီး လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းအောင် စေတနာရှေ့ထားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

အထူးသဖြင့် ပြည်နယ်ဒေသ၊ နယ်စပ်ဒေသများတွင် တာဝန်ထမ်းဆောင်ကြရသည့် ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ကျရာ ဒေသဖွံ့ဖြိုးတိုးတက်အောင်၊ စီးပွားရေးကောင်းမွန်အောင်၊ ပြည်သူများလူနေမှုဘဝ အဆင့်အတန်းမြင့်မားအောင် သူ့တာကိုယ့်တာ မခွဲခြားဘဲ တူညီသောရည်မှန်းချက်ဖြင့် တက်ညီလက်ညီ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံတော်အစိုးရ၏ စနစ်တကျစီမံခန့်ခွဲမှု အားပေးကူညီမှု၊ ဒေသဆိုင်ရာ ဝန်ထမ်းများ၏ စေတနာရှေ့ထား အကောင်အထည်ဖော်ဆောင်ရွက်မှုတို့တွင် မိဘပြည်သူများ ရပ်မိရပ်ဖများကလည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့တွင်လည်း တာဝန်ရှိသည်ဆိုသည့် စိတ်ဓာတ်ဖြင့် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း။

ယင်းသို့သော အသိတရားနှင့် စိတ်ဓာတ်ကိုမွေးမြူပြီး မိမိပြည်နယ်နှင့်တကွ ပြည်ထောင်စုကြီးတစ်ရပ်လုံးဖွံ့ဖြိုးတိုးတက်အောင် ဝီရိယစိုက်ထုတ်ကြိုးပမ်းဆောင်ရွက်ရင်းပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲအောင်တိုင်းရင်းသားစည်းလုံးညီညွတ်မှုတိုးပွားခိုင်မာအောင် ထိန်းသိမ်းကာကွယ်မြှင့်တင်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ထန်တလန်မြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံ၊ ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်တစ်စုံ၊ အင်ဗာတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာကြီးဦးထနော့အားလည်းကောင်း၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအားလည်းကောင်း ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ထန်တလန်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများကကြိုဆိုကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် Language Lab၊ Computer Aided Instruction Room နှင့် Computer Skills Room တို့ကို လှည့်လည်ပြီး ကျောင်းသားကျောင်းသူများ၏ သင်ကြားလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများအားတွေ့ဆုံ၍ တက္ကသိုလ်ဝင် စာမေးပွဲတွင် အောင်ချက်ရာခိုင်နှုန်းမြင့်မားရေး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ထန်တလန်မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာမျိုးသန်းထွန်းနှင့် ဆရာမများက ကြိုဆိုကြသည်။ ဆက်လက်၍ လူနာဆောင်၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ ဓာတ်ခွဲခန်း၊ ကာကွယ်ဆေး ထားသိုသည့်အအေးခန်းနှင့် ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအင်္ဂါရပ်နှင့် ညီညွတ်ရေး၊ ဆေးဝါးများပြည့်စုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှု စနစ်တကျဖြစ်ရေးတို့မှာကြားသည်။

ဟားခါးသို့ရောက်ရှိ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့သို့ ရောက်ရှိကြရာ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ယဉ်ကျေးမှု အဖွဲ့များနှင့် တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဟားခါးမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့များ၊ ရပ်မိရပ်ဖများ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ဟားခါးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ

ချင်းပြည်နယ် ဟားခါးမြို့ရှိ ပြည်သူ့ဆေးရုံ ပြင်ပလူနာဌာနကို တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

*** ရှေ့ဖုံးမှ**

- ✡ နွားနောက်မွေးမြူရေးလုပ်ငန်းမှာလည်း ချင်းပြည်နယ်နှင့် ကိုက်ညီပြီး အောင်မြင်ဖြစ်ထွန်းနိုင်သည့် လုပ်ငန်းဖြစ်ရာ လိုအပ်သော ငွေအရင်းအနှီး ရရှိစေရေးအတွက်နိုင်ငံတော်က ချေးငွေများထုတ်ပေးပြီး အားပေးဆောင်ရွက်လျက်ရှိ။
- ✡ အိမ်နီးချင်းနိုင်ငံတွင် ဈေးကွက်ရှိသော အခြားမွေးမြူရေး လုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရေး မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနက စီမံဆောင်ရွက်ပေးထားပြီးဖြစ်။
- ✡ ချင်းပြည်နယ်၏ရေမြေသဘာဝအရ ဒေသနှင့်ကိုက်ညီသည့် ကုန်းမြင့် လယ်ယာစပါးစိုက်ပျိုးမှုကို တဖြည်းဖြည်းချင်းတိုးချဲ့ စီမံပေးလျက်ရှိ။
- ✡ ချင်းပြည်နယ်၌ နယ်စပ်ကုန်သွယ်ရေး တိုးတက်ဖြစ်ထွန်းစေရေး အောင် နိုင်ငံတော်က စနစ်တကျစီမံဆောင်ရွက်ပေးလျက်ရှိ။

ဥက္ကဋ္ဌ ဦးခွန်လှေတန်က မြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ သီးနှံစိုက်ဧကနှင့် သီးနှံစိုက်ပျိုးမှု အခြေအနေ၊ မြို့နယ်၏ လက်ဖက်စိုက်ဧကနှင့် တိုးချဲ့စိုက်ပျိုးရန်ဆောင်ရွက်နေမှု၊ နွားနောက်မွေးမြူမှု အခြေအနေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှက ဒေသဝမ်းစာဖူလုံရန် သီးထပ်၊ သီးညှပ်စိုက်ပျိုးမှု၊ စိုက်ပျိုးမြေတိုးချဲ့မှု၊ အထွက်တိုးစပါးစိုက်ပျိုးရန်ဆောင်ရွက်နေမှု၊ လက်ရှိပြည်နယ်အတွင်း လက်ဖက်စိုက်ပျိုးမှု၊ ၂၀၀၆ ခုနှစ်တွင် လက်ဖက်ဧက ၁၀၀၀၀ရှိရန် စီစဉ်ဆောင်ရွက်နေမှု၊ မြို့နယ်အလိုက် လက်ဖက်မျိုးစေ့ဖြန့်ဖြူးပေးမှု၊ နွားနောက်မွေးမြူမှု အခြေအနေနှင့် တိုးချဲ့မွေးမြူရန် ဆောင်ရွက်နေမှု၊ ပြည်နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်ဓာတ်အားတိုးမြှင့်ရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရပ်မိရပ်ဖ ဦးရှန်အုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြသည့် လုပ်ငန်းလိုအပ်ချက်များဖြစ်သောလမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်ဓာတ်အားတိုးမြှင့်ရရှိရေး၊ ဆက်သွယ်ရေးစနစ် ကောင်းမွန်ရေးတို့နှင့်ပတ်သက်၍ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင်ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန် ဤချင်းပြည်နယ်ခရီးစဉ်ကို သီးသန့်စီစဉ်ပြီးလာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

ယမန်နေ့က တွန်းဇံ၊ ကျီခါး၊ ရီခေါ်ဒါရ်၊ တီးတိန်မြို့များသို့ ရောက်ရှိခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ဖလမ်း၊ ထန်တလန်မြို့များသို့ ရောက်ရှိကာ ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များ၊ ဒေသခံပြည်သူများတင်ပြသည့် လိုအပ်ချက်များအားလုံးလိုလိုကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

အထူးသဖြင့် လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်စွမ်းအားလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်နယ်နှင့်တိုင်း ဒေသများအားလုံး ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကျဉ်းမြောင်းပပျောက်ပြီးမျှမျှတတဖွံ့ဖြိုးတိုးတက်စေရအောင်စီမံဆောင်ရွက်ပေးနေကြောင်း။

အကွက်ချတည်ဆောက်ပေး

သို့ဖြစ်၍ နိုင်ငံတော်အစိုးရ အနေဖြင့် တစ်နိုင်ငံလုံးဖြန့်ကြက်ပြီး ဒေသလိုအပ်ချက်များနှင့်အညီ လမ်းမကြီးများ၊တံတားကြီးများ၊ ဆည်မြောင်းတာတမံကြီးများ၊တက္ကသိုလ်၊ကောလိပ်နှင့်ဆေးရုံများစသည့် စီးပွားရေး၊ပညာရေး၊ ကျန်းမာရေး၊လူမှုရေး အခြေခံ အဆောက်အအုံများကို နယ်မြေဒေသကွက်လပ်မကျန်စေရအောင် အကွက်ချတည်ဆောက်ပေးလျက်ရှိနေကြောင်း။

ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း နိုင်ငံတော်အစိုးရက အလေးထားကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ လောလောဆယ်တွင် လုံလောက်ပြည့်စုံမှုမရှိသေးသော်လည်း တဖြည်းဖြည်းချင်း ပြည်ထောင်စုကြီး၏ အခြားသော ဒေသများနှင့်ဟန်ချက်ညီညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးတွင် ငွေကုန်ကြေးကျအများဆုံးဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို နိုင်ငံတော်က အလေးထားဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း။

လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ဒေသတိုးတက်ဖွံ့ဖြိုးမှု၊ဒေသ၏စီးပွားရေး တိုးတက်ဖြစ်ထွန်းမှုနှင့် ဒေသတွင်းလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုတို့သည် တစ်ဆက်တည်းဖြစ်ထွန်းလာမှုဖြစ်ကြောင်း၊ ယင်းသို့ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ဆင့်ကဲဆင့်ကဲဖြစ်ထွန်းလာစေရေး အတွက် ဒေသခံပြည်သူများကလည်း ဝီရိယစိုက်ထုတ်ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

ပြည်သူအများတက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြသည်နှင့်အမျှ နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးမှု၊ ဌာနဆိုင်ရာဝန်ထမ်းများ၏ စနစ်တကျစီမံဆောင်ရွက်ပေးမှုများပေါင်းစည်းပြီး ချင်းပြည်နယ်ကြီးသည်လည်း ပြည်ထောင်စုကြီး၏ အခြားသော နယ်မြေဒေသများနှင့် ဟန်ချက်ညီညီမျှမျှတတ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

တည်တံ့ခိုင်မြဲ

ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကျဉ်းမြောင်းပပျောက်ပြီး မျှတစွာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတိုးပွားခိုင်မြဲပြီး ပြည်ထောင်စုကြီးလည်း အစဉ်ထာဝရ တည်တံ့ခိုင်မြဲမှာဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အတွင်းတိုင်းရင်းသားညီအစ်ကိုမောင်နှမသွေးချင်းများအားလုံးသည် နှစ်ပေါင်း ထောင်ချီလျက် ဥမကွဲသိုက်မပျက်စည်းစည်းလုံးလုံးညီညီညွတ်ညွတ် ပေါင်းစည်းယှက်နွှယ်နေထိုင်လာခဲ့ကြသည့် အစဉ်အလာရှိရာ ဘေးပယောဂပုဆိန်ရိုးယုက်မှုကို နားယောင်ခြင်းမရှိဘဲ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝရခိုင်မြဲနေအောင် ပြည်ထောင်စု စိတ်ဓာတ် မွေးရန် လိုကြောင်း။

ချင်းပြည်နယ် ဖလမ်းမြို့တွင် တည်ဆောက်ထားသည့် မိုက္ကရိုဝေ့ဗ် ဆက်သွယ်ရေးစခန်း။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

သို့ဖြစ်၍ဘေးပယောဂပုဆိန်သွေးခွဲမှုများကို နားမယောင်ဘဲ "မည်သူခွဲခွဲဒို့မကွဲ၊ အမြဲစည်းလုံးမည်"ဆိုသည့် စိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့်ပြည်ထောင်စုစိတ်ဓာတ်တို့ ခိုင်ခိုင်မြဲမြဲ စွဲကိုင်ပြီး ပြည်ထောင်စုကြီး အစဉ်ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်စွာ လက်တွဲ ကာကွယ်စောင့်ရှောက်သွားကြရန်လိုကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရက ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်ခုနစ်ရပ်သည် အနာဂတ်ကာလတိုင် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးကို စွမ်းဆောင်ပေးနိုင်မည့် ခိုင်မာသော အစိုးရတစ်ရပ်ဖြစ်ထွန်းလာရေးအတွက် ချမှတ်ထားသည့် လမ်းစဉ်ပင်ဖြစ်ကြောင်း။

ပျော့ညံ့ပြီးသူတစ်ပါးသြဇာနာခံမည့် အစိုးရဖြစ်ပေါ်လာပါက ပြည်ထောင်စုကြီး ချည့်နဲ့ပြိုကွဲမည်မှာ သေချာကြောင်း၊ ယင်းသို့ပြည်ထောင်စုကြီး ပြိုကွဲရသည့် ဖြစ်ရပ်မျိုး ဖြစ်ပေါ်မလာစေရအောင် သူတစ်ပါးသြဇာ ပေး၊ စွက်ဖက်မှုကိုကြံ့ကြံ့ခံတွန်းလှန်နိုင်သည့် ခိုင်မာသောအစိုးရ တစ်ရပ်ပေါ်ထွန်းလာရေးအတွက် ချမှတ်ထားသော မူဝါဒလုပ်ငန်းခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ပေါ်ဖြစ်ထွန်းလာအောင် တိုင်းရင်းသားပြည်သူများအပိုင်းကလည်း တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုကြောင်း။

သမိုင်းအစဉ်အဆက် ပိုင်ဆိုင်တည်တံ့လာခဲ့သည့် နိုင်ငံတော်လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရအောင်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတိုးပွားခိုင်မာစေရအောင်၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲစေရအောင် တိုင်းရင်းသားပြည်သူများအားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန် ပြောကြားသည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နိုဝင်ဘာ ၂၆ ရက်တွင် ညောင်ဦးမြို့ ရွှေစည်းခုံ စေတီတော်အား ဖူးမြော်ကြည်ညိုပြီး စေတီတော်အတွက် အလှူငွေပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နိုဝင်ဘာ ၂၅ ရက်တွင် ချင်းပြည်နယ် ထန်တလန်မြို့ မြို့နယ်ခန်းမ၌ ထန်တလန်မြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံ၊ ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်တစ်စုံ၊ အင်ဗာတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

ပေးအပ်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဟားခါးမြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများ အတွက် ကွန်ပျူတာတစ်စုံ၊ ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုပြစက်တစ်စုံ၊ အင်ဗာတာတစ်စုံတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား လည်းကောင်း၊ဒေသခံ ပြည်သူများအတွက် အဝတ်အထည်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား လည်းကောင်း၊ ဟားခါးမြို့ လူမှုဝန်ထမ်းမူကြိုကျောင်းအတွက် လက်ဆောင်ပစ္စည်းများကိုလူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးချန်ပဲအားလည်းကောင်းပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား လိုင်မျိုးနွယ်စု ခေါင်းဆောင် ဦးရှန်အုပ်က ချင်းတိုင်းရင်းသား လိုင်မျိုးနွယ်စုများ ပွဲလမ်းသဘင်အောင်ပွဲ အခမ်းအနားများတွင် မျိုးနွယ်စုခေါင်းဆောင်များ အသက်အရွယ်ဂုဏ်၊ မျိုးနွယ်ဂုဏ်ရှိသူများကိုသာ အလေးအမြတ်လွှမ်းခြုံပေးသော ဂျွန်လိုပွါန်စောင်ကို လွှမ်းခြုံပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ ပြည်နယ် ပြည်သူ့ ဆေးရုံကြီးသို့ ရောက်ရှိကြရာ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်း၊ ဆေးရုံအုပ်ကြီးဒေါက်တာဒေါ်တင်ညိုနှင့်အထူးကုဆရာဝန်ကြီးများ၊ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဟားခါးမြို့ ပြည်နယ်ဆေးရုံကြီး တိုးချဲ့အဆောက်အအုံဆောက်လုပ်ရန်မြေနေရာရွေးချယ်ပေးသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ရေဇွာမြို့သို့ ရောက်ရှိကြရာ စစ်ဗျူဟာမှူးဗိုလ်မှူးကြီးဆန်းအောင်၊ မတူပီမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံ ပြည်သူများက ကြိုဆိုကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရေဇွာမြို့ အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်း သားများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မတူပီမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညွန့်စိုးက မြို့နယ်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်အတွက် လမ်းတံတားလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ပညာရေး၊ကျန်းမာရေးလုပ်ငန်းများအပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များပြည့်မြောက်အောင်မြင်ရေး အတွက် ဌာနဆိုင်ရာများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရန်မှာကြားသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရေဇွာမြို့ အခြေခံပညာ အထက်တန်းကျောင်း အတွက် ကွန်ပျူတာတစ်စုံ၊ ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်တစ်စုံ၊ အင်ဗာတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာကြီး ဦးခိုင်ခေါကျင့်အား လည်းကောင်း၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များကိုမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌအားလည်းကောင်း ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သို့ ဒေသခံတိုင်းရင်းသားများက ဂါရဝပြု လက်ဆောင်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ရေဇွာမြို့ တိုက်နယ်ဆေးရုံသို့ ရောက်ရှိကြပြီး တာဝန်ခံ ဆရာဝန်ဒေါက်တာခင်ကျော်ညိုနှင့် ဆရာမများအား နှုတ်ဆက်ကြသည်။ ဆေးရုံတိုးချဲ့ဆောင် တည်ဆောက်ရေးအတွက်လည်း လမ်းညွှန်မှာကြားခဲ့သည်။

ထိုမှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပုဂံသို့ ရောက်ရှိကြသည်။

ဖူးမြော်ကြည်ညို

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် စေတီတော်အား လက်ယာရစ်လှည့်လည်ပူဇော်ကြည်ညိုကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေစည်းခုံစေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ပုဂံမြို့ ဓမ္မရာဇကစေတီတော်သို့ရောက်ရှိကြပြီး ရှေးဦးစွာ စေတီတော်အားလက်ယာရစ်လှည့်လည်ပူဇော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဓမ္မရာဇကစေတီတော် အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။ ထိုမှတစ်ဆင့် ပုဂံမြို့ ညော်ရိုပ်သာသို့ရောက်ရှိရပ်နားကြသည်။

နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ပုဂံမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းဆင်း

ရန်ကုန် နိုဝင်ဘာ ၂၇

နိုင်ငံခြားရေး ဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်း အမှတ်စဉ်(၉/၂၀၀၃)ဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာ ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ဝန်ကြီး ဦးဝင်းအောင်က သင်တန်းဆင်းအမှာစကား ပြောကြားပြီးသင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များ ချီးမြှင့်သည်။

(သတင်းစဉ်)

သားငါးပွံ့ဖြိုး ပြည်အကျိုး

နယ်စပ်မှတ်တမ်း

[ကချင်အထူးဒေသ(၁)၊ ကချင်အထူးဒေသ(၂)]

မြင့်စိုး (နတလ)

မြန်မာပြည်မြောက်ဖျားဆီက သွေးချင်းများ

– ဗကပ(၁၀၁)စစ်ဒေသ၊ NDA၊ ကချင်အထူးဒေသ(၁)၊ ပန်ဝါ

– ကေအိုင်အို၊ ကချင်အထူးဒေသ(၂)၊ လိုင်စင်

ဤအမည်ကလေးများသည် သူတို့၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးပါးနှင့် ဆက်စပ်နေသည်။ သူတို့၏ ဝတ်စားဆင်ယင်မှုနှင့် ဘာသာစကား ကွဲပြားကောင်း ကွဲပြားမည်။ သူတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ အနည်းငယ်ခြားနားကောင်း ခြားနားမည်။ သူတို့၏ လူမျိုးစုအမည်နှင့် နေထိုင်ရာဒေသများမှာလည်း တူညီချင်မှ တူညီမည်။ သို့သော် ခြွင်းချက်မရှိ လက်ခံရမည်မှာ သူတို့အားလုံး ကချင်တိုင်းရင်းသားများဖြစ်ကြသည် ဆိုခြင်းကိုပင် အကြောင်းဆက်နွှယ်၍ ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မလိခရိပ်သာ မြက်ခင်းပြင်တွင် ကျင်းပသော ကချင်ရိုးရာ အင်လုံအင်နန် ကောက်သစ်ညစာစားပွဲ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မိန့်ကြားသွားခဲ့သည့် အောက်ပါအမှာစကားများကို ပြက်ပြက်ထင်ထင် အမှတ်ရမိသည်။

- **ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မြန်မာလူမျိုးများရယ်ဟု ပေါင်းစပ်ဖြစ်တည်နေသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားမျိုးနွယ်စုများသည် ပြည်ထောင်စုကြီးအတွင်း နှစ်ပေါင်း ထောင်ချီသော သမိုင်းစဉ်တစ်လျှောက် အေးအတူပူအမျှ ပေါင်းစည်းယှက်နွှယ် မှီတင်းနေထိုင်ခဲ့ကြသည့်အလျောက် တစ်အူထုံ့ဆင်း ညီနောင်ရင်းများကဲ့သို့ ကံကြမ္မာချင်းသည်လည်း ခွဲခြား၍ မရနိုင်အောင် ဆက်စပ်ရောယှက်လျက်ရှိသည်ဟု ယုံကြည်ထားပြီးဖြစ်ကြောင်း။**
- **ဂျိမ်းဖော၊ မရူ၊ ရဝမ်၊ လီဆူ၊ လာချိတ်၊ အဇီးဆိုသည့် ကချင်တိုင်းရင်းနွယ်ဖွားထဲမှ လူမျိုးစုတစ်ခုခုကို ဖယ်ထုတ်မည် စဉ်းစားလိုက်လျှင် ကချင်လူမျိုးဆိုသည့် ဝေါဟာရသည် အဓိပ္ပာယ်ပြည့်စုံမှာမဟုတ်တော့သကဲ့သို့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဆိုသည့် တိုင်းရင်းသားမျိုးနွယ်စု တစ်ခုခု၏ အကျိုးစီးပွားကို နစ်နာအောင်လုပ်လျှင် ပြည်ထောင်စုကြီးအတွက် အကျိုးစီးပွား ဆုတ်ယုတ်မည်၊ မြန်မာတစ်မျိုးသားလုံးအတွက် အကျိုးစီးပွား ထိခိုက်စေမည်ဖြစ်ကြောင်း။**

ဗကပ(၁၀၁)စစ်ဒေသမှ ကချင်အထူးဒေသ(၁)သို့

ဦးစခုန်တိန့်ယိန်း ခေါင်းဆောင်သော အဖွဲ့သည် ၁၉၆၉ ခုနှစ်တွင် ကေအိုင်အေတပ်မဟာ(၂)နှင့် သဘောထားကွဲလွဲကာ ခွဲထွက်ခဲ့ကြသည်။ ကေအိုင်အေအခက်၊ ဗကပ အချက် ဖြစ်သွားခဲ့၏။ ရိက္ခာ၊ ကောက်စား၊ သွေးထိုး၊ သပ်လျှိုလုပ်တတ်သော ဗကပ၏ ဥာဉ်အတိုင်း ဦးစခုန်တိန့်ယိန်း၏အဖွဲ့အား စည်းရုံးသိမ်းသွင်း လက်နက်တပ်ဆင်ပေးကာ ဗကပ တပ်ရင်း(၁၀၁)အဖြစ် ဖွဲ့စည်းလိုက်သည်။ ၁၉၇၉ ခုနှစ် ဩဂုတ်လမှစတင်၍ ဗကပတပ်ရင်း(၁၀၁)ကို ဗကပ (၁၀၁)စစ်ဒေသအဖြစ် ပြောင်းလဲဖွဲ့စည်းပြီး ကန်ပိုက်တီးဒေသတစ်ဝိုက် အခြေပြု လှုပ်ရှားစေခဲ့သည်။

ဗကပနှင့်ဆက်နွှယ်ခဲ့သော ဤအကျိုးဆက်က ၁၉၈၉ ခုနှစ် ငြိမ်းချမ်းရေးတည်ဆောက်ချိန်၌ အဖုအထစ်များ ဖြစ်ပေါ်စေခဲ့သည်။ ကိုးကန့်၊ 'ဝ'၊ ရှမ်း၊ အခါ တိုင်းရင်းသားများ ခွဲထွက်တော်လှန်မှုကြောင့် ပြိုကွဲသွားသော ဗကပ ဗဟိုသည် ပန်ဝါ၊ ကန်ပိုက်တီးဒေသ၌ လာရောက်ခိုအောင်းသည်။ ဗကပ နိုင်ငံရေးဦးဆောင်မှုအဖွဲ့တွင် ဦးစခုန်တိန့်ယိန်းကို နေရာပေး၍ ပန်ဝါဒေသအား ဗကပ ဗဟိုနယ်မြေအဖြစ် သတ်မှတ်လှုပ်ရှားရန် ကြံရွယ်ခဲ့ကြသည်။ လက်မခံခဲ့ပေ။

ပြောင်းလဲသွားပြီဖြစ်သော အခြေအနေ အချိန်အခါနှင့် လျော်ညီစွာ ၁၉၈၉ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် တပ်ဖွဲ့တွင်း ညှိနှိုင်းဆွေးနွေးပြီးနောက် ဗကပ ဗဟိုအား အဆက်အသွယ်ဖြတ်တောက်ရန်၊ ဗကပ၏ အခြေခံနိုင်ငံရေးလမ်းစဉ်ဖြစ်သော စစ်အောင်နိုင်ရေး၊ အာဏာသိမ်းရေးလမ်းစဉ်ကို စွန့်လွှတ်ရန်၊ ကိုးကန့်၊ 'ဝ'၊ ရှမ်း၊ အခါ တိုင်းရင်းသားများကဲ့သို့ နိုင်ငံတော်အစိုးရနှင့် ဆက်သွယ်၍ ငြိမ်းချမ်းရေးတည်ဆောက်ရယူရန် ဆုံးဖြတ်ခဲ့ကြသည်။ ယင်းဆုံးဖြတ်ချက်အရ ဗကပ (၁၀၁)စစ်ဒေသ၊ တပ်ရင်း(၁၀၁)ကို NDAဟု ပြောင်းလဲ ခေါ်ဝေါ်ကြ၏။ ဆက်လက်၍ NDAနယ်မြေအတွင်း ရောက်ရှိနေကြသော ဗကပလက်ကျန်များ၊ DPA၊ ABSDF အဖွဲ့များကို ရှင်းထုတ်သည်။

တပ်မတော်အစိုးရ ကိုယ်စားလှယ်များ၊ တပ်မတော်ထောက်လှမ်းရေးမှ တာဝန်ရှိသူများနှင့် အဆင့်ဆင့်သော တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်အပြီး NDA အဖွဲ့သည် ၁၉၈၉ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်နေ့၌ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြသည်။ နိုင်ငံတော်အစိုးရကလည်း ဆဒုံး–ကန်ပိုက်တီးလမ်း၊ နဇွန်ဘော်–လောခေါင်လမ်း၊ မြစ်ကြီးနား–ကန်ပိုက်တီးလမ်း၊ မြစ်ကြီးနား–ဝိုင်းမော်–ချီဖွေ–လောခေါင်–နဇွန်ဘော်–ဖီမော်လမ်း၊ ချီဖွေ–ပန်ဝါလမ်းများကို ပြုပြင်ဖောက်လုပ်ပေးခဲ့သည်။ ဝိုင်းမော်၊ ချီဖွေ၊ ဆော့လော်မြို့နယ်များအတွင်း ပြန့်ကျဲနေသော ကျေးရွာဟောင်းများကို စုစည်း၍ ရွာသစ် ၁၄ ရွာ တည်ပေးခဲ့သည်။ ဆက်လက်၍ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးပေးခန်းများ ဖွင့်လှစ်ခဲ့သည်။

ကချင်အထူးဒေသ(၁)အတွင်း နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများအနေဖြင့် တံတားကြီးနှစ်ခု၊ တံတားငယ်သုံးခု၊ ကြိုးတံတားရှစ်ခု တည်ဆောက်ပေးခဲ့သည်။ ပန်ဝါတွင် အထကကျောင်း၊ နဇွန်ဘော်၊ ကန်ပိုက်တီး၊ ဝေါခြိုတို့တွင် အလကကျောင်းများ ဖွင့်ထားပြီး အမက ၃၃ ကျောင်း ဖွင့်ပေးခဲ့သည်။ နဇွန်ဘော်၊ ချီဖွေ၊ ဆော့လော်၊ ဆဒုံးတို့တွင် ဆေးရုံများဖွင့်လှစ်ပေးပြီး ဆေးပေးခန်း ၁၃ ခု ရှိသည်။ စိုက်ပျိုးရေးရုံ နှစ်ရုံ၊ စိုက်ပျိုးရေးစခန်း လေးခု၊ စာတိုက် နှစ်ခု၊ ကြေးနန်းရုံ လေးရုံ၊ တယ်လီဖုန်းလုပ်ငန်း လေးခု ဖွင့်ပေးခဲ့သည်။ ချီဖွေ၊ ကန်ပိုက်တီး၊ ဆော့လော်၊ ဆဒုံးနှင့် ပန်ဝါတို့တွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက် ထုတ်လွှင့်ပြသပေးခဲ့သည်။ အတိတ်ကာလက ပန်ဝါကျေးရွာငယ်၊ ယခု မြို့ပြစည်ပင်မှု တစ်နှစ်ထက်တစ်နှစ် ဖွံ့ဖြိုးတိုးတက်နေသော ပန်ဝါမြို့ဖြစ်ခဲ့ပြီ။

ကချင်အထူးဒေသ(၂)

NDA အဖွဲ့ ငြိမ်းချမ်းရေး တည်ဆောက်နေချိန်အတွင်းမှာပင် ဦးစခုန်တိန့်ယိန်း၏ ဆုံးဖြတ်ချက်မှန်ကန်ကြောင်း ကေအိုင်အိုအနေဖြင့် လက်ခံထားပြီး ဖြစ်သည်။ ဤသည်မှာ ကချင်ပြည်နယ်ကြီးတစ်ခုလုံး အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေး တည်ဆောက်ရယူရန်မှတစ်ပါး အခြားမရှိဆိုသည်ကို ကချင်တိုင်းရင်းသားအားလုံးက စွဲမြဲစွာ ယုံကြည်လက်ခံသည့် သဘောပင်။ ကေအိုင်အိုအဖွဲ့နှင့် ၁၉၆၃ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် တစ်ကြိမ်၊ ၁၉၈၀ ပြည့်နှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရလက်ထက်တွင် တစ်ကြိမ် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ဖူးသည်။ အောင်မြင်မှု မရခဲ့ပေ။

လက်ရှိတပ်မတော်အစိုးရလက်ထက် ငြိမ်းချမ်းရေးအတွက် ဆက်သွယ်ဆောင်ရွက်မှုများကို ၁၉၉၀ ပြည့်နှစ် နှစ်ဦးပိုင်းတွင် စတင်ခဲ့သည်။ ငြိမ်းချမ်းရေးရယူ တည်ဆောက်ရာ၌ နိုင်ငံတော်အစိုးရ၏ သဘောထားကြီးမှု၊ စိတ်ရှည်သည်းခံမှု၊ အပြန်အလှန် စာနာနားလည်မှုတို့ကို ထင်ရှားသိစေသော ဖြစ်စဉ်သာဓကများစွာ ရှိလေရာ ကေအိုင်အိုနှင့် တွေ့ဆုံဆွေးနွေးမှုသည် တစ်ခုအပါအဝင်ဖြစ်သည်။ တစ်နည်းအားဖြင့် ငြိမ်းချမ်းရေး၏ သိမ်မွေ့၊ နက်နဲ၊ ခက်ခဲမှုတို့ ပြွမ်းတီးနေသော သင်္ဘောန်များ။

၁၉၉၀ ပြည့်နှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် ကြူကုတ်(ပန်ဆိုင်း)၌ ပဏာမတွေ့ဆုံအပြီး လားရှိုးမြို့၌ ၁၉၉၂ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် ပထမအကြိမ်၊ မြစ်ကြီးနားမြို့၌ ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ဒုတိယအကြိမ်၊ ၁၉၉၃ ခုနှစ် မတ်လ ၆ ရက်နေ့တွင် တတိယအကြိမ်၊ ၁၉၉၃ ခုနှစ် ဧပြီလ ၅ ရက်နေ့မှ ၈ ရက်နေ့အထိ စတုတ္ထအကြိမ်၊ ၁၉၉၃ ခုနှစ် မေလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ ပဉ္စမအကြိမ်၊ ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့မှ ၂၈ ရက်နေ့အထိ ဆဌမအကြိမ်၊ ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်နေ့တွင် သတ္တမအကြိမ် တွေ့ဆုံခဲ့ကြသည်။ တွေ့ဆုံဆွေးနွေးမှုများ အောင်မြင်စွာ ပြီးဆုံး၏။

၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသည်။ ငြိမ်းချမ်းရေးအခမ်းအနားအား ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ကျင်းပပြုလုပ်ခဲ့သည်။ ယင်းအခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) (ယခု နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်) တက်ရောက်ချီးမြှင့်၍ အမှာစကားပြောကြားရာ၌ အောက်ပါအချက်များကို ထည့်သွင်းမိန့်ကြားခဲ့သည်။

- **အိမ်ထောင်စုတစ်ခုတွင်ပင် ညီအစ်ကိုမောင်နှမများ သဘောထားမတိုက်ဆိုင်ဘဲ အဆင်မပြေမှုများ ဖြစ်တတ်ကြောင်း၊ ထိုအဆင်မပြေမှုများမှာ အခိုက်အတန့်သဘောသာဖြစ်၍ တစ်သက်တာပဋိပက္ခများ မဟုတ်ကြောင်း၊ ယခုအချိန်တွင် တိုင်းရင်းသားအချင်းချင်း ပြန်လည် စည်းလုံးညီညွတ်ပြီး သင့်မြတ်ချိန်တန်ပြီဟု ခံယူထားကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အစိုးရက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ရန် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း၊**
- **ကေအိုင်အိုအဖွဲ့အစည်းအနေဖြင့် နိုင်ငံတော်အစိုးရ၏ ဖိတ်ခေါ်ချက်ကို ကြိုဆိုလက်ခံပြီး ရိုးသားဖြောင့်မတ်စွာ အပြန်အလှန်နားလည်မှုရှိရှိဖြင့် လာရောက်ဆွေးနွေးညှိနှိုင်းခဲ့သည့်အတွက် ယခုကဲ့သို့ နှစ်ဦးနှစ်ဖက် သဘောတူညီချက်များ ရရှိပြီး ငြိမ်းချမ်းရေးရရှိခဲ့ခြင်း ဖြစ်ကြောင်း၊**
- **ကချင်ပြည်နယ်သည် နှစ်ပေါင်း ၂၀ ကျော်ကြာ ဖွံ့ဖြိုးမှု နောက်ကျ ကျန်ခဲ့သော်လည်း နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှု၊ ကချင်ပြည်နယ်သူ ပြည်နယ်သားများ၏ ကြိုးပမ်းမှု၊ ကေအိုင်အို အဖွဲ့အစည်း၏ အားထုတ်မှုများ ပေါင်းစပ်လိုက်ပါက ကချင်ပြည်နယ်ကြီး တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲမသွေဖြစ်ကြောင်း။**

ကချင်အထူးဒေသ(၂) နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ

ထိုအချိန်မှစ၍ ကချင်ပြည်နယ်ကြီးတစ်ခုလုံး ငြိမ်းချမ်းခဲ့သည်။ ကချင်အထူးဒေသ(၂) နယ်မြေတွင် လမ်းဟောင်းများ ပြုပြင်ခြင်း၊ လမ်းသစ်များ ဖောက်လုပ်ခြင်းတို့ ဆောင်ရွက်ခဲ့ရာ နမ့်ခမ်း–ဗန်းမော်လမ်း၊ မြစ်ကြီးနား–တနိုင်း–နန်းယွန်း–ပန်ဆောင်လမ်း၊ ဟိုပင်–ကုန်းသာ–လုံးတုံ–ညောင်ပင်လမ်း၊ မိုးကောင်း–ကာမိုင်း–လုံးခင်းလမ်း၊ ဝွေထော်–အရဲဇွတ်–ထိန်နန်လမ်း၊ ဗန်းမော်–ရွှေကူလမ်း၊ တနိုင်း–မိုင်းခွန်–နန်ဖြူးလမ်း၊ ခေါင်လန်ဖူး–မချမ်းဘောလမ်း၊ ထရုံ–ဒိုက်ဖားလမ်းတို့ ပါဝင်သည်။ ၎င်းလမ်းများပေါ်တွင် တံတားကြီး၊ တံတားငယ်များ တည်ဆောက်ပေးခဲ့သည်။

ဒေါ့ဖုန်းယန်၊ ဒွန်ဘန်၊ မခွယ်၊ မိုင်းခေါင်တို့၌ အလကကျောင်းများ ဖွင့်ထားပြီး အမက ၃၇ ကျောင်း ရှိသည်။ ကန်တော်ယန်၊ ဒေါ့ဖုန်းယန်၊ ကိုက်ထိပ်၊ မိုင်းခေါင်တို့တွင် ဆေးရုံများဖွင့်လှစ်ပေး၍ ဆေးပေးခန်း ၃၃ ခု ဖွင့်လှစ်ပေးပြီ ဖြစ်သည်။ မြို့/ရွာပေါင်း ၁၂ ခုကို လျှပ်စစ်ဓာတ်အားပေး၍ မီးလင်းစေခဲ့သည်။ စာတိုက်တစ်ခု၊ ကြေးနန်းရုံးတစ်ရုံ၊ တယ်လီဖုန်းလုပ်ငန်းနှစ်ခု၊ စိုက်ပျိုးရေးစခန်း သုံးခု ဖွင့်လှစ်ထားပြီးဖြစ်သည်။ တနိုင်း၊ လုံးတုံ၊ ဆွန်ပရာဘွမ်၊ မြို့သစ်၊ နောင်မွန်း၊ မချမ်းဘော၊ ကာမိုင်း၊ လွယ်ဂျယ်တို့၌ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက် ထုတ်လွှင့်ပေးခဲ့သည်။

မေခ၊ မလိခ သက်သေတည်

- **ရောဝတီမြစ်ဖျားအစ၊ မေခနှင့် မလိခတို့ ပေါင်းစည်းရာ သွေးချင်းတို့ဌာနီ။**
- **မြစ်ဆုံ၏အလှ၊ ဖုန်ကန်ရာဇီရေခဲတောင် အလှများကြောင့် ဂုဏ်ဝင့်ခဲ့၏။**
- **ဆွတ်၊ ဂျူ၊ ပဒန်၊ ကွမ်ရန်နှင့် ရှဒစ်ဖော့ မနောပွဲတော်များကြောင့် ထင်ရှားခဲ့သည်။**
- **မေခနှင့် မလိခတို့၏ သစ္စာတရားကြောင့် မြစ်မင်းရောသည် ခရီးဦးအစမှ အဆုံးထိ သာယာဖြောင့်ဖြူးစွာ စီးဆင်းနိုင်ခဲ့သည်။**
- **ခိုင်မြဲသောသစ္စာတရားဖြင့် နိုင်ငံတော်၏ အကျိုး၊ ကချင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းကြပါစို့။** ■

နိုဝင်ဘာ ၆ ရက်က အိမ်မဲမြို့နယ် ဆတ္တဲ့ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကျင်းပရာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူး ဦးညွန့်ဦးက ကျေးရွာဥက္ကဋ္ဌ ဦးအောင်ထွန်းထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမျိုးတို့ နိုဝင်ဘာ ၁၁ ရက်က ဝက်ကုန်း–မံဖာ မြေသားလမ်းသစ်အား စက်ယန္တရားဖြင့် ဆောင်ရွက်မှုအား အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(က–ပ)

ရွှေလမ်း-ငွေလမ်း-အတူဖောက်ကြ-အတူလျှောက်ကြရဝယ်

တက္ကသိုလ် မြတ်သူ

"အိမ်သာတော့ဧည့်လာသည်"ဟူသော မြန်မာဆိုရိုးစကားအတိုင်း မြန်မာနိုင်ငံသို့ နိုင်ငံခြားမှ ဧည့်ကောင်းဆောင်ကောင်းများ စဉ်ဆက်မပြတ် လာရောက်ကြသည်။ မြန်မာ့ယဉ်ကျေးမှု ရှေးဟောင်းအမွေများစုဝေးရာ ပုဂံမြေတွင်လည်းကောင်း၊ ပြည်နယ်၊ တိုင်းအသီးသီးမှ မြန်မာ့ရှုခင်းများပြည့်လျှမ်းရာ ဒေသများသို့လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု အလှအပများ ဝေဖြာပွင့်လန်းတင့်ဆန်းရာဒေသများသို့လည်းကောင်း၊ မြတ်ဘုရား ရွှေတိဂုံရင်ပြင်တော်သို့လည်းကောင်း နိုင်ငံစုံမှ ဧည့်သည်များ၊ ကမ္ဘာလှည့် ခရီးသည်များဖြင့် စည်ကားလျက်ရှိသည်။

မြန်မာနိုင်ငံသည် ဇာတိပုညဂုဏ်မာန တံခွန်ထူထားသောနိုင်ငံဖြစ်ရာ မြန်မာတို့၏ ရှေးသမိုင်းများကို ပြန်လည်ဖော်ပြနိုင်သည့် ပုံတောင်ဒေသမှ ကျောက်ဖြစ်ရုပ်ကြွင်းများသည်လည်းကောင်း၊ ပြဒါးလင်းဂူနှင့် ဧရာဝတီမြစ်ဝှမ်းတစ်လျှောက်မှ ကျောက်ခေတ် သဲလွန်စများသည်လည်းကောင်း၊ သရေ ခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်းစသည်တို့မှ ပျူယဉ်ကျေးမှု၊ တကောင်း၊ ပုဂံမှသည် ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ မြင်စိုင်း၊ ညောင်ရမ်း၊ တောင်ငူ၊ ကုန်းဘောင်၊ ရတနာပုံ မြန်မာ့သမိုင်းခေတ်စဉ် သို့မဟုတ် မြန်မာတို့၏ ကိုယ်ပိုင်စာပေ၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပုစသည့် ပန်းဆယ်မျိုးအနုပညာ၊ ဗိသုကာပညာတို့၏ ရိုးရာအစဉ်အလာကို လည်းကောင်း၊ ဥတုစုံ၊ ရာသီစုံ၊ ပန်းစုံ၊ ရေစုံ၊ မြေစုံ၊ တောစုံ၊ တောင်စုံ ရှုခင်းအလှများကိုလည်းကောင်း ဧည့်သည်များ၊ ကမ္ဘာ့ခရီးသွားများ လေ့လာမဆုံး၊ ရှင်ပြုံးကြည်နူးရှိနေကြပေသည်။

မြန်မာ့ရေမြေ သဘာဝ၊ ဥတုရာသီသဘာဝ၊ မြေပေါ်မြေအောက်၊ ရေပေါ် ရေအောက် သယံဇာတများ၏ ကောင်းမွန်ကြွယ်ဝမှု အခြေခံများ၊ ထိုသဘာဝအရင်းအမြစ်များ၊ ယခုဆယ်စုနှစ်တစ်ခုခွဲကာလအတွင်း ပြည်ထောင်စုအနှံ့ တိုးတက်ဖွံ့ဖြိုးလာသော ဆည်မြောင်းတာတမံ၊ မြစ်ရေတင်စီမံကိန်း၊ ကားလမ်းသစ်၊ ရထားလမ်းသစ်၊ တံတားကြီးလတ်ငယ်၊ အခြေခံပညာစာသင်ကျောင်း မှသည် တက္ကသိုလ်အထိ ကျောင်းသစ်များ၊ ဆေးခန်း၊ ဆေးရုံများ၊ ရေအားလျှပ်စစ်ဓာတ်အားစက်ရုံများ၊ စက်မှုဇုန်များ၊ လူနေတိုက်တာ အဆောက်အအုံသစ်များ၊ စက်မှုလယ်ယာ အခင်းအကျင်းများသည် မြန်မာ့ဝင့်ထည်သော ဇာတိရုပ်ကို ဖော်ထုတ်ပြသလျက်ရှိသည်။

စစ်တို့၏ ယမ်းနံ့၊ အကြမ်းဖက်မှုတို့၏ အနိဋ္ဌာရုံ၊ သောင်းကျန်းမှုတို့၏ အမြစ်အငုတ်ကင်းစင်ကာ တည်ငြိမ်အေးချမ်းသာယာနေသော မြန်မာနိုင်ငံသို့ လာရောက်ကြသော ဧည့်ကြီးဆောင်ကြီးများ၊ အခြားခရီးသွားများသည် မြန်မာနိုင်ငံခရီးစဉ်၏ စိတ်အေးချမ်းမြေ့ဖွယ် ငြိမ်းချမ်းသာယာနေပုံကို မှတ်မှတ်ရရ မျက်ဝါးထင်ထင် ကြုံတွေ့ပီတိဖြစ်ခဲ့ကြရသည်။

ပြီးခဲ့သော အောက်တိုဘာလအတွင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အင်ဒိုနီးရှားနိုင်ငံ ဘာလီတွင် ကျင်းပသော အရှေ့တောင်အာရှ နိုင်ငံများအသင်း(အာဆီယံ)ထိပ်သီး အစည်းအဝေးသို့ တက်ရောက်ခဲ့ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးက ဗိုလ်ချုပ်ကြီးခင်ညွန့်တင်ပြသည့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေး ရှေ့လုပ်ငန်းစဉ်ခုနစ်ရပ်(Road Map)ကို သောင်းဖျလိုက်လှဲစွာ ကြိုဆိုထောက်ခံကြသည်။ ဒေသတွင်းမိသားစုဝင် နိုင်ငံများ၏ ချစ်ကြည်မှု၊ နားလည်မှု၊ ထောက်ခံမှုကို မြန်မာနိုင်ငံက ကျေးဇူးတင်ခဲ့သည်။

မြန်မာနိုင်ငံသည် အာဆီယံမိသားစုဝင်ဖြစ်သည့်အတိုင်း အာဆီယံလုပ်ငန်းတာဝန်များကို အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အဖွဲ့ဝင်နိုင်ငံများတွင် ကျင်းပသည့် အာဆီယံလုပ်ငန်းဆိုင်ရာ အစည်းအဝေးများသို့ တက်ရောက်ခဲ့သည့်နည်းတူ အာဆီယံအဆင့်မြင့်အရာရှိများ အစည်းအဝေး၊ ဝန်ကြီးအဆင့် အစည်းအဝေးများစွာကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခဲ့သည်များကိုလည်း သတင်းများ၌ ကျွန်တော်တို့ မြင်တွေ့ကြားသိရ၊ ဖတ်ရှုရပါသည်။

ယခုနိုဝင်ဘာလအတွင်း မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ဧည့်သည်တော်ကြီးများကိုမှတ်သားမိသမျှ စာရင်းလုပ်ကြည့်မိပါသည်။ လာရောက်ကြသော ဧည့်သည်တော်ကြီးများသည် တိုက်တိုက်ဆိုင်ဆိုင် မြန်မာ့အိမ်နီးချင်း၊ မိတ်ကောင်းဆွေကောင်း ဧည့်သည်ကြီးများဖြစ်နေသည်ကို သတိပြုမိပါသည်။

နိုဝင်ဘာလ၏ ပထမဆုံးရက်ဖြစ်သော လဆန်း ၁ ရက်နေ့တွင် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ မြောက်မင်စီသာသနာပြုကျောင်း ထေရဝါဒတရုတ်ဘုန်းတော်ကြီး မဟာသဒ္ဓမ္မ ဇောတိကဓဇ အရှင်သုဘန(စုဆန်းလီ)နှင့် တပည့်ဒါယကာ ဒါယိကာမများက ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာသင်တိုက်ကြီး၏ ပြည်လုံးချမ်းသာမဟာသိမ်တော်ကြီးတွင် အလှူတော် ငွေကျပ်သိန်း ၄၅၀ကျော်နှင့် သံဃာတော်အပါး ၅၀၀ တို့အား ဆွမ်း၊ သင်္ကန်းနှင့် နဝကမ္မဆက်ကပ်လှူဒါန်းပွဲကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီးဒေါ်ကြိုင်ကြိုင်တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

နိုဝင်ဘာလ ၂ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဘိုင်ရွန်ဆင်းရှေခါဝပ်ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအမှူးပြုသော မြန်မာနိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်များက လေဆိပ်မှအခမ်းအနားဖြင့် ဂုဏ်ပြုကြိုဆိုခဲ့သည်။

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဘိုင်ရွန်ဆင်းရှေ ခါဝပ်နှင့်အတူ ပြည်ပရေးရာဝန်ကြီးဌာနဒုတိယဝန်ကြီးမစ္စတာဒစ်ဗီဂျေဆင်း၊အထက်လွှတ်တော်အမတ်များဖြစ်သည့် မစ္စတာအနေးလ် ကူးမား၊ မစ္စတာ ဘီဂျေပန်ဒါနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလာကြသည်။

ထိုနေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ မင်္ဂလာခန်းမ၌ ဧည့်သည်တော်ဒုတိယသမ္မတကြီးနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဦးဆောင်သော အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးကြသည်။

ထိုနေ့ည ၇ နာရီမိနစ် ၂၀တွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ စာချုပ်ခန်းမတွင် နှစ်နိုင်ငံ အစိုးရတို့အကြား သဘောတူစာချုပ်ချုပ်ဆိုပွဲနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနား ကျင်းပရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အိန္ဒိယဒုတိယသမ္မတ မစ္စတာဘိုင်ရွန်ဆင်းရှေခါဝပ်တို့ တက်ရောက်ကြသည်။ ယင်းအခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား အထူးနှင့် သံတမန် နိုင်ငံကူးလက်မှတ်ဗီဇာကင်းလွတ်ခွင့် သဘောတူစာချုပ်ကို မြန်မာဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် အိန္ဒိယဘက်မှ ပြည်ပရေးရာဝန်ကြီးဌာနအတွင်းဝန် မစ္စတာ ကေစီဘားလ်တို့က လက်မှတ်ရေးထိုးကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့အကြား နားလည်မှုစာချွန်လွှာကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် မစ္စတာ ကေစီဘားလ်တို့က လက်မှတ်ရေးထိုးကြသည်။ ည ၇ နာရီခွဲတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဧည့်သည်တော် ကေစီဘားလ် အိန္ဒိယဒုတိယသမ္မတကြီးနှင့် အဖွဲ့ကို ဂုဏ်ပြုညစာတည်ခင်းသည်။

နိုဝင်ဘာ ၃ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဘိုင်ရွန်ဆင်းရှေခါဝပ်သည် ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။ ဧည့်သည်တော် ဒုတိယသမ္မတကြီးသည် နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်ကို ဖူးမြော်ကာ ည ၆နာရီခွဲအချိန် မြန်မာ-အိန္ဒိယ စီးပွားရေးအသင်း (MIBC) တွင် ကျင်းပသော ဧည့်ခံပွဲသို့ တက်ရောက်သည်။

မွန်းလွဲ ၂နာရီက ဆူးလေဘုရားလမ်းကုန်သည်ကြီးများ ဟိုတယ်တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ အိန္ဒိယ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် မစ္စတာကေစီဘားလ်က အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတကြီး၏ မြန်မာနိုင်ငံချစ်ကြည်ရေးခရီးနှင့်ပတ်သက်၍ ဤသို့ရှင်းလင်းပြောကြားခဲ့သည်။

"မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးဟာ တိုးတက်ပြီးအလွန်ကျေနပ်ဖွယ်ကောင်းပါတယ်။ အဆင့်မြင့်အရာရှိကြီးများ အပြန်အလှန် လည်ပတ်မှု မှန်မှန်ပြုလုပ်ခဲ့ကြပါတယ်။ စီးပွားရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ နယ်ပယ်များတွင် သိသိသာသာကြီးတိုးတက်ခဲ့ပါတယ်။ ယခုနှစ်အတွင်း နှစ်နိုင်ငံအကြား သဘောတူစာချုပ် ငါးခုကို လက်မှတ်ရေးထိုးခဲ့ပြီး ယခုခရီးစဉ်အတွင်း နောက်ထပ်စာချုပ်နှစ်ခု ချုပ်ဆိုခဲ့ပါတယ်။ ထိုစာချုပ်များကို မိမိတို့ အလေးထားကြပါတယ်။ လှိုက်လှဲတဲ့ ချစ်ကြည်ရင်းနှီးမှုရှိပြီး အလွန်အပြုသဘောဆောင်ပါတယ်။ နှစ်နိုင်ငံဆက်ဆံရေးဟာ ကျေနပ်ဖွယ်ကောင်းတယ်ဆိုတာ နှစ်နိုင်ငံစလုံးက ဖော်ပြခဲ့ပါတယ်။"

နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်နေသော လုပ်ငန်းများနှင့် ပတ်သက်၍လည်း အသေးစိတ်ရှင်းလင်းပြောကြားသည်။ နေ့ခင်းဘက်တွင် ဧည့်သည်တော် ဒုတိယသမ္မတကြီးနှင့် အဖွဲ့အား မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ဂုဏ်ပြုနေ့လယ်စာတည်ခင်းသည်။ နိုဝင်ဘာ ၄ ရက်နေ့တွင် ဧည့်သည်တော် ဒုတိယသမ္မတကြီးနှင့် အဖွဲ့သည် ပုဂံညောင်ဦးသို့ ထွက်ခွာသွားသည်။ ထိုနေ့မှာပင် နှစ်နိုင်ငံ ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။ ယင်းပူးတွဲကြေညာချက်တွင် မြန်မာနိုင်ငံ၏ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရေးနှင့် ပတ်သက်သော တိုးတက်မှုများအပေါ် အိန္ဒိယကထောက်ခံကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးကို တိုးမြှင့်သွားရန် သန္နိဋ္ဌာန်ချထားကြောင်း၊ လာမည့် ၂၀၀၆ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှု တန်ဖိုးကို စုစုပေါင်း အမေရိကန်ဒေါ်လာ တစ်ဘီလီယံ (သန်းပေါင်း၁၀၀၀)သို့ တိုးမြှင့်ရန် ရည်မှန်းချက် အကောင်အထည်ဖော်ရေးကိုလည်း နှစ်ဖက်ထပ်လောင်း အတည်ပြုခဲ့ကြောင်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယ နိုင်ငံသို့ တရားဝင်လာရောက်လည်ပတ်ရန် အိန္ဒိယ ဒုတိယသမ္မတ၏ ဖိတ်ကြားချက်ကို မြန်မာဘက်က ဝမ်းမြောက်စွာ လက်ခံကြောင်း၊ အိန္ဒိယသမ္မတကြီး ဒေါက်တာအေ၊ပီ၊ဂျေကလမ်အား မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် မြန်မာဘက်မှ ဖိတ်ကြားချက်ကို အိန္ဒိယ ဒုတိယသမ္မတက ဆက်လက်တင်ပြပေးမည်ဟု လှိုက်လှဲစွာ တုံ့ပြန်ခဲ့ကြောင်း ဖော်ပြထားသည်။ ဧည့်သည်တော် အိန္ဒိယ ဒုတိယသမ္မတကြီးနှင့် အဖွဲ့သည် ပုဂံညောင်ဦးနှင့် မန္တလေးမြို့တို့တွင် ချစ်ကြည်ရေးခရီးလည်ပတ်ပြီး နိုဝင်ဘာ၅ ရက်နေ့တွင် အိန္ဒိယနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားသည်။

မြန်မာနိုင်ငံ ပုဂံရှေးဟောင်း ယဉ်ကျေးမှုမြို့တော်တွင် ကျင်းပမည့် ကမ္ဘောဒီးယား-လာအို-မြန်မာ-ထိုင်းလေးနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာ အကောင်အထည်ဖော်ရေး ထိပ်သီးအစည်းအဝေးကျင်းပရန် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်၊ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်တို့အား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုဝင်ဘာ ၁၀ ရက်နေ့ညက ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်တွင် လုပ်ငန်းသဘောညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ထိုနေ့မှာပင် ဆီဒိုးနားဟိုတယ်၌ လေးနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ အကောင်အထည်ဖော်ရေး ထိပ်သီးအစည်းအဝေး၏ ဝန်ကြီးများအဆင့် ဒုတိယအကြိမ် အစည်းအဝေးကိုလည်းကောင်း၊ အဆင့်မြင့်အရာရှိကြီးများအဆင့် ဒုတိယအကြိမ် အစည်းအဝေးကိုလည်းကောင်း ကျင်းပခဲ့သည်။

နိုဝင်ဘာလ ၁၁ ရက်နေ့ နံနက် ၁၀ နာရီတွင် ဧည့်သည်တော်ဝန်ကြီးချုပ်များက ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ပြည်သူ့လွှတ်တော်အဆောက်အအုံ သံတမန်ခန်းမသို့ သွားရောက်ဂါရဝပြုတွေ့ဆုံနှုတ်ဆက်ကြသည်။ နံနက် ၁၁ နာရီတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဧည့်သည်ဝန်ကြီးချုပ်များနှင့်အဖွဲ့ဝင်များအား ပြည်သူ့လွှတ်တော်အဆောက်အအုံဧည့်ခံဆောင်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ထိုင်းနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်များသည် မွန်းလွဲပိုင်းတွင် ပုဂံမြို့သို့ အသီးသီး ထွက်ခွာသွားကြသည်။

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းလေးနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာအကောင်အထည်ဖော်ရေး ထိပ်သီးအစည်းအဝေးကို နိုဝင်ဘာ ၁၂ ရက် နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ကျင်းပသည်။ ယင်းထိပ်သီးအစည်းအဝေးသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၊ နိုင်ငံတော်ဆေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာဆွမ်တစ်ဂျာတူဆရိပိတက် အပါအဝင် မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနိုင်ငံတို့မှဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ယင်းထိပ်သီးအစည်းအဝေး၏ သဘာပတိအဖြစ်ဆောင်ရွက်သောနိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က ဤပထမဆုံးအကြိမ် လေးနိုင်ငံ ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံအနေဖြင့် ကျင်းပခွင့်ရရှိသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အစည်းအဝေးကို ပထမ မြန်မာနိုင်ငံတော်၏ မြို့တော်လည်းဖြစ်၊ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု အမွေအနှစ်လည်းဖြစ်သည့် ပုဂံမြို့ကို ရွေးချယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ အစည်းအဝေးအပြီးတွင် ထုတ်ပြန်သော ပုဂံကြေညာချက်နှင့်ရှေ့လုပ်ငန်းစဉ်တို့သည် မိမိတို့လေးနိုင်ငံပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးတက် ခိုင်မာစေမည်ဖြစ်ကြောင်း၊မြန်မာနိုင်ငံ အနေဖြင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ၏ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့်အကျိုးကျေးဇူးများစွာ ရရှိနိုင်မည် ဖြစ်ကြောင်း၊ ကမ္ဘာလှည့်ခရီးသည် လုပ်ငန်းနှင့် လူသားစွမ်းရည်အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားရန် ဆန္ဒရှိပါကြောင်းဖြင့် ပြောကြားသည်။ ထိုင်းဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားဝန်ကြီးချုပ်၊ လာအို ဝန်ကြီးချုပ်တို့ကလည်း လေးနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အသီးသီး တင်ပြဆွေးနွေးကြသည်။

ထိုနေ့မှာပင် လေးနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာ အကောင်အထည်ဖော်ရေး ထိပ်သီးအစည်းအဝေး သဘာပတိအဖွဲ့က သတင်းထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။ ထိပ်သီးအစည်းအဝေးက လည်း ပုဂံကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ ပုဂံကြေညာချက်ကို ဝန်ကြီးချုပ် များက အသီးသီးလက်မှတ်ရေးထိုးကြသည်။ ပုဂံကြေညာချက်တွင် လေးနိုင်ငံအကြား အပြန်အလှန်နားလည်သဘောပေါက်မှု၊ ယုံကြည်စိတ်ချမှု၊ အိမ်နီးချင်းကောင်းပီသမှုတို့ဖြင့် အတူတကွ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်သာယာဝပြောမှုကိုမျှဝေ ခံစားနိုင်ရန်အတွက်ခိုင်မာသောအခြေခံအုတ်မြစ် တည်ဆောက်ရန် ပြင်းပြသောစိတ်ဆန္ဒရှိကြသည်ကိုထပ်လောင်း အတည်ပြု၍လည်းကောင်း၊စဉ်ဆက်မပြတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ပူးပေါင်းဆောင်ရွက်ကြရာတွင် တည်ငြိမ်အေးချမ်းမှုရှိသောနိုင်ငံရေးအခြေအနေများဖြစ်ထွန်းနေရမည်ဟူသော အချက်ကို သတိမူ၍လည်းကောင်း၊ အေးချမ်းသာယာဝပြောသောနိုင်ငံများ ဖြစ်လာစေနိုင်သည့် အခြေခံကောင်းများကိုဆက်လက်ခိုင်မာစေရန် ရည်သန်၍ လေးနိုင်ငံစလုံး တန်းတူညီတူရှိမှုနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် စိတ်ဓာတ်များကို အခြေခံကာ ဒေသတွင်း စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်မှုတို့ကို အရှိန်မြှင့်တင် ဆောင်ရွက်ကြရန် သန္နိဋ္ဌာန်ချထားမှုကို ပြန်လည်အတည်ပြု၍ လည်းကောင်း စသည်ဖြင့် အစချီကာ ၁၉၆၇ခုနှစ် အာဆီယံအဖွဲ့၏ဗန်ကောက်ကြေညာချက်နှင့်အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်တို့တွင် ပါရှိသည့် မူကြီးများနှင့်အညီ လိုက်နာကျင့်သုံးကြရမည်ဟု ထပ်လောင်းအတည်ပြုကာ အောက်ပါစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာမဟာဗျူဟာ၏အဓိက ရည်မှန်းချက်များကို ဖော်ပြထားသည်။

- နယ်စပ်ဒေသများတွင်စွမ်းဆောင်ယှဉ်ပြိုင်နိုင်မှု မြှင့်တင်ရန်နှင့် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းစေရန်၊
- စိုက်ပျိုးရေးနှင့် ကုန်ထုတ်မှုလုပ်ငန်းများကို အခွင့်အလမ်းပိုမို ကောင်းမွန်သည့် ဒေသများသို့ ပြောင်းရွှေ့ရာ၌ ပိုမိုလွယ်ကူချောမွေ့စေရန်၊
- အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် လေးနိုင်ငံအကြားဝင်ငွေကွာဟမှုကို လျော့နည်းစေရန်၊
- လေးနိုင်ငံစလုံးတွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် မျှတစွာ သာယာဝပြောမှု စဉ်ဆက်မပြတ် ဖြစ်ပေါ်စေရေး

တို့ကို မြှင့်တင်ရန်တို့ ဖြစ်သည်။

ယင်းရည်မှန်းချက်များအောင်မြင် ပြည့်မြောက်စေမည့် လုပ်ငန်းများကိုလည်း ပုဂံကြေညာချက်၌ ဖော်ပြထားသည်။ ကဏ္ဍအလိုက်ဖော်ပြထားသော ပူးပေါင်းဆောင်ရွက်ရမည့် အချက်များတွင်-

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

စာမျက်နှာ ၁၁ မှ

- သက်ဆိုင်ရာတစ်နိုင်ငံချင်း၏စွမ်းပကားအားသာချက်ကို အပြည့်အဝအသုံးချရန်၊
- အလုပ်အကိုင်ရရှိရေးအခွင့်အလမ်းများဖော်ထုတ်နိုင်ရေးအတွက် ကုန်စည်စီးဆင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ချောမွေ့အဆင်ပြေရန်၊
- ဝင်ငွေရရှိနိုင်မည့် အခွင့်အလမ်းများဖော်ထုတ်၍ စီးပွားရေးနှင့် လူမှုရေးအဆင့်ကွာခြားနေမှုကိုလျှော့ချရန်၊
- လယ်ယာစိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍတွင်ပူးပေါင်းဆောင်ရွက်ရေး ကြိုးပမ်းအားထုတ်မှုများကို အားဖြည့်မြှင့်တင်ရန်၊
- လေးနိုင်ငံအကြားသယ်ယူပို့ဆောင်ရေးအဆက်အသွယ်များကို မြှင့်တင်အသုံးချသွားရန်၊
- ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ စက်မှုကုန်ထုတ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများ ချောမွေ့အဆင်ပြေစေရန်၊
- လေးနိုင်ငံအကြား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ပူးတွဲမဟာဗျူဟာများ ချမှတ်မြှင့်တင်ရန်၊
- လေးနိုင်ငံအကြားတွင်လည်းကောင်း၊ အခြားဒေသများတွင်လည်းကောင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ လွယ်ကူ ချောမွေ့စေရန်အတွက် ဆောင်ရွက်ရန်၊
- လေးနိုင်ငံပြည်သူများနှင့်အဖွဲ့အစည်းများ၏ စွမ်းရည်မြှင့်တင်ရေး၊
- ဒေသအတွင်းစွမ်းဆောင်ယှဉ်ပြိုင်နိုင်မည့် လူ့စွမ်းရည်အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအမံများရေးဆွဲရန်

တို့ပါဝင်သည်။

ထို့ပြင်ရှေ့ဆောင်ရွက်ရမည့်အစီအစဉ်များကိုပါ ဆုံးဖြတ်ချမှတ် ဖော်ပြထားသည်။ ထိပ်သီးအစည်းအဝေးသဘာပတိ၏ သတင်းထုတ်ပြန်ချက်နှင့် ပုဂံကြေညာချက်တွင် ယခုသဘောတူညီချက်ကို "ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ"သို့မဟုတ် ACMECS ဟု ခေါ်တွင်သွားမည်ဟု ဖော်ပြထားသည်။

လေးနိုင်ငံထိပ်သီးအစည်းအဝေးတက်ရောက်ကြသော ဝန်ကြီးချုပ်များနှင့် အဖွဲ့ဝင်များသည် ပုဂံ၏အလှ၊ ဧရာဝတီ၏အလှ၊မြန်မာအနုအလှ၊အကများကို ကြည့်ရှုစွာကြည့်ရှုခံစားသွားနိုင်ကြသည်။ နိုဝင်ဘာ ၁၃ ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဂုဏ်ပြုနေ့လယ်စာကို ချစ်ကြည်စွာစားသုံးရင်း ဧရာဝတီရေပြင်မှ မြန်မာ့လေ့သဘင်ကို ရှုစားကြသည်။ ထိုနေ့မှာပင် ညော့်ဝန်ကြီးချုပ်များ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားကြသည်။

ထိုအချိန်မှာပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီအတွင်းရေးမှူး မစ္စတာပိုင်အင်ပေနှင့်အဖွဲ့ဝင်များ ရန်ကုန်မြို့သို့ ရောက်ရှိနေကြကာ နိုဝင်ဘာ ၁၄ ရက်နေ့တွင် လွှတ်တော်အဆောက်အအုံသံတမန်ခန်းမသို့သွားရောက်ကာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဂါရဝပြုတွေ့ဆုံနှုတ်ဆက်ကြသည်။ ထိုနေ့မှာပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျဲကျန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာကျောင်ရှန်းနှင့်အဖွဲ့သည် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား တွေ့ဆုံနှုတ်ဆက်ကြသည်။ ၂၀၀၃ ခုနှစ် နိုဝင်ဘာ ပထမရက်သတ္တနှစ်ပတ်အတွင်း မြန်မာနိုင်ငံသို့ လာရောက်ကာ ချစ်ကြည်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးအတွက် အိမ်နီးချင်းကောင်း၊ မိတ်ကောင်းဆွေမွန်များပီပီတွေ့ဆုံကြ၊ ဆွေးနွေးကြ၊ ရွှေလမ်းငွေလမ်းဖောက်ကြသည့် ညော့်ကောင်းစောင်ကောင်းများအကြောင်း မှတ်တမ်းတင်အပ်ပါကြောင်း။ ။

မြန်မာ-တရုတ်ချစ်ကြည်ရေးတင်းနစ်လက်ရည်စမ်းပွဲအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အားကစားဝန်ကြီးတက်ရောက်ချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၂၇

မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး တင်းနစ်လက်ရည်စမ်းပွဲအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ယမန်နေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ကရဝိက်နန်းတော်၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်(Max Myanmar Co.,Ltd.)၊ အတွင်းရေးမှူးဒေါက်တာတင်အောင်လင်းနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာ-တရုတ်တင်းနစ်အားကစားအဖွဲ့ခေါင်းဆောင်များနှင့် အားကစားသမားများ၊ မြန်မာနိုင်ငံတွင် မြန်မာတင်းနစ်အားကစားသမားများနှင့် ပူးတွဲလေ့ကျင့်နေသည့် ထိုင်းနိုင်ငံမှ တင်းနစ်အားကစားအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ညော့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တင်းနစ်အားကစားအဖွဲ့မှ အဖွဲ့ခေါင်းဆောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ယခုကဲ့သို့အရှေ့တောင်အာရှအားကစားပြိုင်ပွဲမတိုင်ခင် လာရောက် ကစားပေးသည့်အတွက် မြန်မာတင်းနစ်အားကစားအဖို့ အထူးပင်အကျိုးရှိခဲ့ကြောင်းပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ တင်းနစ်အားကစားအဖွဲ့အား အမှတ်တရလက်ဆောင်ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co.,Ltd.)က တရုတ်ပြည်သူ့သမ္မတနိုင်ငံ တင်းနစ်အားကစားအဖွဲ့အားလည်းကောင်း၊ အတွင်းရေးမှူးဒေါက်တာ တင်အောင်လင်းက မြန်မာနိုင်ငံတွင် မြန်မာတင်းနစ်အားကစားသမားများနှင့် ပူးပေါင်းလေ့ကျင့်နေသည့်ထိုင်းနိုင်ငံ တင်းနစ်အားကစားအဖွဲ့မှ နည်းပြအဖွဲ့အားလည်းကောင်း အမှတ်တရလက်ဆောင်များပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက်တပ်မတော်နေ့ ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၇

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ရာ ပြည်နယ်၊ တိုင်းအသီးသီးမှ (၈၊ ၉၊ ၁၀)တန်း ကျောင်းသူကျောင်းသားများအတွက် အခြေခံပညာအဆင့်ပြိုင်ပွဲကို (၁၅-၁-၂၀၀၄)ရက်နေ့တွင်လည်းကောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် သိပ္ပံကျောင်းသူကျောင်းသားများအတွက် အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲကို (၁၆-၁-၂၀၀၄)ရက်နေ့တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကျောင်းသူကျောင်းသားများ ကြိုတင်လေ့လာထားနိုင်ရန် ပြဋ္ဌာန်းထားသောစာအုပ်များမှာ အခြေခံပညာအဆင့်အတွက် တပ်မတော်သမိုင်းအတွဲ(၁)မှ အတွဲ(၄)အထိနှင့် အဆင့်မြင့်ပညာအဆင့်အတွက် တပ်မတော်သမိုင်း အတွဲ(၅)မှ အတွဲ(၈)အထိ သတ်မှတ်ထားသည်။ ၎င်းအပြင်နှစ်ဆင့်စလုံးအတွက် ပြန်ကြားရေးဝန်ကြီးဌာနမှထုတ်ဝေသော"ဖွံ့ဖြိုးဝေစည် မြန်မာပြည်"နှင့် ၂၀၀၃ ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့သော မြန်မာ့ရုပ်မြင်သံကြားသတင်းများ၊ သီချင်းများ၊ ဇာတ်လမ်းများ၊ အထူးအစီအစဉ်များကိုလည်း လေ့လာထားရမည်ဖြစ်သည်။ ဖြေဆိုလိုသောကျောင်းသူကျောင်းသားများသည် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခချုပ်များထံ သတင်းပို့ကြရမည်ဖြစ်သည်။ **(က-ပ)**

ပြပွဲလေ့လာ

နိုဝင်ဘာ ၂၇ ရက်က ၁၃၆၅ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ် မြန်မာဝတ္ထုရှည်နှစ်တစ်ရာ ပြပွဲနှင့်စာအုပ်ဈေးပွဲတော်တွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းတို့ လာရောက်ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားအမျိုးသမီးဂေါက်သီးရိုက်ပြိုင်ပွဲဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၇

Myanmar P.G.Aနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ၂၀၀၃ (Myanmar Golf Tour 2003)၏ စတုတ္ထပွဲစဉ် Myanmar P.G.Aနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားအမျိုးသမီးဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ပဲခူးမြို့ရှိ Hanthawaddy Golf And Country Club ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ တတိယနေ့(၁၈)ကျင်းကစားအပြီး၌ Professional Golfers ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ စိုးကျော်နိုင်(Pan-West)က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ပြီး (၇၀+၇၃+၇၁)နှင့် မြင့်ရွှေ (Wilson)က (၇၁+၆၉+၇၄)ပေါင်း (၂၁၄)ချက်စီဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

အောင်ဝင်း(Y.C.D.C)က(၇၁+၇၃+၇၃)နှင့် ဇော်ဇော်လတ်(Pan-West)က (၆၈+၇၄+၇၅)ပေါင်း (၂၁၇) ချက်စီဖြင့် ဒုတိယလိုက်ကြပြီး၊ သန်းနိုင်(ပဲခူး)က(၇၅+၇၄+၇၁)ပေါင်း (၂၂၀)ချက်ဖြင့် တတိယလိုက်နေသည်။

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် ဇော်ဇင်ဝင်းက သတ်မှတ်ရိုက်ချက်ထက်နှစ်ချက်လျှော့ရိုက်ပြီး(၇၂+၇၃+၇၀)ပေါင်း (၂၁၅)ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

အောင်အောင်ကျော်ကလည်း သတ်မှတ်ရိုက်ချက် သုံးချက်လျှော့ရိုက်ပြီး(၇၂+၇၆+၆၈)ပေါင်း (၂၁၆)ချက်ဖြင့် ဒုတိယလိုက်ပြီး သိန်းဇော်မြင့်က (၇၄+၇၆+၇၂)ပေါင်း (၂၂၂)ချက်ဖြင့် တတိယလိုက်နေသည်။

အမျိုးသမီးပြိုင်ပွဲ ဒုတိယနေ့(၁၈)ကျင်းကစားအပြီး အကျော့မဲ့(Scratch)ပြိုင်ပွဲ၌ လက်ရှိ ချန်ပီယံ ခင်သူသူ(Y.C.D.C)က(၇၇+၇၈)ပေါင်း (၁၅၅)ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ခင်မာညွန့်က(၇၉+၈၈)ပေါင်း(၁၆၇)ချက်ဖြင့် ဒုတိယလိုက်ပြီးမဌေးဌေးက (၉၄+၈၉) ပေါင်း (၁၇၈)ချက်ဖြင့် တတိယလိုက်နေသည်။

ယင်းပြိုင်ပွဲကို Rothmans of Pall Mall Myanmar Pte.,Ltd. က တာဝန်ယူပြီး Air Mandalay ၊ Grand Slam (Musing Wear) ၊ Loi-Hein(Alpine)၊ K.M Golf Centre ၊ Maruman နှင့် Wilson၊ Canon ၊ UPG၊San Far Travels And Tour ၊Pan-Wet နှင့် Eastern Proenterrise Ltd. တို့က ပံ့ပိုးကူညီကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၈-၁၁-၂၀၀၃(သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၁၅ ၄။ နှာဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၂၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၃၀ ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၄၀ ၇။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်

(က)ဒုတိယနှစ်(သမိုင်း)
(ခ)တတိယနှစ်
(အရှေ့တိုင်းပညာ)

- ၅:၃၀ ၁၀။ ပညာခေတ်
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၆:၃၅ ၁၅။ မိုးလေဝသသတင်း
- ၆:၄၀ ၁၆။ မြန်မာ့ရှုခင်း
- ၆:၅၀ ၁၇။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဖန်ခြေနင်းနဲ့ ယမင်းရွှေစင်"** (အပိုင်း-၂၁)
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"**(အပိုင်း-၅)

နိုဝင်ဘာ ၂၇ ရက်က မြန်မာတုန်းတာကုန်စည်ပြပွဲ ၂၀၀၃ တွင် Summit World Co., Ltd. **၏ ကိုရီးယားနိုင်ငံ** Myoung Jin Ind**မှ** Showen accessories **များ ပြခန်းကို တွေ့ရစဉ်။ (သတင်းစဉ်)**

အဆင့်မြင့်တန်းဘောလုံးပြိုင်ပွဲ စွမ်းအင်အသင်းအနိုင်ရရှိ

ရန်ကုန် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ စွမ်းအင်အသင်းက ပတ္တမြားနဂါးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲ

နိုဝင်ဘာ ၂၈ ရက် (ယနေ့)ညနေ ၃ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပြည်ထဲရေးအသင်းနှင့် သစ်တောရေးရာအသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့

(၁-၁၂-၂၀၀၃)

World AIDS Day

အိခ်ဒ်စ်ရောဂါကြုံတွေ့သူ၊ ကြည်ဖြူစာနာ လက်တွဲကူ

Live and Let Live

ကျန်းမာရေးဝန်ကြီးဌာန

အားကစားအဆင့်အတန်းမြင့်မားရေး ဖြည့်ဆည်း ဆောင်ရွက်ပေးနေသည့် အားကစားအဆောက်အအုံများ

အရည်အသွေးမြင့်မားသော ဘောလုံး အားကစားသမားများပေါ်ထွက်ရေးအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ပံ့ပိုးမှုနှင့်မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ စိုက်ထုတ်မှုဖြင့် တည်ဆောက်ဖွင့်လှစ်ထားသော ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ်ရှိ အမျိုးသား ဘောလုံးလေ့ကျင့်ရေးစခန်း။

အားကစားအဆင့်အတန်းတိုးတက်မြင့်မားစေရေးအတွက် ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ်တွင် တည်ဆောက်ထားသည့် နိုင်ငံတကာအဆင့်မီ လှူငယ်အားကစားလေ့ကျင့်ရေးကွင်း၏ ဝေဟင်မှမြင်ကွင်း။

အားကစားဝန်ကြီးဌာနသည် ပြည်သူများအကြား ကိုယ်လက်ကျန်းမာရေး အဆင့်အတန်း မြင့်မားစေရေး၊ နိုင်ငံတော်၏ အားကစားအဆင့်အတန်း မြင့်မားစေရေးတို့အတွက် လူထုအားကစားလများ သတ်မှတ်ဆောင်ရွက်ခြင်း၊ အားကစားသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ နိုင်ငံတကာအဆင့်အတန်းမီ အားကစားကွင်းများနှင့် အားကစားရုံများ အသစ်ဆောက်လုပ်ခြင်း၊ အားကစားသမားများအား နိုင်ငံတကာ အားကစားအဖွဲ့ချုပ်များနှင့် ပူးပေါင်း လေ့ကျင့်စေခြင်း၊ နိုင်ငံတကာ အားကစားအတွေ့အကြုံရှိစေရန် ချစ်ကြည်ရေး အားကစားပွဲများ ပြည်ပပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်စေခြင်းနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများကိုလည်း ပြည်တွင်းတွင် လက်ခံကျင်းပခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ခြင်းဖြင့် မြန်မာ့အားကစား အာရှမှာသာမက ကမ္ဘာသို့ပါလွှမ်းမိုးနိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ (မြန်မာ့အလင်း)

အရည်အသွေးမြင့်မားသော အားကစားသမားများပေါ်ထွက်ရေးအတွက် မန္တလေးမြို့တွင် တည်ဆောက်ထားသည့် အားကစားနှင့်ကာယပညာသိပ္ပံသင်တန်းကျောင်း။

အရှေ့တောင်အာရှမှသည် အာရှ အာရှမှသည် ကမ္ဘာ့အဆင့်သို့တက်လှမ်း



ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းနှင့် ပင်လုံလမ်းထောင့်ရှိ နိုင်ငံတကာအဆင့်မီ အားကစားဇုန်တွင် မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်၏ ရန်ကုန်မြင်းစီးကွင်း (Yangon Equestrion & Country Club) ကို ၂၀၀၃ ခုနှစ် မေ ၁၁ ရက်က အခမ်းအနားဖြင့်ဖွင့်လှစ်ခဲ့သည်။ ပြည်ထောင်စုလမ်းမကြီးမှတစ်ဆင့် ပင်လုံလမ်းအတွင်း ဝင်လိုက်သည်နှင့် ရန်ကုန်မြင်းစီးအသင်း အဆောက်အအုံကို တွေ့မြင်ရမည်ဖြစ်သည်။

28-11 (13).p65 1 3/24/05, 7:54 PM

ပြည်နယ်နှင့်တိုင်း ကြက်တောင်အားကစားပြိုင်ပွဲဖွင့် အားကစားဝန်ကြီးတက်ရောက်ကြည့်ရှုအားပေး

ရန်ကုန် နိုဝင်ဘာ ၂၇

၂၀၀၃ ခုနှစ် (၃၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကြက်တောင်အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ကြည့်ရှုအားပေးပြီး**(အပေါ်ပုံ)** ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်မှ ဦးဆောင်နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်တောင်အားကစားအဖွဲ့ချုပ်မှနာယကကြီးများ၊ ဥက္ကဋ္ဌဦးမောင်မောင်ဆွေနှင့်အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်းနေရာယူကြသည်။ ထို့နောက် ယမန်နှစ်ချန်ပီယံ ရန်ကုန်တိုင်းအမျိုးသားအသင်းနှင့် ရန်ကုန်တိုင်း အမျိုးသမီးအသင်းတို့က အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်ထံ ဒိုင်းဆုပြန်လည်အပ်နှံပြီး ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကာ ပထမနေ့ပွဲစဉ်များကို ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲကို ယနေ့မှစ၍ ဒီဇင်ဘာ ၂ ရက်အထိကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲသို့ ပြည်နယ်၊ တိုင်းအသင်းပေါင်း ၁၂ သင်းဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲကို နေ့စဉ် နံနက် ၉နာရီတွင် စတင်ကျင်းပမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးသောင်းလေး(စာရင်းကိုင်–၁၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဟသ်ာတမြို့)–ဒေါ်ရီရီမြ (စာရင်းကိုင်–၃၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကျောက်မဲမြို့)တို့၏ တစ်ဦးတည်းသောသား

မောင်သက်ဇော်ဦး B.Sc (Phys:) E.G.T.I (E.P)

အလုပ်ရုံစိတ်မှူး၊ အထည်ချုပ်စက်ရုံအမှတ် (၁၇)၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့နေ ဦးဇော်လင်း–ဒေါ်တင်အေး(ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ချမ်းအေးသာဇံမြို့နယ်)တို့၏ သမီး

မအေးစုမြတ်ထွန်း B.Sc (Phys:) Credit Q, M.Sc (I), E.G.T.I(E.C)

တို့၏ ၁၂–၁၁–၂၀၀၃ ရက် (ဗုဒ္ဓဟူးနေ့)တွင် မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၌ မင်္ဂလာဦးအရဏ်ဆွမ်းကပ်ပွဲ၊ မန္တလေးမြို့ **Oriental House** ၌ ကျင်းပသည့် မင်္ဂလာဧည့်ခံပွဲနှင့် ၂၂–၁၁–၂၀၀၃ရက် (စနေနေ့)တွင် ရန်ကုန်မြို့ အရိယာမဏ္ဍိုင်ကျောင်းတိုက်၌ ကျင်းပသည့် မင်္ဂလာဆွမ်းကျွေးဧည့်ခံပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ခဲ့ကြသော ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ဂုဏ်သရေရှိ လူကြီးမင်းများအားလုံးအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သက်ဇော်ဦး–မအေးစုမြတ်ထွန်း။

ငွေရတုမင်္ဂလာ

(၁၉–၁၁–၂၀၀၃)
ဦးသန်းဝင်း(ရွှေလင်းယုန်ပဲဆီလုပ်ငန်း)
ဒေါ်ခင်နွယ်နွယ်မြင့်(မွန်ပြည်နယ်လျှပ်စစ်ရုံး)

ဦးဦးကိုလတ်နှင့် မေနွယ်တို့၏ ၂၅ နှစ်မြောက် ငွေရတုမင်္ဂလာမှသည် ရွှေရတု၊ စိန်ရတု မင်္ဂလာများတိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် လောကီလောကုတ္တရာ အကျိုးတရားများစွာကို စွမ်းဆောင်ခံစားနိုင်ပါစေ။

ချစ်သော တူ တူမများ

ကိုမိုးသက်–သန္တာဝင်း၊ ခင်ငြိမ်းချမ်း၊ ဗိုလ်နိုင်ညိန်း၊
ခင်ကြည်သာ၊ ထက်ရည်ဝင်း၊ နေခြည်သာ၊ ဗိုလ်လောင်းချမ်းညိန်း၊
ဗိုလ်လောင်းနွေအေး၊ ခန့်စည်သာ၊ သက်ဖြိုးဝင်း။



(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှဘောလုံးပြိုင်ပွဲ မြန်မာဘောလုံးအသင်းပွဲဦးထွက် စင်ကာပူနှင့်ဆင်နွှဲကြမည်

သတင်းဆောင်းပါး–မောင်မောင်ထွေး

ရန်ကုန် နိုဝင်ဘာ ၂၇

အချိန်ကားလွန်ခဲ့သော ၂၀၀၁ ခုနှစ် (၂၁)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပနေချိန်ဖြစ်သည်။ မြန်မာ့ရပ်မြင်သံကြားဖန်သားပြင်ရှေ့တွင် တစ်နိုင်ငံလုံးမှ မြန်မာဘောလုံးပရိသတ်များငြိမ်ချက်သားကောင်းနေကြ၏။ ပွဲကစားချိန်မိနစ်များက ကုန်လွယ်မြန်ဆန်လွန်းသကဲ့သို့ ဘောလုံးကလည်းဟိုမှာဘက်ခြမ်းမှသည်မှာဘက်ခြမ်းဆီသို့ လျင်မြန်စွာလူးလာခတ်တုံ ပြေးလွှားနေသည်။

ပထမပိုင်းကုန်ဆုံး၍ဒုတိယပိုင်းသို့ကူးပြောင်းလာခဲ့ချေပြီ။ မြန်မာနှင့်စင်ကာပူနှစ်သင်းစလုံး ဂိုးမရှိသရေဖြစ်နေသည်။

ထိုစဉ်အခိုက် ဒုတိယပိုင်း ၂၅ မိနစ်တွင် စင်ကာပူကစားသမားဆာဖီယန် ဘောလုံးကို ဆိုင်းနေစဉ် မြန်မာတိုက်စစ်မှူးအောင်ထွန်းနိုင်လျှပ်တစ်ပြက်ပြေးဝင်ပြီးကန်သွင်းလိုက်ရာ မြန်မာဘောလုံးအသင်းအတွက် ရွှေတံခါးကြီးတစ်ချပ်ပွင့်လာခဲ့သည်။"ဂိုး"မြန်မာဘောလုံးဝါသနာအိုးတို့၏ တစ်ခဲနက်အော်ဟစ်ကြွေးကြော်သံကား ထက်ကောင်းကင်ယံတစ်ခွင်လုံး တုန်ဟည်းသွားသည်။ မကြာပါ။ နောက်လေးမိနစ်အကြာတွင် တိုက်စစ်မှူးရန်ပိုင်က မြန်မာအသင်း၏ရှေ့ခရီးအတွက် နောက်ထပ်ရွှေတံခါးကြီးတစ်ချပ်ကို ထပ်မံဖွင့်လှစ်ပေးလိုက်ပြန်သည်။

သို့သော် မြန်မာအသင်းအတွက် စိတ်ချလက်ချမဖြစ်နိုင်ကြသေး။ ပွဲပြီးခါနီး ၁၀ မိနစ်အလိုတွင် မြန်မာနောက်တန်းမှ ဇော်လင်းထွန်းအထုတ်ခံရပြီး စင်္ကာနှိပိုင်းမှာပင် စင်ကာပူတို့က ချေပဂိုးတစ်ဂိုး ပြန်သွင်းယူသွား၍ မြန်မာဘောလုံးပရိသတ်များ ထိုင်ရမလို၊ ထရမလိုဖြစ်နေကြသည်။ ဒိုင်လူကြီး၏ ပွဲပြီးဆုံးကြောင်း အချက်ပေးဝီစီသံကြားမှသာ ဟင်းချ၊အတင်းထပြီး ဝမ်းသာပျော်မြူးနိုင်ခဲ့ကြသည်။

စင်ကာပူဘောလုံးသမားများအတွက် မှုဝမ်းနည်းစရာဖြစ်ခဲ့ရသည်။ ပွဲသိမ်းဝီစီသံအဆုံးတွင် စင်ကာပူအသင်းမှ ရာမန်နှင့် ဂျိုဟာရီတို့က လွဲ၍ အသင်းသားအားလုံး ကွင်းအတွင်း အရပ်ကြိုးပြတ် လဲကျသွားကြသည်။ မျှော်လင့်ချက်တို့ ပျောက်ဆုံးသွားကြသည်။

စင်ကာပူဘောလုံးအသင်းနည်းပြဒိန်းမတ်နိုင်ငံသား နီးလ်ဆင်က "စင်ကာပူဘောလုံးသမားတွေ စိတ်ဓာတ်ပျော့တယ်၊ မြန်မာနဲ့ မကစားရဲသလိုဖြစ်နေတယ်၊ မြန်မာ နောက်တန်းက ခပ်မာမာဖျက်ထုတ်ပြီး စင်ကာပူဂိုးရှေ့ကို အဝေးဘော၊ အမြောက်ဘောတွေပေးပို့ကစားသွားတော့ စင်ကာပူ နောက်တန်း ဘာလုပ်ရမှန်းမသိဘူး ဖြစ်သွားတယ်၊ ဒီအချိန်မှာ မြန်မာတွေဂိုးသွင်းတာပဲ"ဟု ပွဲအပြီး ပြောသွားသည်။

၁၉၉၃ ခုနှစ်က စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သော အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် စင်ကာပူဘောလုံးအသင်း၌ ပါဝင်ခဲ့သူဝါရင့်ဘောလုံးသမားဟောင်းကြီး အဗ္ဗဒူမာလစ်ကမူ "မြန်မာအသင်းက စိတ်ဓာတ်တက်ကြွပြီး စင်ကာပူအသင်းက စိတ်ဓာတ်ပျော့ညံ့တယ်။ အဓိကကွာခြားချက်က ဒါပါပဲ"ဟု ဆိုသည်။

ပြီးခဲ့သည့် ဆယ်စုနှစ် အတွင်းတွင် မြန်မာနှင့်စင်ကာပူတို့ ၁၀ ကြိမ်တိုင်တိုင် ဆုံတွေ့ခဲ့ကြရာ မြန်မာက ၁၉၉၃ ခုနှစ် အရှေ့တောင်အာရှဘောလုံးပြိုင်ပွဲတွင် ပယ်နယ်တီအပြိုင်ကန်သွင်းပြီး ရှစ်ဂိုး–ခုနစ်ဂိုးဖြင့် တစ်ပွဲသာ အနိုင်ရခဲ့ဖူးသည်။ ၁၉၉၁ ခုနှစ် မနီလာအရှေ့တောင်အာရှဘောလုံးပြိုင်ပွဲတွင် စင်ကာပူက နှစ်ဂိုး–တစ်ဂိုး၊ ၁၉၉၅ ခုနှစ် ပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် လေးဂိုး–နှစ်ဂိုး တစ်ပွဲ၊ တတိယလုပွဲ တွင် တစ်ဂိုး–ဂိုးမရှိဖြင့် တစ်ပွဲ အနိုင်ရပြီး ၁၉၉၇ ခုနှစ် ပြိုင်ပွဲတွင် နှစ်ဂိုးစီ သရေပွဲ ဖြစ်ခဲ့သည်။

အခြားပြိုင်ပွဲများဖြစ်သည့် ၁၉၉၃ ခုနှစ်က ရန်ကုန်မြို့တွင် ကျင်းပသည့် ခြေစမ်းပွဲတွင် ဂိုးမရှိ သရေတစ်ပွဲဖြစ်ပြီး ဒုတိယပွဲတွင် စင်ကာပူက တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်သည်။ ၁၉၉၅ ခုနှစ် စင်ကာပူဖိတ်ခေါ်ပြိုင်ပွဲတွင် သုံးဂိုးစီသရေတစ်ပွဲ၊ ၁၉၉၆ ခုနှစ် အာရှဖလား ခြေစစ်ပွဲတွင် စင်ကာပူက လေးဂိုးပြတ်ဖြင့် တစ်ပွဲနိုင်ပြီး ဒုတိယပွဲတွင် နှစ်ဂိုးစီသရေဖြစ်ခဲ့သည်။

ယခု (၂၂)ကြိမ်မြောက် အရှေ့တောင် အာရှဘောလုံးပြိုင်ပွဲတွင်လည်း ကံတရားက မြန်မာနှင့် စင်ကာပူတို့ကို တိုက်တိုက်ဆိုင်ဆိုင် ပြန်လည်ဆုံစည်းခွင့်ပေးခဲ့ပြန်သည်။ ယခု အကြိမ်ဆုံတွေ့ခြင်းကလည်း နှစ်သင်းစလုံးအတွက် ကျဉ်းတည်းကျပ်တည်းအခြေအနေပင်။ ထိုအုပ်စုတွင် မြန်မာ၊ မလေးရှား၊ စင်ကာပူနှင့် ကမ္ဘောဒီးယားတို့ပါဝင်ကြရာ တစ်ချက်မှ အမှားမခံနိုင်သည့်အခြေအနေဖြစ်သည်။

မြန်မာအသင်းက စင်ကာပူကို ပွဲဦးထွက် အနိုင်ကစားနိုင်ခဲ့ပါက ဒုတိယပွဲစဉ်တွင် ကမ္ဘောဒီးယားနှင့် ကစားရမည်ဖြစ်၍ လက်ကျန်တစ်ပွဲ အလိုမှာပင် ရှေ့ခရီးအတွက် စိတ်အေးရမည့်အခြေအနေရှိနေသည်။

သို့သော် မြန်မာဘောလုံးအသင်း၏ အားနည်းချက်မှာ ပွဲဦးအထနှေးတတ်သည့် သဘောရှိသည်။ ပြီးခဲ့သည့် အကြိမ်ပြိုင်ပွဲတွင် ကမ္ဘောဒီးယားကို ပွဲဦးထွက် မမျှော်လင့်ဘဲ ဂိုးမရှိသရေသာကစားနိုင်ခဲ့သည်။ ယခုပြီးခဲ့သည့် အာရှဖလားခြေစစ်ပွဲစဉ်တွင်လည်း မလေးရှားကို ပွဲဦးမှာပင် လေးဂိုးပြတ်ဖြင့် ရှုံးပြီး ဒုတိယပွဲမှ နှစ်ဂိုး–တစ်ဂိုးဖြင့် ပြန်နိုင်သည်။

အခြားအားနည်းချက် တစ်ရပ်မှာ မြန်မာတိုက်စစ်မှူးများ လက်တလောဂိုးမိုးခေါင်နေခြင်းပင်၊ ပြီးခဲ့သည့် အာရှဖလားခြေစစ်ပွဲစဉ်နှင့် ကိုရီးယားအူဆန်လ်တက္ကသိုလ်အသင်းတို့နှင့် ပွဲစဉ်များတွင် မြန်မာအသင်းအတွက် ဂိုးဒိုင်ခံသွင်းပေးနေသူမှာ Midfield Libero အဖြစ် ပြောင်းလဲကစားနေသည့် စိုးမြတ်မင်းသာ ဖြစ်နေသည်။

စိတ်ဓာတ်ပိုင်းအရာတွင်မူ မြန်မာတို့၏ ပင်ကိုဗီဇအတိုင်း မျိုးချစ်စိတ်ကိုအရင်းခံ၍ မီးကုန်ယမ်းကုန် တိုက်ပွဲဝင်စိတ်ဓာတ် အပြည့်ဖြင့် ယှဉ်ပြိုင်ကစားသွားမည်မှာ သေချာလှသည်။ မြန်မာတိုက်စစ်မှူးများသာ ပွဲဦးတွင် စောစောစီးစီး ဂိုးပေါက်ပြန်ရာတွေ့ခဲ့ပါမူ နိုဝင်ဘာ ၂၉ ရက်တွင် ဆုံတွေ့မည့်ပွဲစဉ်သည် ပြီးခဲ့သည့်(၂၁)ကြိမ်မြောက်ပြိုင်ပွဲကဲ့သို့ မြန်မာဘောလုံးပရိသတ်အပေါင်းကို ဝမ်းသာပျော်ရွှင်စေမည့် ပွဲစဉ်ဟုသာ ဆိုရပေလိမ့်မည်။ ။ **(မြန်မာ့အလင်း)**

(၂၁)ကြိမ်မြောက်အရှေ့တောင် အာရှပြိုင်ပွဲတွင် မြန်မာအသင်းကို ရှုံးနိမ့်ပြီးနောက် ကွင်းအတွင်း စင်ကာပူအသင်းသားများ ဝမ်းနည်းပက်လက် ဤသို့ဖြစ်ကြရသည်။

တန်ဖိုးရှိသော ရေဝတီတံတား(မကွေး)၏ တစ်နှစ်ကျော်ခရီး

သတင်းဆောင်းပါး – ကျော်ဇောလင်း(မကွေး)
ဓာတ်ပုံ – နေခြည်နေဝင်း(မကွေး)

သူကကူ ကိုယ်ကဝိုင်းလို့
ရိုင်းပင်းတော့ညီညာ
ပြည်မြန်မာ ခွန်းအား။
လမ်းတံတားရယ် တစ်ဆင့်ပြီးတစ်ဆင့်
ပန်းများနှယ် တစ်ပွင့်ပြီးတစ်ပွင့်
ထူးတင့်လှသား။ ။

(မြင်းမူမောင်နိုင်မိုး၏ ပြည်ထောင်စုမိုးကောင်းကင် ကဗျာမှ)

တပ်မတော်အစိုးရလက်ထက် မြန်မာနိုင်ငံအတွင်း တစ်နေရာမှတစ်နေရာသို့ သွားလာမှု လွယ်ကူချောမွေ့စေရေး လမ်းပန်းဆက်သွယ်မှု အခန်းကဏ္ဍသည် အံ့မခန်းတိုးတက်ခဲ့ပြီး သမိုင်းကမ္ပည်းမော်ကွန်းထိုး မှတ်တမ်းတင်ထိုက်ပေသည်။ ပြည်ထောင်စုတစ်ဝန်းလုံး အရှေ့အနောက်၊ တောင်မြောက် တစ်နေရာမှတစ်နေရာသို့ လက်ယှက်ထိုးဆက်သွယ်မိစေရန် ရထားလမ်း၊ ကားလမ်း၊ မြစ်ကူးတံတားကြီးများ၊ သင်္ဘောဆိပ်၊ သင်္ဘောကျင်းများနှင့် လေယာဉ်ကွင်းသစ်ကြီးများ တည်ဆောက် ဖောက်လုပ်ပေးလျက် ရှိပေသည်။

လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်းသည် တိုင်းပြည် တစ်ပြည်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောမှုကို တိုးတက်ဖြစ်ပေါ်စေသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်အေးချမ်း သာယာဝပြောသော နိုင်ငံတော်ရွှေပြည်သစ်ပန်းတိုင်ခရီးသို့ အရောက်လှမ်းရာတွင် ခိုင်မာသည့် စီးပွားရေးအခြေခံအဆောက်အအုံအတွက် အခြေခံအကျဆုံး အုတ်မြစ်သည် လမ်းပန်းဆက်သွယ်မှုအခန်းကဏ္ဍပင် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရ လက်ထက် ပြည်ထောင်စုကြီး တစ်ရပ်လုံးဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကား ပြန့်ပွားရေး၊ ဒေသတစ်ခုနှင့်တစ်ခုကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် ကျဉ်းမြောင်းစေရေးတို့အတွက် ငွေကြေး ပမာဏအမြောက်အမြား အကုန်အကျခံကာ လမ်းနှင့်တံတားများကို လက်ညှိုးထိုးမလွဲအောင် လက်ယှက်ထိုး တည်ဆောက်ပေးလျက် ရှိသည်။

၁၉၈၈ ခုနှစ်မတိုင်မီက ဧရာဝတီမြစ်ကူးတံတား တစ်စင်းနှင့်စစ်တောင်းမြစ်ကူးတံတားတစ်စင်းသာရှိခဲ့ရာမှ ယခုအခါ ဧရာဝတီမြစ်ကူးတံတားကြီး ခုနစ်စင်း၊ ချင်းတွင်း မြစ်ကူးတံတားနှစ်စင်း၊ သံလွင်မြစ်ကူးတံတားသုံးစင်း အပါအဝင် ပေ ၁၈၀အထက် မြစ်ကူးတံတားကြီး ၁၆၃ စင်းကို တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ရာ ထူးခြားသော သမိုင်းမော်ကွန်းတင်နိုင်ပြီဖြစ်သည်။ တံတားကြီးစာရင်းဝင် တံတားကြီးပေါင်း ၁၆၃ စင်းကို ပြည်ထောင်စုအနှံ့ တည်ဆောက်ပြီးဖြစ်ရာ ဘဏ္ဍာငွေကျပ်သန်း ၈၈၀၀၀ ခန့်အကုန်အကျခံခဲ့သည်။ တပ်မတော်က ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအတွက် တံတားသုံးစင်းပါဆိုလျှင် ယခုအခါ တံတားစုစုပေါင်း ၁၆၆စင်း ရှိပြီဖြစ်သည်။

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် အလှူရေစက် လက်နှင့်မကွာ လှူဒါန်းကြသူများဖြစ်ရာ တံတား၊ ကျောင်း၊ သိမ်၊ ဇရပ်၊ ဂူ၊ ပြာသာဒ်တို့ လှူဒါန်းခြင်း၌ သဒ္ဓါတရားထက်သန်ကြသူများ ဖြစ်ကြသည်။

တံတားလှူဒါန်းရသော အကျိုးများမှာ–

(၁) ချောက်ကမ်းပါး၊ တောင်၊ သစ်ပင်များမှ ကျသော် ထောက်တည်ရာတစ်ခုခုရနိုင်ခြင်း၊
(၂) ရန်သူတို့ မနှိပ်စက်နိုင်ခြင်း၊
(၃) ခိုးသူတို့ မနှိပ်စက်နိုင်ခြင်း၊
(၄) မင်းတို့ မထိမဲ့မြင် မအောက်မေ့ခြင်း၊
(၅) ရန်သူခပ်သိမ်းတို့ကို လွန်မြောက်ခြင်း၊
(၆) လွင်တီးခေါင်၌ နေထိုင်စေကာမူ ကြမ်းတမ်းသော နေပူက မနှိပ်စက်နိုင်ခြင်း၊
(၇) နတ်ပြည်၌ဖြစ်စေ၊ လူ့ပြည်၌ဖြစ်စေ လိုလားရာအခါ၌ ကောင်းစွာဖန်ဆင်းအပ်သော ဆင်ယာဉ်ပေါ်လာခြင်း၊
(၈) လေကဲ့သို့ လျင်မြန်သော သိန္ဓောမြင်း တစ်ထောင် ညအချိန်၊ နံနက်အချိန်များ၌ ချဉ်းကပ်လာခြင်း၊
(၉) ဆင်ပျံရတနာဖြင့် ကောင်းကင်၌ သွားနိုင်ခြင်း၊
(၁၀) အာသဝေါကုန်ခန်း ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ပြုရခြင်း

ဟူသည့် တံတားလှူဒါန်းခြင်းကြောင့် ရရှိသော အကျိုးတရား ၁၀ပါးကို ဟောကြားခဲ့သည်။

ဒီပင်္ကရာ မြတ်စွာဘုရားရှင်သည် ရဟန္တာလေးသိန်းခြံရံလျက် ဒေသစာရီကြွချီတော်မူရာ ရမ္မာဝတီပြည်သို့ ရောက်တော်မူသည်။ ပြည်သူပြည်သားတို့က မြတ်စွာဘုရားကြွလာမည့် လမ်းတစ်လျှောက်လုံး မြေညှိခြင်း၊ မြေဖို့ခြင်း၊ ရွှံ့ဗွက်များဖို့ခြင်း၊ အမှိုက်သရိုက်များ ရှင်းခြင်းတို့ဖြင့် ကုသိုလ်ပြုလျက် ရှိကြသည်။ သုမေဓာရှင်ရသေ့သည် ကိုယ်တိုင်ကိုယ်ကျ အဝေးမှမြေတို့ကို တူးယူထမ်းပိုးလျက် ရွှံ့ဗွက်ကြီးကို ဖို့တော်မူ၏။ သုမေဓာရှင်ရသေ့ လမ်းနေရာ ပြုပြင်ဖို့၍ မပြီးသေးခင်တွင် ဒီပင်္ကရာ မြတ်စွာဘုရားသည် ရဟန္တာလေးသိန်းနှင့် ကြွချီတော်မူလာ၏။

“ယခု ငါ၏အသက်ကို စွန့်တော့မည်၊ မြတ်စွာဘုရားနှင့် ရဟန္တာများသည် ညွန်ပျောင်း၌ ဆင်းရဲစွာဖြင့် ကြွတော်မမူစေလင့်၊ ငါ၏ ကျောပြင်ကိုနင်း၍ ကြွတော်မူပါစေသတည်း” ဟု ကြံစည်ဆုံးဖြတ်၍ ညွန်ပျောင်းထက်၌ အလျားမှောက်ကာ တံတားခင်းလိုက်သည်။ သဗ္ဗညုဘုရားအဖြစ် ဆုပန်ပြီး သုမေဓာရှင်ရသေ့သည် အလျားမှောက်ရာမှ ဝမ်းမြောက်စွာထပြီးလျှင် နတ်လူတို့ ဖြန့်ကြဲပူဇော်သော ပန်းပုံထက်၌ ထက်ဝယ်ဖွဲ့ ခွေထိုင်နေလျက် ဖြည့်ကျင့်ဆည်းပူးရမည့် ပါရမီတော်တို့ကို မိမိကိုယ်တိုင် ဉာဏ်ဖြင့် စူးစမ်းဆင်ခြင်တော်မူသည်။ ဂေါတမမြတ်စွာဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ခန္ဓာကိုယ်အား အလျားမှောက်ကာ တံတားအဖြစ် လှူဒါန်းခဲ့သောကောင်းမှု ကုသိုလ်စသည့် ပါရမီများဖြည့်ကျင့်ခဲ့မှုကြောင့် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပေသည်။

လမ်းနှင့်တံတား ပြည်သူ့အား ဆောင်ပုဒ်နှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ရေဝတီတံတား(မကွေး)ကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုကို ခံယူ၍ ၂၀၀၀ပြည့်နှစ် ဇန်နဝါရီလ ၂၀ရက်နေ့တွင် စတင်တည်ဆောက်ခဲ့သည်။ သုံးနှစ်စီမံချက်ဖြင့် တည်ဆောက်ခဲ့သော်လည်း ၂၀၀၂ခုနှစ် နိုဝင်ဘာလတွင် အချိန်စောပြီးစီးသဖြင့် နှစ်နှစ်နှင့် ကိုးလသာအချိန်ကြာမြင့်ခဲ့သည်။ ရေဝတီတံတား(မကွေး)ကို အရှည်ပေ ၈၉၈၉ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ပေ၊ လူသွားလမ်းအကျယ် တစ်ဖက် ခြောက်ပေစီဖြင့် မြန်မာအင်ဂျင်နီယာများ တည်ဆောက်ခဲ့သည်။ [မွန်ပြည်နယ် သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ပြီးစီးပါက မြန်မာနိုင်ငံတွင် အရှည်ဆုံး တံတားဖြစ်ပြီး ရထားရော ကားပါ သွားလာနိုင်မည်ဖြစ်သည်]

မြန်မာအင်ဂျင်နီယာတို့၏ စွမ်းဆောင်ရည်အောင်မြင်မှုသည် အရှေ့တောင်အာရှနိုင်ငံများထိ ဂုဏ်သတင်းမွှေးခဲ့ပြီး ထိပ်ဆုံးကဖြစ်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ ဂျော့ဂျကာတာမြို့တွင် အရှေ့တောင်အာရှနိုင်ငံများ အင်ဂျင်နီယာ အသင်းချုပ်က ကြီးမှူးကျင်းပသည့်အာဆီယံအဖွဲ့ဝင်များမှအင်ဂျင်နီယာအသင်းများ၏ ၂၀၀၃ ခုနှစ် (၂၁)ကြိမ်မြောက် ညီလာခံတွင် မြန်မာအင်ဂျင်နီယာအသင်း ဆွတ်ခူးရရှိခဲ့သည်။ အာဆီယံ အင်ဂျင်နီယာ လုပ်ငန်းဆိုင်ရာ ထူးချွန်ဆုများအနက် တစ်ခုကို ပဲခူးတိုင်း ပြွန်တန်ဆာမြို့အနီး ရဲနွယ်ချောင်းတံတားကို မြန်မာအမျိုးသမီးအင်ဂျင်နီယာများ ဦးဆောင်တည်ဆောက်ခဲ့၍ ရရှိခဲ့ခြင်းဖြစ်သည်။

ရေဝတီတံတား(မကွေး)ကို ၂၀၀၂ ခုနှစ် နိုဝင်ဘာလ ၂၄ရက်နေ့တွင် ဖွင့်လှစ်ခဲ့ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ချီးမြှင့်ပြီး ပြည်သူလူထုအား နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင်–

“ယခု မကွေးတံတားကြီးသည် ဤဒေသအတွက် အမှန်တကယ်လိုအပ်သော တံတား၊ တန်ဖိုးရှိသော တံတားဖြစ်ကြောင်း၊ မိမိသည် ဤဒေသနယ်မြေအတွင်း တာဝန်အမျိုးမျိုးကို ထမ်းဆောင်ခဲ့ဖူးသဖြင့် နယ်မြေနှင့် ပြည်သူလူထု၏ နိစ္စဓူဝရုန်းကန်နေရသော အခြေအနေများကို သိရှိခဲ့ကြောင်း၊ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းတို့မှာ နီးလျက်နှင့် ဝေးနေပြီး ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းသင့်သလောက် မဖြစ်ထွန်းခဲ့ကြောင်း၊ ယင်းအချိန်ကတည်းကပင် ဤဒေသ၌ ဧရာဝတီ မြစ်ကူးတံတားကြီးရှိလျှင် ကောင်းမည်ဟု စိတ်ကူးခဲ့ကြောင်း၊ မိမိတို့နိုင်ငံတာဝန်ယူလာသည့်အခါ ဤဒေသ၌ လိုအပ်နေသော တံတားကြီးကို မဖြစ်ဖြစ်အောင် တည်ဆောက်မည်ဟု သန္နိဋ္ဌာန်ချမှတ်ခဲ့ကြောင်း”

ထည့်သွင်း မိန့်ကြားခဲ့သည်။

ဒေသခံတို့၏ နေ့စဉ် သွားလာမှုဆင်းရဲဒုက္ခ အခက်အခဲကို မျက်မြင်ကြုံတွေ့ခဲ့ဖူးသော နိုင်ငံတော်အကြီးအကဲ၏ ယခင်က ဖြစ်ပေါ်ခဲ့သော စိတ်ကူးဆန္ဒကို လက်တွေ့အကောင်အထည်ဖော်နိုင်၍ ပြည်သူတို့အပေါ် ထားရှိမှုစေတနာ လွန်စွာကြီးမားကြောင်း သိသာထင်ရှားလှသည်။

ရေဝတီတံတား(မကွေး)၏ ပြည်သူတို့အပေါ် လက်တွေ့အကျိုးပြုမှုအခြေအနေကို လေ့လာရန် စာရေးသူ ၂၀၀၃ခုနှစ် နိုဝင်ဘာလ ၆ရက် ညနေဘက်တွင် မင်းဘူး ဘက်ကမ်းတံတားဂိတ်သို့ ရောက်ရှိခဲ့သည်။

တာဝန်မှူး ဒေါ်တင်တင်ဝင်းက စိတ်ရှည်စွာ ဤသို့ရှင်းပြခဲ့သည်။

“ရေဝတီတံတား(မကွေး)ကြောင့် မင်းဘူး–အမ်း–စစ်တွေလမ်းကြောင်းအတိုင်း ရခိုင်ပြည်နယ်၊ ပုသိမ်–မုံရွာလမ်းအသုံးပြုပြီး ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်းများ၊ ဟားခါး–ဂန့်ဂေါလမ်းကြောင်း၊ ကျောက်ထု–ဆောလမ်းကြောင်းတို့မှ ချင်းပြည်နယ်တို့ကို လွယ်လွယ်ကူကူဆက်သွယ်သွားလာနေကြပါတယ်။ တံတားကြီး ကျေးဇူးကြောင့် ဧရာဝတီမြစ်အနောက်ဘက်ကမ်း မြို့ရွာကျေးလက်ဒေသတွေ စီးပွားရေးသိသိသာသာကြီး ဖွံ့ဖြိုးတိုးတက်ခဲ့ပါတယ်။ ကုန်စည်စီးဆင်းမှု မြန်ဆန်မှန်ကန်လာခဲ့ပါတယ်”

အပြန်တွင် ရေဝတီတံတား(မကွေး)ပေါ် ဖြတ်သန်းပြန်လာခဲ့ရာ ရန်ကုန်မြို့နေ သားမောင်စာရေးဆရာတစ်ဦးက စလင်းမြို့ရှိ မိဘများထံ တံတားကြီး ကျေးဇူးကြောင့် လွယ်လွယ်ကူကူသွားလာနိုင်မှု ခံစားချက်အပြည့် ရသမြောက်စွာ ဖွဲ့နွဲ့ထားသော ကဗျာတစ်ပုဒ်၏ တစ်စိတ်တစ်ဒေသကို ရွတ်ဆိုနေမိပါသည်။

မြစ်ကူးချောင်းခြား
နှစ်ပေါင်းများပြီ
သားတို့ရှိရာ မိမလာနိုင်
သားတို့ရှိရာ ဖမလာနိုင်
ရှည်ကြာအစဉ်ရှိပါပြီ
ရောအသင်သိပါသည်။
ယနေ့တွင်မူ
တွေ့မြင်သူတိုင်း
ကြည်ဖြူပြုံးပန်း နှလုံးချမ်းစွ
မုန်းမန်းစလင်း ကုန်းလမ်းကျဉ်း၍
မြစ်မင်းရော ချစ်ခြင်းသာပြီ
ဝေးကွာခရီး မြစ်ချောင်းစီးလည်း
တံတားကြီးပြီးသမို့
သားကြီးတို့ ကားစီးလို့ပြန်လာမည်
သားမောင်လာလမ်း မျှော်မှန်းရည်။ ။

(စလင်းဘုန်းကျော်၏ ‘တံတားပြီးသမို့ သားကြီးတို့ ကားစီးလို့ပြန်လာမည်’ကဗျာမှ)

အရှည်ပေ ၈၉၈၉ ပေရှိ ရေဝတီတံတား (မကွေး)ကို ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။
(ဓာတ်ပုံ–နေခြည်နေဝင်း၊ မကွေး)

မိတ္ထီလာမြို့နယ်၌ ကျေးလက်တန်ဖိုးနည်းအိမ်ရာ ဖွင့်ပွဲကျင်းပ လယ်သမားအိမ်ထောင်စု ၄၄စုတို့ ပျော်ရွှင်စွာနေထိုင်လျက်ရှိ

မိတ္ထီလာ နိုဝင်ဘာ ၂၀

မိတ္ထီလာမြို့နယ် ကျေးလက်တန်ဖိုးနည်းအိမ်ရာများဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၉ရက်က ရေချိုကျေးရွာ ကျေးလက်တန်ဖိုးနည်းအိမ်ရာရှေ့တွင် ကျင်းပသည်။ **(အောက်ပုံ)**

ဖွင့်လှစ်ပေး

ကျေးလက်တန်ဖိုးနည်းအိမ်ရာဖွင့်ပွဲတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်သန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ချိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆောက်လုပ်ခဲ့

ကျေးလက် တန်ဖိုးနည်းအိမ်ရာ ၁၀လုံးကို ရေချိုကျေးရွာတွင် ဇူလိုင် ၂၁ရက်မှ စတင်ဆောက်လုပ်ခဲ့ရာ အိမ်ရာ တစ်လုံးလျှင် သစ်ငါးတန်နှင့်သွပ်အချပ် ၆၀ ဝယ်ယူခွင့်ရရှိခဲ့သည်။ယခုအခါယင်းကျေးလက်တန်ဖိုးနည်းအိမ်ရာများ တွင်ရေချိုကျေးရွာမှတောင်သူလယ်သမား အိမ်ထောင်စု ၄၄စုတို့သည် ပျော်ရွှင်စွာနေထိုင်လျက်ရှိကြသည်။ (၄၁၄)

ဆက်ကပ်လှူဒါန်း

နိုဝင်ဘာ ၅ရက်က ဆီဆိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် အဋ္ဌမ အကြိမ်မြောက် စုပေါင်းဘုံကထိန်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးယဉ်ထွေးနှင့် အလှူရှင်များက သံဃာတော်များအား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(၀၄၈)

ဆေးပဒေသာပင်အတွက် အလှူငွေပေးအပ်

ကန့်ဘလူ နိုဝင်ဘာ ၁၈

ကန့်ဘလူမြို့နယ် ကျန်းမာရေး ဦးစီးဌာန မြို့နယ်ပြည်သူ့ဆေးရုံသို့ ဆေးပ ဒေသာပင်အတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၉ရက်က မြို့နယ်ပြည်သူ့ ဆေးရုံခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အတွင်း ရေးမှူးဦးအောင်ကျော်စိုးကအမှာစကား ပြောကြားပြီးကန့်ဘလူမြို့နယ် အသင်း (ရန်ကုန်)အတွင်းရေးမှူး ဦးမြင့်တင်က အသင်းကိုယ်စားအလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာ ရေးဦးစီးဌာနမှူး ဒေါက်တာကျော်စိုးက မှတ်တမ်းတင်ဂုဏ်ပြုစကား ပြန်လည် ပြောကြားသည်။ **(၀၅၆)**

(၅၁)ကြိမ်မြောက်ကောလင်းမြို့မဟာဘုံကထိန်ကျင်းပ

ကောလင်း နိုဝင်ဘာ ၁၅

ကောလင်းမြို့ (၅၁)ကြိမ်မြောက် မြို့လုံးကျွတ်မဟာဘုံကထိန်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၈ရက်က ကောလင်းမြို့ အောင်သီရိရပ်ကွက် ဘုန်းတော်ကြီးကျောင်းတိုက်တွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့် သံဃာတော်များကြွရောက်ချီးမြှင့်တော်မူကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စေတနာရှင်များက ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။ **(၀၂၆)**

အောင်ပွဲရအားကစားသမားများ ကျိုက်လတ်မြို့တွင်ဂုဏ်ပြုပွဲကျင်းပ

ကျိုက်လတ် နိုဝင်ဘာ ၂၀

ဧရာဝတီတိုင်း ငါးခရိုင် ကြက်တောင်ရိုက်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိခဲ့သော ဖျာပုံခရိုင်ကိုယ်စားပြု ကျိုက်လတ် မြို့နယ်မှ အားကစားသမားများနှင့် ဖျာပုံခရိုင် လေးမြို့နယ်တွင် ဒုတိယရရှိခဲ့သော ဘောလုံးသမားများအားဂုဏ်ပြုပွဲ အခမ်းအနားကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေဝါလတ် အစည်းအဝေးခန်းမတွင် နိုဝင်ဘာ ၁၄ ရက်က ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ ဧရာဝတီတိုင်း ငါးခရိုင်ကြက်တောင်ရိုက်တံခွန်စိုက်ဒိုင်းဆုရရှိသော ငွေဖလားကြီးအား အသင်း အုပ်ချုပ်သူ ဦးမောင်ဝင်း၊ ဒေါ်ကြူကြူစန်းတို့က မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်ထံလွှဲပြောင်းပေးအပ်သည်။

(၀၅၈)

မြန်မာ့အသံ

၂၈-၁၁-၂၀၀၃

(စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ ဝဠသုတ်နှင့် ဂုဏ်တော်ကွန်ချာ

နေ့လယ်ပိုင်း

၀၉း၃၀ ခေတ်ပေါ်တေး
၀၉း၄၅ အာဆီယံအစီအစဉ်
၁၀း၀၅ အာယုနဲ့သာခုဆွေးနွေးခန်း
၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (မြောက်ဥက္ကလာပစက်မှုဇုန်က သွင်းကုန်အစားထိုးကော်ဖီမစ် စက်ရုံအကြောင်း၊ အပိုင်း-၁)
၁၁း၃၅ အဘိုးအဘွားအလေးထား (သံတွဲခရိုင် ဂျိတ်တောကျေးရွာ အဘိုး ဦးသိန်းနှင့် ဆွေးနွေးခန်း)
၁၂း၀၀ တစ်ပတ်အတွင်း နိုင်ငံ့တကာသတင်း
၁၂း၁၀ ကလေးများအတွက် အင်္ဂလိပ်စာ
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ပညာရေးအထူးအစီအစဉ်)

ညနေပိုင်း

၁၇း၃၀ တစ်ပတ်တွင်းနိုင်ငံ့တကာသတင်း
၁၇း၄၀ သိမှတ်စရာ ကွန်ပျူတာ (Table P.C အကြောင်း)
၁၇း၄၅ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (အားကစားစိတ်ဓာတ်- ဦးဉာဏ်ထွန်း-ညွှန်မှူး-အား/ကာ)
၁၈း၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (လသာတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့တဲ့ မုန်းနိုင်းတိုင်းမမုန်းနိုင်ဘူးတေးစီးရီး)
၂၀း၃၀ English Working Knowledge သင်ခန်းစာ -တေးသံစုံ(မြန်မာ့အသံအဖွဲ့)

အမြို့မြို့ အနယ်နယ် သတင်းများ

မြို့နယ် မီးဘေးကာကွယ်ရေးလုပ်ငန်းများ တိုင်းဦးစီးမှူးနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေး

မန္တလေး နိုဝင်ဘာ ၂၀

မန္တလေးတိုင်း မီးသတ်ဦးစီးဌာနမှ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အထူးစီမံချက်ရေးဆွဲကာ တိုင်း၊ ခရိုင်နှင့် မြို့နယ်များအတွင်း ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၇ ရက် နံနက်က မန္တလေး အောင်မြေသာစံမြို့နယ် ညောင်ပင်ဈေးသို့ တိုင်းဦးစီးမှူး ရဲကျော်သူ၊ ရဲသူရသန်းကျော်ကျော်နှင့်အဖွဲ့ ကွင်းဆင်းကာ မီးဘေးကာကွယ်ရေး ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးကြသည်။

တိုင်းဦးစီးမှူးနှင့်အဖွဲ့အား မြို့နယ်မီးသတ်ဦးစီးမှူးဦးစိုးသန်းနှင့် အဖွဲ့က ဈေးအတွင်း မီးဘေးကာကွယ်ရေး ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ပညာပေးဟောပြော

ထို့နောက်တိုင်းဦးစီးမှူးနှင့်အဖွဲ့သည်ဈေးရုံသစ် ပင်မဈေးရုံအတွင်းရှိ မီးဘေးကြိုတင် ကာကွယ်ရေးအတွက် ဈေးသူဈေးသားများအား ပညာပေး ဟောပြောခြင်း၊ အသိပေးခြင်းများကို ဆောင်ရွက်ကြသည်။ **(၁၆၂)**

ပျော်ဘွယ်မြို့ ကုက္ကိုကိုင်းကျေးရွာတွင် ရေနက်ဆွဲလက်နှိပ်တုံကင်တပ်ရေတွင်း တူးဖော်နေမှုကို အမှုဆောင် အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးစိုးဝင်းကျော်နှင့် အဖွဲ့ နိုဝင်ဘာ ၁၂ ရက်က ကွင်းဆင်း စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဂန့်ဂေါမြို့နယ်တွင် ၄၉ခုဖွင့်လှစ်ပြီး

ဂန့်ဂေါ နိုဝင်ဘာ ၁၅

ဂန့်ဂေါခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း တစ်ရပ်အဖြစ် ပညာဘဏ်တိုက် စာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ဂန့်ဂေါမြို့နယ်ရပ်ကွက်/ကျေးရွာများ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၄၉ခုဖွင့်လှစ်ဆောင်ရွက်နိုင်ပြီဖြစ်သည်။

ဂန့်ဂေါမြို့နယ် ကန်ရွာအထက်၌ ဖြိုးစာကြည့်တိုက်ဖွင့်ပွဲကို အောက်တိုဘာ ၂၄ရက်တွင်လည်းကောင်း၊ ကံသာကျေးရွာ၌ ပညာရုံသီစာကြည့်တိုက် ဖွင့်ပွဲကို အောက်တိုဘာ ၂၅ရက်တွင်လည်းကောင်း ကျင်းပကြသည်။ (၂၇၃)

ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
ချင်းပြည်နယ်တရားရုံး
၂၀၀၂ ခုနှစ် တရားမဇာရီမှု အမှတ် ၂

မြန်မာ့စီးပွားရေးဘဏ် တီးတိန်မြို့	**နှင့်**	၁။ ဦးရိုခေါ်ထန် ၂။ ဒေါ်သွန်ခေါ်လ်ကျိန် စကောလ်လမ်းရပ်ကွက်၊ တီးတိန်မြို့
ဒီကရီရရှိသူ		**တရားရှုံး**

၂၀၀၀ ပြည့်နှစ် တရားမကြီးမှု အမှတ် ၂ တွင် ရရှိသော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက် (မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ် နတ်တော်လဆုတ် ၁၁ ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

တီးတိန်မြို့၊ စကောလ်လမ်းရပ်ကွက်၊ မြေကွက်အမှတ် ၁၁၁/၃၊ ဦးပိုင်အမှတ် ၁၃၀၊ ဧရိယာ ၀ ဒသမ ၀၈၅ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအားလုံး၊ လုပ်ငန်းပိုင်ကုန်ပစ္စည်းအားလုံး။ (လေလံကြမ်းခင်းဈေး ကျပ် ၂၈၀၀၀၀၀)

ရောင်းချရန်စည်းကမ်းချက်

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှ ဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၄။ ၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အောင်စိန်
ပြည်နယ်တရားသူကြီး
ချင်းပြည်နယ်တရားရုံး၊ ဟားခါးမြို့

အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ကျွန်မ၏သား မောင်နန္ဒမွန် ၁၂/ဥကမ(နိုင်)၁၈၇၈၇၇ သည် မိဘစကားကို နားမထောင်ဘဲ အိမ်ပေါ်မှဆင်းသွားသည့်အတွက် ၎င်းနှင့်ပတ်သက်၍ မိခင်ဖြစ်သူနှင့် တကွ ညီအစ်ကိုမောင်နှမများမှ လုံးဝတာဝန်မယူနိုင်ကြောင်းနှင့် အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာအပ်ပါသည်။ လာရောက်မေးမြန်းစုံစမ်းခြင်းသည်းခံပါ။

ဒေါ်အေးမြင့်(မိခင်) ၁၂/အစန(နိုင်)၀၀၇၇၆၉

ဝယ်ယူလိုသည်

ကျူရိုး၊ ကိုင်းရိုး၊ စပါးပင် ရိုးပြတ်များကို လှိုင်သာယာ စက်မှုဇုန် အရောက်ပို့ အမြောက်အမြားဝယ်ယူလိုသည်။ ပေးသွင်းနိုင်သူများ ဆက်သွယ်ပါ။

ဆက်သွယ်ရန် ဖုန်း-၀၁-၆၈၅၄၄၁၊ ၆၈၅၄၄၅၊ ၆၈၅၄၄၇

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂

အမည်ပြောင်း

ဦးတိုးမြင့်၏သားနှင့်သမီးဖြစ်သော တက္ကသိုလ်ဝင်တန်း(အောင်)မခင်ပပဝင်း ၁၂/ဗဟန(နိုင်) ၀၇၆၄၄၅ အား မရတီခင်ဟုလည်းကောင်း၊တက္ကသိုလ်ဝင်တန်း(အောင်)မောင်သူရသန်းနိုင် ၁၂/ဗဟန(နိုင်) ၉၈၇၄၈၁ အား မောင်သီဟ်ကျော်ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မရတီခင်၊မောင်သီဟ်ကျော်

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဒ/၄၂၈၂ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း

အထက(၂)စမ်းချောင်း ပဌမအကြိမ်မြောက် အသက်(၆၀)ပြည့်နှင့်အထက် ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ ဖိတ်ကြားလွှာ

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၂)အခြေခံပညာအထက်တန်း ကျောင်းတွင် အမှုထမ်းဆောင်ခဲ့သော အသက်(၆၀)ပြည့်နှင့် အထက်ဆရာမကြီးများအား ပူဇော် ကန်တော့လိုပါသဖြင့် ကြွရောက်ကန်တော့ခံပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ကျောင်းသူဟောင်းများကလည်း စည်ကားသိုက်မြိုက်စွာ လာရောက် ကန်တော့ကြပါရန် ဖိတ်ကြားပါသည်။

နေ့ရက် - ၂-၁၂-၂၀၀၃ (အင်္ဂါနေ့)
အချိန် - နံနက် ၁၀း၀၀နာရီ
နေရာ - စံပယ်ခန်းမဆောင်

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅
ရန်ကုန်တိုင်းတရားရုံး၊တွဲဖက်တိုင်းတရားသူကြီး(၅)
၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၉၅၆

ဦးခင်မောင်ထွေး အောင်ချမ်းသာပွဲရုံ၊ ၈/၆၁၊အသောကလမ်း ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်	**နှင့်**	၁။ ကိုမင်းသူ၊ ၂။မအိအိရွှေစင်ထွန်း တိုက်အမှတ် ၁၆၅၊ အခန်း အမှတ် ၄၊ ကောက်လျှင်လမ်း၊၂၉ရပ်ကွက်၊သုဝဏ္ဏမြို့၊ သင်္ဃန်းကျွန်းမြို့နယ်။ ၃။မအေးမြင့်သန်း၊ ၄။ကိုကံချွန် ပိတောက်ဝါဆန်ပွဲရုံ၊ ကုန်သည်လမ်း၊ ဈေးအနောက်ဘက်၊ မြို့မမြောက်ရပ်၊ ရေနံချောင်းမြို့
တရားလို		**တရားပြိုင်များ**

အထက်အမည်ပါ(၁)ကိုမင်းသူ၊ (၂)မအိအိရွှေစင်ထွန်း၊ (၃)မအေးမြင့်သန်း၊ (၄)ကိုကံချွန် တို့သိစေရမည်။ သင်တို့အပေါ်၌ တရားလိုများက ကုန်ဖိုးငွေ ၉၆၇၃၀၃၆ ကျပ်ရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၉ ရက် (၁၃၆၅ ခုနှစ် နတ်တော်လဆုတ်၁ရက်) မွန်းမတည့်မီနံနက် ၁၀နာရီတွင် အထက်က အမည်ရေးသား ပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်တို့ မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာ သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။ ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိန်မောင်
တွဲဖက်တိုင်းတရားသူကြီး(၅)၊ ရန်ကုန်တိုင်းတရားရုံး

တရားရုံးချုပ်ရှေ့နေဦးရဲထွန်း၏ (၁၈-၁၁-၂၀၀၃)ရက် မြန်မာ့အလင်းသတင်းစာကြေညာချက်နှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ အမှတ်(၁၀၁) ခြောက်ထပ်တိုက်၊ (၄)လွှာ၊ အခန်းအမှတ်(၄)တိုက်ခန်းနှင့် ပတ်သက်၍ ကန်ထရိုက်တာ ဦးမြင့်ဝေထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင်သူမှာ ဦးကြည်ဝင်းဖြစ်ပါသည်။ ဦးကြည်ဝင်းအမည်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ကြောင်း သိရှိပါလျက် ဦးကြည်ဝင်းမသိရှိ၊ ဦးကြည်ဝင်းမပါရှိဘဲ ညီတော်သည်ဆိုသူ ဦးတင်သိန်းနှင့် အဆိုပါတိုက်ခန်းကို အရောင်းအဝယ်ပြုလုပ်ရန် စရန်ငွေပေးချေခြင်း၊ စာချုပ်ပြုလုပ်ခဲ့သည်ဆိုခြင်းမှာ ဥပဒေနှင့်မညီညွတ်သည့်အပြင် သဘာဝလည်းမကျ၊ တရားနည်းလမ်းတကျလည်း မဖြစ်ပါ။ ဦးကြည်ဝင်း သိမသိ၊ ပါမပါ ကာယကံရှင်များအသိဆုံးဖြစ်ကြပါသည်။ ကြေညာချက်မှာပါသကဲ့သို့ ဦးကြည်ဝင်းသိသည်ဆိုလျှင် အဆိုပါစာချုပ်တွင် ဦးကြည်ဝင်းကို လက်မှတ်ရေးထိုးထားစေနိုင်မည်ဖြစ်ပါသည်။ ဦးကြည်ဝင်းအနေနှင့် အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ဦးတင်သိန်းသို့ တစ်စုံတစ်ရာ တရားဝင်ကိုယ်စားလှယ်လွှဲစာပြုလုပ်ပေးထားခြင်းမရှိပါ။ မည်သူ့ကိုမျှလည်း တရားဝင်ကိုယ်စားလှယ်လွှဲစာ ပြုလုပ်ပေးထားခြင်းမရှိပါ။ ရောင်းချရန်ရည်ရွယ်ချက်လည်း လုံးဝမရှိပါ။ ယခုအခါတွင် ဦးကြည်ဝင်းထံမှ ပျောက်ဆုံးသွားသော အဆိုပါ တိုက်ခန်းနှင့် ပတ်သက်သည့်စာချုပ်မှာ မည်သည့်ဒေသ၊ မည်သူ့ထံတွင် ရောက်ရှိနေပြီဆိုသည်ကို တရားဝင် သိရှိရပြီဖြစ်ပါ၍ ဥပဒေအရ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

ဦးကြည်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဌေးညွန့် B.A(Law), LL.B.
တရားရုံးချုပ်ရှေ့နေ(၁၅၁၂)
အမှတ် ၁၄၊ စံကျောင်းလမ်း၊ ၅ ရပ်ကွက်၊ ဘိုကလေးမြို့

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ပဲခူးမြို့၊ ကြည်တော်ကုန်း(က) ၁ လမ်း၊ အမှတ် ၅၁၉ နေ
ဦးစန်းမြင့်-ဒေါ်ကျင်မြင့် (အန်တီမြင့် အထည်ဆိုင်၊ ပဲခူးဈေးကြီး)
တို့၏သားကြီး
မောင်တင်ကိုဦး B.Sc (Botany)
နှင့်
ရန်ကုန်မြို့၊ မြေနီကုန်း၊ ရန်ကင်းလမ်း၊ အမှတ် ၅၁ နေ
ဦးတင်ဝင်း-ဒေါ်မြင့်မြင့်နွယ် (မြတ်စေတနာဆေးခန်း)
တို့၏သမီးငယ်
ဒေါက်တာဝေနွယ်ဝင်း M.B, B.S (Ygn)
(လက်ထောက်ဆရာဝန်၊ ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ်ဆေးရုံ)
တို့၏

၉-၁၁-၂၀၀၃ ရက်တွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် ၁၆-၁၁-၂၀၀၃ ရက်တွင် Yuzana Garden Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ကုံးချီးမြှင့်ပေးသော ဗိုလ်မှူးကြီးဝင်းမောင် (ပါမောက္ခချုပ်-ဖောင်ကြီး ဗဟိုဝန်ထမ်းတက္ကသိုလ်) နှင့် ဇနီး၊ မင်္ဂလာစိန်လက်စွပ် ဆင်မြန်းပေးသော ဦးလှသိန်း (ဦးဆောင်ညွှန်ကြားရေးမှူး၊ သတ္တုတွင်းဝန်ကြီးဌာန)နှင့်ဇနီးအား လည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်တင်ကိုဦး-ဒေါက်တာဝေနွယ်ဝင်း။

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော လှိုင်မြို့နယ်၊ လှိုင်ရတနာအိမ်ရာတိုက်ခန်းအား အောက်ဖော်ပြပါ ပုဂ္ဂိုလ်မှ ရရှိထားပြီး အဆောက်အအုံနေထိုင်ခွင့် စာချုပ် ထုတ်ပေးထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါ အဆောက်အအုံ နေထိုင်ခွင့်စာချုပ်မူရင်းမှာ ဘဏ်တွင်ထားရှိရာမှ ပျောက်ဆုံးသွားသဖြင့် အသစ်ထုတ်ပေးပါရန် လျှောက်ထားလာသည့်အတွက် မိတ္တူမှန်ထုတ်ပေးခြင်းနှင့် ပတ်သက်၍ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ ၁၄ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	တိုက်ခန်းအမည်ပေါက် အမည်	မှတ်ပုံတင်အမှတ်	နေရာချထားခံရသည့်တိုက်နှင့်အခန်းအမှတ်
၁။	ဒေါ်ခင်နှင်းရီ	၁၂/လသန(ဧည့်)၀၀၀၈၉၆	တိုက်(၁) အခန်း(၉) လှိုင်ရတနာအိမ်ရာ

ဌာနမှူး
အင်ဂျင်နီယာဌာန (အဆောက်အအုံ)

လုံးချင်းအိမ်/ အိမ်ခန်းငှားမည်

မြောက်ဒဂုံ ၇/၈ လမ်းဆုံအနီး (လုံးချင်း) ရေ၊မီး၊ဖုန်း၊ ကျောက်မြောင်း၊အောင်မင်္ဂလာလမ်းကျယ် (ကားမှတ်တိုင်နီး) ရေ၊ မီးစုံ

ဆက်သွယ်ရန်-၆၆၇၂၈၅

ကျေးဇူးဆပ်ပါမည်

ဦးသူရမင်း ၁၂/ကမရ(နိုင်)၀၀၀၅၆၀ ၏ 2/O-C.O.C, G.O.C အပါအဝင်အရေးကြီး လက်မှတ်များ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

ဖုန်း-၆၆၅၅၁၈

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ၂၀၀၄ ခုနှစ်အတွက် ကုန်တင်ရေယာဉ်နှင့် လူစီးရေယာဉ်များကို လိုင်စင်ထုတ်ပေး၍မှတ်ပုံတင်ခြင်း

ကုန်တင်ရေယာဉ်နှင့် လူစီးရေယာဉ်များအား ၂၀၀၃ခုနှစ်အတွက် ထုတ်ပေးထားသော လိုင်စင်သက်တမ်းသည် ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ကုန်ဆုံးမည်ဖြစ်ပါသောကြောင့် ၂၀၀၄ခုနှစ်အတွက် လိုင်စင်သစ်များကို ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ ထုတ်ပေးမည် ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။ ပဲ့နင်း(ကင်ဒယ်)နှင့် သမ္ဗန်ခတ်ခွင့်လိုင်စင်ရရှိထားသူတို့သည် နှစ်သစ်အတွက် လိုင်စင်များကိုလဲလှယ်ရန် လိုအပ်ပါသည်။ လိုင်စင်မရှိသော သူတို့သည် တရားစွဲဆိုခြင်းခံရမည်ဖြစ်ပါကြောင်း။

လိုင်စင်ခများကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်) ရေကြောင်းဌာန၊အမှတ် ၁၀၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့သို့ ပေးသွင်းရမည်ဖြစ်ပါသည်။

အောင်ထွန်း

Car Rental
ကားမျိုးစုံ
အပ်/ငှားနိုင်ပါသည်။
ဖုန်း-၅၀၅၅၀၀၊ ၇၂၇၃၆၉

အမည်ဖြည့်စွက်ခြင်း

ကျွန်မ မအိအိခင်[၁၂/ဒဂတ(နိုင်) ၀၁၈၀၅၇]အား မအိအိခင်(ခ) မဆိုင်းပန်းဟု အမည်ဖြည့်စွက် ခေါ်ပါရန်။

မအိအိခင်(ခ)မဆိုင်းပန်

နိုဝင်ဘာ ၁ ရက်က မကွေးမြို့ သုခိတာလမ်း ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးကြည်သန်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

အိမ်မဲမြို့နယ် ကျုံတလုတ်ကျောင်းစုကျေးရွာ၌ ဝမ်းမြောက်ဖွယ် စာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ ၉ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မေမြင့်၊ မြို့နယ် လက်ထောက်ပညာရေးမှူး ဦးတင့်ဆွေနှင့် လက်ထောက်ဥပဒေအရာရှိ ဦးအုန်းရွှေတို့က ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ချစ်တူမလေး စုစုမွန် အတွက် မွေးနေ့ဆုတောင်း

ချစ်တူမလေး စုစုမွန်၏ ၂၈-၁၁-၂၀၀၃ရက်တွင် ကျရောက်သော (၁၄) နှစ်မြောက်မွေးနေ့မှ နောင်နှစ်ပေါင်းများစွာတိုင်အောင် ပျော်ရွှင်ချမ်းမြေ့ပြီး ထူးချွန်ထက်မြက်သော ပညာတတ်သမီးအလိမ္မာလေးဖြစ်ပါစေ။

ချစ်သော ဘိုးဘိုး၊ ဘွားဘွား – ဦးညွှန့်လွင်(ဒု-ထောင်ပိုင်၊(ငြိမ်း)–ဒေါ်အုံးကြည်

ချစ်သော ဦးဦး – ဦးကိုကိုနိုင်–ဒေါ်ခင်မို့မို့
ဦးကိုကိုလှိုင်
ဦးသိန်းကျော်ဝင်း
(ခေတ္တ–မလေးရှား)

ချစ်သော အန်တီ – ဒေါ်ဝင်းဝင်းအေး
ဒေါ်ဝင်းဝင်းထွေး

မန္တလေး Beach Cold Cafe ကို ရန်ကုန်တွင် ဖွင့်လှစ်လိုက်ပါပြီ။

နံနက်စာ၊ နေ့လယ်စာနှင့်ညစာစားပွဲများနှင့် အအေးမျိုးစုံတို့ကို ဖွယ်ဖွယ်ရာရာနှင့် ဆိတ်ငြိမ်သော အအေးခန်း၊ ပျူငှာသော ဝန်ဆောင်မှုများနှင့် လူကြီးမင်းတို့ စိတ်တိုင်းကျ ဆောင်ရွက်ပေးနေပါသည်။

ကြက်ဆီထမင်း အော်ဒါလက်ခံပါသည်။

Discount 10% ပေးနေပါသည်။

အမှတ် ၁၇၀၊ ဗားကရာလမ်း၊ စမ်းချောင်း၊ ဖုန်း–၅၁၀၆၃၅

အမှတ် ၁၈၉၊ ၃၅လမ်း၊ ၇၇ X ၇၈ကြား၊မန္တလေး၊ဖုန်း–၆၀၂၃၀

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်တို့၏သမီးဖြစ်သူ မသန်းသန်းမြင့် ၉/မကန (နိုင်) ၀၇၇၉၀၇ သည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအရပ်ရပ်များ လုံးဝတာဝန်မယူပါ။

(မေးမြန်းခြင်းသည်းခံပါ)

ဦးကျော်ဟန်
၉/မကန(နိုင်) ၀၀၀၃၀၁
ဒေါ်ဝူဖေလေး (ခ)ဒေါ်လှလှ
၉/မကန (နိုင်) ၀၆၅၂၃၀

အမြန်ဆက်သွယ်ပါ

ရန်ကုန်မြို့တွင်းရှိ အိမ်၊ခြံ၊မြေ၊ တိုက်ခန်း၊ ဂိုဒေါင် ရောင်း၊ဝယ်၊ငှားရမ်းလိုသူများ အမြန် ဆက်သွယ်နိုင်ပါသည်။

Tel; 222923, 09-80 21478

မော်တော်ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈/၇၃၀ မော်တော်ယာဉ် လက်ဝယ်ရှိသူ ဦးကျော်ကျော်စိုး နိုင်ငံသား မှတ်ပုံတင်အမှတ် ၁၂/သလန (နိုင်) ၀၁၁၇၇၆ က မော်တော်ယာဉ် မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ရက်၃၀အတွင်း ကညန၊ခရိုင်ရုံး(သန်လျင်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ခရိုင်ရုံး (သန်လျင်)

ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆၊
ချင်းပြည်နယ်တရားရုံး
၂၀၀၂ခုနှစ် တရားမဇာရီမှု အမှတ် ၁၊

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးနန်ဇခုပ်
တီးတိန်မြို့ ၂။ ဒေါ်ကျိန်ဒိတ်လျန်
စကောလ်လမ်းရပ်ကွက်၊တီးတိန်မြို့

ဒီကရီရရှိသူ **တရားရုံး**

၂၀၀၀ပြည့်နှစ် တရားမကြီးမှု အမှတ် ၈ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၁၉ရက် (မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ် နတ်တော်လဆုတ် ၁၁ ရက်) မွန်းမတည့်မီ နံနက် ၁၀နာရီ အချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

တီးတိန်မြို့၊ စကောလ်လမ်းရပ်ကွက်၊ မြေကွက်အမှတ် ၈၆၊ ဦးပိုင်အမှတ် ၃၁၊ ဧရိယာ ၀ ဒသမ ၁၇၂ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအားလုံး လုပ်ငန်းပိုင် ကုန်ပစ္စည်းအားလုံး (လေလံကြမ်းခင်းဈေး ၂၈၀၀၀၀၀)။

ရောင်းချရန်စည်းကမ်းချက်

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၄။ ၂၀၀၃ခုနှစ် အောက်တိုဘာလ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အောင်စိန်
ပြည်နယ်တရားသူကြီး
ချင်းပြည်နယ်(တရားရုံး)ဟားခါးမြို့

(၁၀)နှစ်မြောက် မင်္ဂလာဆုတောင်း

ကိုသန့်ဇင်–မခိုင်နှင်းအောင်တို့၏ ၂၈-၁၁-၂၀၀၃ရက်တွင် ကျရောက်သော ၁၀နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်း (၁၂၀)တိုင် ပျော်ရွှင်ချမ်းမြေ့သောဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေ။

ချစ်သောအမေ – ဒေါ်ခင်မေရီ (အန်တီတူး)
ချစ်သမီးအမြွှာ – စုမြတ်ဇင်
စုနှင်းဇင်
ချစ်သောညီအစ်ကိုမောင်နှမများ

ဇော်ထွန်းရှိန်၊ ယုဇနမြတ်စိုးနှင့် အများသိစေရန် ကြေညာခြင်း

ဟုန်ပန်းအထွေထွေရောင်းဝယ်ရေး ကုမ္ပဏီလီမိတတ်၏ ဝန်ထမ်း(၂)ဦး ဖြစ်သော ဇော်ထွန်းရှိန် ၁၂/အစန (နိုင်) ၀၅၁၉၁၈ (ဘ)ဦးစိန်သောင်းနှင့် ယုဇနမြတ်စိုး ၁၂/စခန (နိုင်) ၀၅၀၀၉၉ (ဘ)ဦးမြတ်စိုးတို့သည် ကုမ္ပဏီ၏ အရေးကြီးစာရွက်စာတမ်းများကိုယူဆောင်၍ အလွဲသုံးစားပြုလုပ်ကာ GSM Phone တစ်လုံးနှင့်အတူ တိမ်းရှောင်နေပါသည်။ ၎င်းတို့နှစ်ဦးအား ကုမ္ပဏီမှ ၂၁-၁၁-၂၀၀၃ ရက်မှစ၍ အလုပ်မှထုတ်ပယ်ပြီး၍ ကုမ္ပဏီနှင့် လုံးဝသက်ဆိုင် ခြင်း မရှိတော့ကြောင်း၊ ကြော်ငြာပါသည့်ရက်မှ ၄ါးရက်အတွင်း လာရောက် ဖြေရှင်းရန်နှင့် ပျက်ကွက်ပါက ဥပဒေအရအရေးယူမည်ဖြစ်ကြောင်း ကြေညာ အပ်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ
ဟုန်ပန်းအထွေထွေရောင်းဝယ်ရေးကုမ္ပဏီလီမိတက်
ဖုန်း–၀၁–၂၉၉၇၀၉၊ ၂၉၅၃၆၊ ၂၉၃၅၃၃၊ ၂၉၁၀၀၉
၀၉–၅၀၀–၂၁၈၂

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

သတင်းကြေညာချက်

၁၃၆၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ ရက်
(၂၀၀၃ခုနှစ် အောက်တိုဘာလ ၂၉ ရက်)

၁။ နိုင်ငံတော်နှင့် နိုင်ငံသားကုမ္ပဏီများအကျိုးတူပူးပေါင်း၍ ကျောက်စိမ်းများ ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းများမှ ထုတ်လုပ်ရရှိသည့် ကျောက်စိမ်းအသား ကျောက်ရိုင်းများကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ရောင်းချမည်ဖြစ်ပါသည်–

(က) နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်း၍ ကျောက်စိမ်းတူးဖော်ထုတ်လုပ်သည့် ကုမ္ပဏီများဝင်ငွေအမြန်ရရှိစေရန်နှင့် အကျိုးတူလုပ်ငန်းရှင်များ လုပ်ငန်းသုံးငွေများ လည်ပတ်စေရန်။

(ခ) နယ်မြေဒေသအတွင်းမြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ကျောက်စိမ်းရောင်းဝယ်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်။

(ဂ) ကျောက်စိမ်းအချောထည်ထုတ်လုပ်ရောင်းချသည့် နိုင်ငံသားကျောက်မျက် ရတနာလုပ်ငန်းရှင်များ၊ ကျောက်စိမ်းအချောထည် ထုတ်လုပ်ရန်အတွက် ကျောက်စိမ်းကုန်ကြမ်း ရရှိစေရန်။

(ဃ) ကျောက်စိမ်းများကို ပြည်ပသို့ တရားမဝင် ထုတ်ဆောင်ရောင်းချခြင်းများ လျော့နည်းပပျောက်စေရန်။

(င) ရောင်းချပွဲတွင် ကျပ်ငွေဖြင့်ဝယ်ယူရရှိသည့် ကျောက်စိမ်းရိုင်းများအား ဖြတ်တောက်ပြုပြင်ပြီး၊ အဆင့်မီသည့်ကျောက်စိမ်းများကို ၂၀၀၄ခုနှစ်၊မတ်လတွင်ကျင်းပမည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံခြားငွေဖြင့် တင်ပြရောင်းချနိုင်ရန်။

၂။ ကျောက်စိမ်းရိုင်းများ ရောင်းချမည့်အစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) **ရောင်းချမည့်နေရာ**။ ကျောက်စိမ်းခန်းမ၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လှိုင်း‌ခင်း)၊ ဖားကန့်မြို့နယ်။

(ခ) **ရောင်းချပွဲကျင်းပမည့်အစီအစဉ်**

(၁) **၁၀–၁၂–၂၀၀၃ မှ ၁၂–၁၂–၂၀၀၃ ရက်အထိ**။ ရောင်းချမည့် ကျောက်စိမ်းများအား ရတနာကုန်သည်များအား စစ်ဆေးကြည့်ရှုခွင့် ပြုပါမည်။

(၂) **၁၃–၁၂–၂၀၀၃မှ၁၆–၁၂–၂၀၀၃ရက်အထိ**။ ကျောက်စိမ်းအတွဲများအား တင်ဒါစနစ်/ဈေးပြိုင်စနစ်များဖြင့် ဝယ်ယူခွင့်ပြုပါမည်။

(ဂ) **ရောင်းချမည့်စနစ်**။ ကျောက်စိမ်းရိုင်းများအား အတွဲများဖွဲ့၍ အခြေခံ ဈေးနှုန်းသတ်မှတ်ပြီး တင်ဒါစနစ်/ဈေးပြိုင်စနစ်ဖြင့် ရောင်းချပါမည်။

(ဃ) **ဝယ်ယူခွင့်ပြုမည့်ငွေ**။ ပြည်တွင်းသုံးကျပ်ငွေ။

(င) **ရောင်းချပွဲသို့ တက်ရောက်ဝယ်ယူခွင့်**။ ရောင်းချပွဲသို့ နိုင်ငံသားတိုင်းအား တက်ရောက်လေ့လာခွင့်ပြုမည် ဖြစ်ပါသည်။ သို့ရာတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာတူးဖော်ရန် ခွင့်ပြုမိန့်ရရှိထားသူများနှင့် ကျောက်မျက်ရတနာများရောင်းချရန် လိုင်စင်ရယူထားသူများကိုသာ သတ်မှတ် ချက်များနှင့်အညီ ယှဉ်ပြိုင်ဝယ်ယူခွင့်ပြုပါမည်။

၃။ **ရောင်းချပွဲတက်ရောက်ရန် မှတ်ပုံတင်ခြင်း၊ လျှောက်လွှာများ ထုတ်ယူခြင်းနှင့် လျှောက်လွှာများ တင်သွင်းခြင်း**။ အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်–

(က) **မှတ်ပုံတင်ခြင်းနှင့် လျှောက်လွှာများထုတ်ယူခြင်း**။ မှတ်ပုံတင်ခြင်း၊ တက်ရောက်ခွင့်လျှောက်လွှာနှင့် ရောင်းချပွဲစည်းကမ်းသတ်မှတ်ချက်များအား ၁–၁၂–၂၀၀၃ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) ရန်ကုန်မြို့။ ကျောက်စိမ်းတူးဖော်ရေးဌာန (လှိုင်းခင်း)။ ကျောက်မျက်/ကျောက်စိမ်း တူးဖော်ရေးဌာန (စခန်းရုံး) မန္တလေး/မြစ်ကြီးနားမြို့တို့တွင် ထုတ်ယူနိုင်ပါသည်။

(ခ) **လျှောက်လွှာများတင်သွင်းခြင်း**။ တက်ရောက်ခွင့် လျှောက်လွှာများကို ၃၁–၁၂– ၂၀၀၃ ရက်မတိုင်မီ ကျောက်စိမ်းတူးဖော်ရေးဌာန (လှိုင်းခင်း)တွင် တင်သွင်းရပါမည်။

၄။ အသေးစိတ်သိလိုပါက အထက်စာပိုဒ်(၃)၊ စာပိုဒ်ခွဲ(က)ပါ လျှောက်လွှာများထုတ်ယူသည့် လုပ်ငန်း/ဌာန/စခန်းရုံးများနှင့် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ စွန်းလွန်းဂူကျောင်းလမ်း၊ ခြံအမှတ် (၃/ဂ)နေ
(ဦးရွှေတိုး)–ဒေါ်သောင်းတင်(Golden Palace & Golden Yellow Palace Restaurant & Hotel)
တို့၏သားကြီး

မောင်အောင်ရွှေဦး(ခ)မောင်ဖုန်းနိုင်ထက်
(Manager; Golden Yellow Palace Hotel)

နှင့်

ရန်ကုန်မြို့၊ အမှတ် ၆၅၊ အထက်ပုဇွန်တောင်လမ်းနေ
(ဦးစိုးမြင့်)–ဒေါ်မြင့်မြင့်သင်း (ဒို့အမျိုးသားရတနာရွှေဆိုင်၊ဒို့မြန်မာသင်္ကန်းတိုက်)
တို့၏သမီးလတ်

မမာလာစိုး
B.Econ (Eco), Diploma in Business Studies

တို့၏ ၆–၁၁–၂၀၀၃ရက် (ကြာသပတေးနေ့)တွင် အေးချမ်းအောင်မြင်ငွေကျောင်းတော်၌ ဆင်ယင်ကျင်းပသော မင်္ဂလာဦးဆွမ်းဒါန၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဦးအောင်မြင့်ကျော်၊ ၂၃–၁၁–၂၀၀၃ ရက် (တနင်္ဂနွေနေ့) တွင် မြရိပ်ညိုရွှင်ရယ်ဟိုတယ်၌ကျင်းပသော မင်္ဂလာအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးဝင်းမြင့်နှင့် ဇနီး ဒေါ်နုနုတင်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးသောင်းဇော်နှင့် ဇနီးဒေါ်လွင်လွင်ညွှန့်၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးသော ညီမငယ် မဟေမာစိုး၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော ညီမလေး ဖူးပွင့်ဖြိုး၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသော သားလေး စစ်ဝေယံထူး၊ သမီးလေး မေသက်နိ၊ ဗီဒီယိုမှတ်တမ်းတင်ပေးသော ရွှေမိုးဆောင်နှင့်အဖွဲ့၊ မင်္ဂလာဓာတ်ပုံရိုက်ကူးပေးသော သူငယ်ချင်းကိုအေးဇော်မိုး၊ ဆံပင်၊ မိတ်ကပ်အန်တီပွင့်နှင့် သီရိကေခိုင်တို့အားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများ၊ နီလာနှင့်သူငယ်ချင်းများ၊ ကြွရောက်ချီးမြှင့်ကြသော လူကြီးမင်းအပေါင်းနှင့် Mya Yeik Nyo Royal Hotel မှ Manager နှင့် ဝန်ထမ်းများအားလုံး၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဖုန်းနိုင်ထက်–မမာလာစိုး။

မာလာတင်
အမျိုးသမီးကိုယ်ကာယအလှသင်တန်း

စာရင်းလက်ခံပြီ

၂–၂–၂၀၀၄ စမည်

စုံစမ်းချိန် – နံနက် ၉နာရီမှ ညနေ ၆နာရီအတွင်း
လူဦးရေကန့်သတ်သည်။
အမှတ် (၂၉၇) အခန်း (၆)
မဟာဗန္ဓုလပန်းခြံလမ်း
ဖုန်း–၃၇၉၇၃၅

အမည်ပြောင်း

ဦးအောင်မြင့်၏သမီး ကျောက်တော်မြို့ အလက (မြို့မ) အဋ္ဌမတန်း(A) မှ မမေဇင်မြင့်အား ယနေ့မှစ၍ မဆုမြတ်ထိုက်ဟု ပြောင်းလဲခေါ်ပါရန်။ **ဆုမြတ်ထိုက်**

မျက်နှာဖုံး အပ်ပေပါဖြင့်

ထွက်ပြီ

ရောင်းဈေး ၂၀/–ကျပ်

☞ နောက်ဆုံးဖြစ်ပျက်ခဲ့သော ကမ္ဘာ့ရေးရာသတင်းများ၊ ပြည်ပဘောလုံးပွဲ၊ ပြည်တွင်း အားကစားပွဲများ၊

☞ ဖတ်စရာမှတ်စရာများ စုံလင်စွာဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပါပြီ။

ဆက်သွယ်နိုင်ပါသည် (ကိုယ်စားလှယ်ယူလိုသူများ၊ ကြော်ငြာထည့်သွင်းလိုသူများ)
မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်။
ဖုန်း-၅၄၄၃၁၃ ၊ ၅၄၄၃၁၇ ၊ (သတင်းစာကိုယ်စားလှယ်များထံတွင် မှာယူပါက အိမ်တိုင်ရာရောက် ပို့ပေးပါသည်။)

ဒေါ်ခင်ခင်လေး
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ထူပါရုံ ၁၇ လမ်းအနောက်၊ အမှတ် ၇၈၆ နေ (ဦးကျော်မြင့်)၏ဇနီး၊ ဦးမောင်မောင်ဌေး–ဒေါ်ရီရီနွယ်၊ ဒေါ်ကြည်ကြည်မြင့်–ဦးအောင်မြင့်၊ ဒေါ်ရီရီမြင့်–ဦးကျော်သောင်း၊ ဦးကျော်စိန်ဝင်း–ဒေါ်ရင်မြ၊ ဦးမောင်မောင်လေး – ဒေါ်ခင်စန်းဝေ၊ ဒေါ်လှလှမြင့်–ဦးခင်မောင်ဝင်း၊ဒေါ်သန်းသန်းမြင့်–ဦးအောင်မြင့်ဝင်းတို့၏မိခင်၊ မြေး ၁၅ ယောက်၊ မြစ် သုံးယောက်တို့၏အဘွားသည် ၂၇–၁၁–၂၀၀၃ရက် (ကြာသပတေးနေ့) နံနက် ၃:၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉–၁၁–၂၀၀၃ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (သာကေတမြို့နယ် နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်လှ (ကျုံပျော်)
အသက်(၇၈)နှစ်

ကျုံပျော်မြို့ (ဦးမောင်သော်–ဒေါ်ငွေကျင်)တို့၏သမီး၊ (ဦးကိုရီ)၏ဇနီး၊ (ဦးခင်မောင်ညို၊ ဟိန္ဒာသတ္တုတွင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၂)ရပ်ကွက်၊ သခင်အုန်းဖေကြီးလမ်းနေ ဦးစိန်ဝင်း–ဒေါ်ဌေးဌေးရီ၊ ဦးတင်မောင်ဝင်း–ဒေါ်မြင့်မြင့်စိန်(ဥသျှစ်ပင်မြို့)၊ ဦးစိုးရီကြိုင်–ဒေါ်ခင်အေးမူ(သာပေါင်း၊ ပုသိမ်အနောက်ပိုင်း)၊ ဦးအောင်နိုင်ထူး–ဒေါ်ခင်အေးကြူ(ပုသိမ်အရှေ့ပိုင်း၊ကံကြီးဒေါင့်မြို့)၊ ဒေါ်ခင်သိန်းဦး(သတ္တုတွင်းဝန်ကြီးဌာန)၊ မောင်မောင်လွင်–မတင်ဝင်း၊ မောင်မောင်ယဉ်–မဆန်းဆန်း၊ မောင်ဝင်းနိုင်(ဥသျှစ်ပင်မြို့)တို့၏မိခင်၊ မြေး ၂၅ ယောက်တို့၏ အဘွားသည် ၂၆–၁၁–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၂၈–၁၁–၂၀၀၃ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ [ဒဂုံမြို့သစ်(မြောက်ပိုင်း)၊(၄၂)ရပ်ကွက်၊ သခင်အုန်းဖေကြီးလမ်း၊ အိမ်အမှတ် ၁၀၆၂ နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

သင်္ဘောကျင်းတွင်
လုပ်ကိုင်ရန်အတွက်
- သံချေးခေါက်သင်တန်း
- ပြမ်းဆင်သင်တန်း
- ဆေးမှုတ်သင်တန်း

အခမဲ့သင်ပေးသည်။
အမြန်စုံစမ်းပါ။
ဖုန်း- ၂၀၁၃၂၅၊ ၀၉၈၀-၂၃၄၆၃

ကျေးဇူးဆပ်ပါမည် ကျွန်တော်၏ နိုင်ငံကူးလက်မှတ် အမှတ် ၃၄၉၈၃၈မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါ။ ကျေးဇူးဆပ်ပါမည်။ **မောင်ဖြိုးမင်းထိုက် (ဖုန်း–၅၄၃၉၄၂)**

အအေးခန်းတည်းခိုခန်း
ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်

မရမ်းကုန်းမြို့နယ်၊ လေဆိပ်အနီး ခြံကျယ်၊ ဝင်းကျယ် ကားပါကင်ကောင်း၊ အခန်းပေါင်း ၄၀ ကျော် ပါရှိသော အအေးခန်းတည်းခိုရိပ်သာ ရောင်းမည်။ နေ့စဉ်ဝင်ငွေရရှိနေသော လုပ်ငန်းဖြစ်သည်။

ဆက်သွယ်ရန်ဖုန်း–၀၁–၆၆၄၅၁၇၊ ၀၉၅၀–၂၁၈၁၀



သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည်ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင်အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်းသိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း – ၁၉၉
(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး – ၂၉၁၂၈၅၊ ၂၉၁၂၈၄
(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ – ၅၄၁၉၀၅၊ ၅၄၁၉၀၄

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဗိုလ်ထွန်းဝင်း(ခ)
ဗိုလ်ထွန်းအေး (ငြိမ်း)
ဘီစီ–၅၅၉၉
လွတ်လပ်ရေးမော်ကွန်းဝင်
(ပထမဆင့်)
ဒုမန်နေဂျာ(သထရ)
မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)
အသက်(၈၀)

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်းနေ (ဦးဘွင့်–ဒေါ်ပန်းခြံ)တို့၏သား၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၅၇၊ ညောင်တုန်းလမ်းနေ(ဦးဘအုန်း–ဒေါ်အုန်းစိန်)တို့၏သားသမက်၊ (ဒေါ်နုနုဝင်း) မော်ကွန်းဝင် (ဒုတိယဆင့်)၏ခင်ပွန်း၊ ဦးတင်မောင်ဝင်း–ဒေါ်မေဇင်(သစ်လုပ်ငန်း)၊ ဒေါ်မိုးမိုးခိုင်(စိုက်ပျိုးရေး၊ မုဒုံမြို့)–ဦးကြည်လင်း(စိုက်ပျိုးရေး၊ မုဒုံမြို့)၊ ဦးအောင်မြင့်ဝင်း (သစ်လုပ်ငန်း)–ဒေါ်စန်းစန်းညွန့်၊ (ဦးဇော်ဝင်းအောင်)၊ ဦးဇော်ဇော်အောင်(ခ)ဦးဇော်ထူး(မင်းမဟာဖော့နှင့်ဖိုင်ဘာလုပ်ငန်း)–ဒေါ်စိုးစိုးသင်း၊ဦးသက်ဝင်းဇော်–ဒေါ်အေးစန်းတို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၂၆–၁၁–၂၀၀၃ရက်(ဗုဒ္ဓဟူးနေ့)ည ၁၀:၅၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၃၀–၁၁–၂၀၀၃ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မဇာခြည်လင်း(ခ)
မစိုးဇာခြည်လင်း
(သဃ်န်းကျွန်းပညာရေးကောလိပ်၊ ဒုတိယနှစ်)
အသက်(၁၉)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အထက–၁၊ အလုံကျောင်းဝင်းနေ၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်ရပ်ကွက်၊ ပန်းလှိုင်အိမ်ရာ၊ တိုက် ၅၊ အခန်း ၄၂နေ ဆရာဦးအေးမောင်(လယ်ပြ–၁၊အထက–၁၊ အလုံ)–ဒေါ်ခင်ကြည်(အမက–၄၊ ကြည့်မြင်တိုင်)တို့၏သမီး၊မောင်ဇော်ဝင်းထွန်း BBA (1997) စီးပွားရေးတက္ကသိုလ်၊ EGTI-EC (အင်းစိန်) Btech, EC (မော်ဘီ)၏ညီမသည် ၂၇–၁၁–၂၀၀၃ရက် (ကြာသပတေးနေ့) နံနက် ၇:၅၅ နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉–၁၁–၂၀၀၃ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက–၁၊ အလုံကျောင်းဝင်း နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်ကြည်ညွန့် (မြိတ်)
အသက်(၈၂)နှစ်

မြိတ်မြို့၊ ဈေးတန်းရပ်၊ လှည်းထိန်စုလမ်း၊ အမှတ် ၈၈ နေ (ဦးသိန်းအောင်–ဒေါ်ထားမေ)တို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရွှေလောင်းလမ်း၊ အမှတ် ၂၃ နေ (ဦးကျော်သိန်း)၏ဇနီး၊ ဦးမောင်မောင်တိတ်–ဒေါ်ခင်အေးမြင့်၊ ဦးမျိုးသန့်–ဒေါ်ခင်ခင်အေး၊ (ဦးသန်းဌေး)–ဒေါ်ခင်အေးလွင်၊ ဒေါ်ရီရီဌေး၊ ဦးအောင်သန်း–ဒေါ်အင်မူ၊ဦးမျိုးအောင်–ဒေါ်မြင့်ပို၊ ဦးသန်းဝင်း–ဒေါ်နီလာအေး၊ ဦးမျိုးညွန့်–ဒေါ်ဥမ္မာမြင့်တို့၏မိခင်၊မြေး ၁၇ ယောက်၊ မြစ် သုံးယောက်တို့၏ အဘွားသည်၂၆–၁၁–၂၀၀၃ရက် မွန်းလွဲ ၁၂:၄၅ နာရီတွင်အာရှတော်ဝင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၃၀–၁၁–၂၀၀၃ရက် ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးမြမောင် (ဓနုဖြူ)
သစ်ဆန်းပုံနှိပ်မိတ္တူလုပ်ငန်း
အသက်(၇၉)နှစ်

ဧရာဝတီတိုင်း၊ ဓနုဖြူမြို့၊ ဘုရားလမ်းနေ (ဒေါ်စောရီ)၏ခင်ပွန်း၊ ဒေါ်ခင်ခင်ဆွေ၊ ဦးအေးစန်း–ဒေါ်ခင်သန်းအေး၊ ဒေါ်တင်တင်ဌေး၊ ကိုသန်းဦး၊ ကိုလှစိုး–မတင်နွယ်ဝင်း၊ မချိုချိုစန်း၊ မဝင်းဝင်းမော်တို့၏ဖခင်၊ မသီရိခိုင်၊ မငြိမ်းအေးခိုင်၊ မအေးယုသွင်တို့၏ အဘိုးသည် ၂၄–၁၁–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၂၆–၁၁–၂၀၀၃ရက် မွန်းတည့် ၁၂နာရီတွင် ဓနုဖြူမြို့ ဖိုးမြဲကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ငြိမ်းရီ(ခ)အိုက်ဟှာ
(တောင်ကြီးမြို့)
အသက်(၆၂)နှစ်

တောင်ကြီးမြို့နေ (ဦးခေါ်စံ–ဒေါ်ကျင်မြိုင်)တို့၏သမီး၊ နမ့်ခမ်းမြို့နေ (ဦးရွက်ဟိန်း)–ဒေါ်နန်းစံတို့၏ သမီးချွေးမ၊ ဦးလင်ဘိဝမ်–ဒေါ်လှရီ၊ (ဦးတင်ထွန်း)၊ ဦးလှရွှေ–ဒေါ်အေးအေးခိုင်တို့၏ ညီမ၊ ဦးတူး–မဝါ၊ ဒေါ်ရှုဝါ၊ ဦးနေဝင်းစိန်–ဒေါ်ရင်ရင်လှ၊ ဦးအန်းနီ–ဒေါ်ခင်မာဖြူ၊ ဦးသိန်းရွှေ၊ ဦးလေးရွှေ–ဒေါ်ဥမ္မာတို့၏ အစ်မ၊ ဒုရဲမှူး(ဦးစိုင်းထွန်းတင်)၏ဇနီး၊ တောင်ကြီးမြို့၊ အိမ်အမှတ် (လ–၁၁၁)၊ တက်ခေတ်လမ်းကြား၊ လမ်းမတော်ရပ်ကွက်နေ ဦးလှိုတယ်ကျုံး–နန်းတင်ထွေး၊ ဦးယဉ်ကျော့မိုး(စစစ)–နန်းခင်ထွေး (ဒုရဲအုပ်၊ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး)၊ ဦးဝင်းလှိုင်ထွန်း–နန်းရီထွေး၊ ဦးစိုင်းထွန်းငြိမ်း–ဒေါ်ချိုချို၊ ဦးစစ်နိုင်–နန်းငြိမ်းထွေး၊နန်းအေးအေးသန့်၊နန်းအေးရင်၊ နန်းမြင့်အေး၊ စိုးနိုင်ဦးတို့၏မိခင်၊ မြေး ခုနစ်ယောက်တို့၏ အဘွားသည် ၂၆–၁၁–၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) ည ၉:၃၀ နာရီတွင်ကွယ်လွန်သွားပါ၍ ၃၀–၁၁–၂၀၀၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ တောင်ကြီးမြို့ မုံတဝဂူဟုန့်ကျန့် သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်အုန်းမေ
(ကျောင်းဆရာမ)
အမက(၁၇)၊တာမွေ
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊နတ်ချောင်းရပ်ကွက်၊ အမှတ် ၂၇၊ ပွဲစားတန်းလမ်း (လနစ်စင်းသော်တာ မုန့်ဟင်းခါးလုပ်ငန်း)နေ (ဦးမောင်ငြိမ်း–ဒေါ်ကျင်လှိုင်)တို့၏သမီး၊ (ဦးအောင်ခန့်)–ဒေါ်ကြိုင်တို့၏တူမ၊ ဦးကြီးမြင့်၊ ဒေါ်မြသန်းတို့၏ညီမ၊ ဦးစိုးအောင်–ဒေါ်အမာ၊ ဒေါက်တာလှမောင်(ကျောင်းကုန်းဆေးရုံ)–ဒေါ်ခင်မေလွင်၊ ဦးမျိုးမြင့်–ဒေါက်တာချိုချိုနွယ်(SSC)၊ဦးမျိုးတင့်၊ ဦးအုန်းတင်–ဒေါ်သာဘီဝင်းတို့၏အစ်မ၊ တူ တူမ ၁၇ ယောက်တို့၏ အဒေါ်၊ မြေး ငါးယောက်တို့၏ အဘွားသည် ၂၆–၁၁–၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) ည ၉:၁၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၈–၁၁–၂၀၀၃ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နတ်ချောင်းနေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြ(ခ)ဒေါ်မြပန်းဦး
(ပေါက်တော၊စစ်တွေ)
အသက်(၉၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့သစ် ၁ လမ်း၊ အမှတ် ၃၃ နေ (ဦးမောင်မောင်–ဒေါ်ပျော့မ)တို့၏သမီး၊ (ဦးဖြူသီး)၏ဇနီး၊ ဦးကျော်အောင်–ဒေါ်တင်တင်ဦး၊ ဦးမောင်မောင်အေး – ဒေါ်သန်းနုတို့၏မိခင်၊ ဒေါက်တာသန္တာကျော် (ရွှေကျင်ဆေးရုံ)၊ဦးမောင်မောင်ကျော်–ဒေါက်တာသူဇာသင်း(ရန်ကုန်ဆေးရုံကြီး)၊ ဦးဝင်းကျော်မိုး(M.A.I) – ဒေါ်မိမိကျော် (M.C.B)၊ ဦးအေးလွင်ဦး၊ ဒေါ်ရီရီစိုး (M.C.B)၊ ဒေါက်တာကျော်မြင့်(စနဲ၊ ကျောက်ဖြူ)–ဒေါ်မိမိထွန်း(ကွန်ပျူတာတက္ကသိုလ်)တို့၏ အဘောင်ရှင်၊ မြစ်လေးယောက်တို့၏အဖီးသည် ၂၆–၁၁–၂၀၀၃ရက် နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈–၁၁–၂၀၀၃ ရက်(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Mr. Reggie N.Seymour
အသက်(၈၄)နှစ်

အမှတ် ၁၈၊ ပုသိမ်လမ်း၊ စမ်းချောင်းမြို့နယ်နေ (Mr. အီးစီမိုး–ဒေါ်ဘာသာ)တို့၏သား၊ (ဦးဘချိန်–ဒေါ်ရင်ကြွေ)တို့၏သားသမက်၊ Emily ဒေါ်သန်းစိန်၏ ခင်ပွန်း၊ Tina ဒေါ်မိုးသီတာ–ဦးဝင်းမြင့်တို့၏ဖခင်၊ Eric မိုးမြင့်၊ Mathew ခိုင်မြင့်၊ Vanessa အေးစပယ်မြင့်တို့၏ဘိုးဘိုးသည် ၂၇–၁၁–၂၀၀၃ရက်တွင်ခရစ်တော်၌အိပ်ပျော်ပြီးဖြစ်ပါ၍ ၂၉–၁၁–၂၀၀၃ရက် (စနေနေ့)နံနက် ၉ နာရီတွင် သန့်ရှင်းသောကားတိုင်ဘုရားကျောင်း (အမှတ် ၁၀၄၊ အင်းလျားလမ်း)တွင် ဆုတောင်းဝတ်ပြုပြီးလျှင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းမြှုပ်နှံမည်ဖြစ်ပါသည်။ (သန့်ရှင်းသောကားတိုင်ဘုရားကျောင်းမှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးပါစီ(ခ)
ဦးအောင်သန်း
(ကွင်းကောက်ယောဂီ)
အသက်(၆၉)နှစ်

(ဦးကျော်ငြိမ်း–ဒေါ်သိန်း)တို့၏သား၊ (ဦးနောက်တိုး–ဒေါ်ခင်ပု)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင် ဘူတာမီးရထားဝင်းနေ ဒေါ်မြစိန်၏ခင်ပွန်း၊ ဒေါ်ကြူကြူသန်း၊ ဦးကျော်ဇင် (MPF)–ဒေါ်အေးအေးသန်း၊ ဦးသန်းဦး(မြန်မာ့ဆိပ်ကမ်း)–ဒေါ်စုစုသန်း၊ဦးခင်မောင်သန်း(ခ)ဦးခင်မောင်ညွန့်(မြန်မာ့မီးရထား)–ဒေါ်ခင်သီတာဝင်း (ဆလရုံးချုပ်)၊ (ဗိုလ်ကြီးစိုးဝင်းလတ်)–ဒေါ်ခင်ခင်ဝင်း၊ဦးတင်မောင်သန်း–ဒေါ်မာမာဦး၊ ဦးသန်းတင်၊ တပ်ကြပ်ဟန်လင်းထူး–ဒေါ်ချိုချိုသန်း၊ ဦးကျော်စိုး (မြန်မာ့မီးရထား)တို့၏ဖခင်၊မြေး ၁၃ယောက်တို့၏အဘိုးသည် ၂၆–၁၁–၂၀၀၃ရက် မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈–၁၁–၂၀၀၃ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်တင်
တပ်မတော်–ရေ(ငြိမ်း)
(တောင်ငူ)
အသက်(၆၉)နှစ်

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ ရေနံ့သာလမ်း၊ ကမာလမ်းသွယ်၊တိုက် ၇၅၊ အခန်း ၈ နေ ဒေါ်တင်အေး၏ခင်ပွန်း၊ (ဦးမင်းအောင်)တပ်မတော်–ရေ(ငြိမ်း)–ဒေါ်နု၊ ဦးမင်းနိုင်–ဒေါ်ဝင်းမြင့်၊ ဦးတင်ထွန်း–ဒေါ်တင်တင်ခိုင်၊ ဦးမင်းဇော်–ဒေါ်နိုင်နိုင်ဝင်း၊(ဦးဝင်းနိုင်)–ဒေါ်တင်တင်ထွေးတို့၏ဖခင်ကြီး၊ မြေး ၁၇ ယောက်၊ မြစ် နှစ်ယောက်တို့၏အဘိုးသည် ၂၆–၁၁–၂၀၀၃ရက် ည ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉–၁၁–၂၀၀၃ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်စော(ခ)တန်တွဲဟိုင်
အသက်(၁၀၀)

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ် ၆၆၊ ခိုင်ရွှေဝါလမ်း(ဗဟိုလမ်း)နေ [ဦးထုံ(ခ)ချင်ခိထုန်]၏ဇနီး၊ ဦးထွန်းမြင့်–ဒေါ်ခင်၊ ဦးရွှေဝါ–ဒေါ်ခင်ရီ (ခေတ္တ–USA)၊ ဦးခင်ဝင်း–(ဒေါ်သင်းသင်းဆွေ)၊ (ဦးကျောက်ကျန်ဝါ)–ဒေါ်တင်မြ၊ ဦးကျော်မြင့်–ဒေါ်ကျင်ပွင့်တို့၏မိခင်၊ မြေး ၂၂ ယောက်၊ မြစ် ၁၂ ယောက်တို့၏အဘွားသည် ၂၆–၁၁–၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၂၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈–၁၁–၂၀၀၃ရက် (သောကြာနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးကောင်းတုံတရုတ်သုသာန်သို့ ပို့ဆောင်မြေမြှုပ်သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ဘိုးဘွားရိပ်သာဒါယိကာမကြီး
ဒေါ်ခင်သန်းလွင်
(B.A, H.G.P)
(တောင်သာမြို့)
အသက်(၇၀)

တောင်သာမြို့နေ (ဦးဘိုးထွန်း–ဒေါ်ယုံ)တို့၏သမီး၊ မန္တလေးမြို့နေ (ဦးမောင်မောင်တော် – ဒေါ်ညွန့်ညွန့်)တို့၏ သမီးချွေးမ၊ ဦးခင်မောင်အေး [(B.Sc, Engg., Mining)၊သတက–၂၊ ငြိမ်း]၏ဇနီး၊ ဦးသက်လွင်ဦး(ကြယ်ငါးပွင့်)–ဒေါ်ထွေးထွေးဝင်း၊ ဦးအေးလွင်လတ်–ဒေါက်တာဒေါ်ခင်စန္ဒာဝင်း (ရောဂါဗေဒဌာန၊ဆေးတက္ကသိုလ်–၂)၊ ဦးသိန်းလွင်ဌေး(သိန်းမိတ္တူ)–ဒေါ်သန်းသန်းဝင်း၊ ဦးမင်းကြည် (Sun Rise Co.)–ဒေါ်ခင်သီတာအေးတို့၏ မိခင်၊ မြေး ခြောက်ယောက်တို့၏အဘွားသည် ၂၇–၁၁–၂၀၀၃ရက် (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် အမှတ် ၃၀(က) တက္ကသိုလ်ရိပ်သာလမ်း၊ဗဟန်းမြို့နယ် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၉–၁၁–၂၀၀၃ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ပက်ထရစ်ရှာဇိုင်း
Patricia Zai
C.P. Livestock Co.,Ltd.
အသက်(၅၃)နှစ်

ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၁၆/ဘီ၊ စိန့်မိုက်ကယ်ကျောင်းဝင်း၊ ပန်းပင်ကြီးလမ်းနေ (ဦး Vincent စဝ်ဆိုင်ဇိုင်း–ဒေါ် Thecla တင်တင်မြ)တို့၏သမီး၊ Malitida ဇိုင်း (Royal Thai Embassy)၊ စဝ်ထွန်းအေး–Audre ဇိုင်း၊ Pier & Rachel Morgan၊ စဝ်ခမ်းဇိုင်းတို့၏ ညီမ၊ Brian ရွှေလင်းတိုး – Cecilia ဇိုင်းတို့၏အစ်မ၊ (ခေမာတိုး)၊ ကျော်ဇင်တိုး၊ ရဲလင်းတိုးတို့၏အဒေါ်သည် ၂၆–၁၁–၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅:၂၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉–၁၁–၂၀၀၃ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ကြည့်မြင်တိုင်ရှင်မိက္ခေလ(အင်္ဂလိကန်) ဘုရားကျောင်းတွင် ဝတ်ပြုကိုးကွယ်ပြီး ရေဝေး ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

မောင်ဆွေလွင်(ခ)အန်ကူး
အသက်(၃၆)နှစ်

ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ တိုက်အမှတ် ၂၈၁/က၊ အခန်း ၁ နေ ဦးစိန်မြင့် (စီးပွား/ကူးသန်း၊ ငြိမ်း)–ဒေါ်တင်တင်ဦး(MEIS၊ ငြိမ်း)တို့၏သား၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအရှေ့ရပ်ကွက်၊ စက်ရုံလမ်း၊ အခန်း ၂၀ နေ (ဦးဝင်းဖေ)–ဒေါ်ခင်စန်းရီတို့၏ သားသမက်၊ မအိအိခင်၏ခင်ပွန်း၊ မောင်အောင်ဇေ၏ဖခင်၊ ဦးအောင်အောင် (Uniteam Co.)–ဒေါ်လဲ့လဲ့ယဉ်ဝင်း၊ ဒေါ်ဆွေဆွေဝင်း(Myanmar Atlantic Co.,Ltd.) တို့၏အစ်ကို၊ တူ တူမ သုံးယောက်တို့၏ ဘကြီးသည် ၂၆–၁၁–၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် သဂြိုဟ်ပြီးဖြစ်ပါကြောင်း မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်၊ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ကေတုမာလာ မဟာထေရ်
သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၅၃)ဝါ

ဧရာဝတီတိုင်း၊ ဖျာပုံမြို့နယ်၊ ကျုံကဒွန်းစံပြကျေးရွာ၊ မဟာသဒ္ဓမ္မဇောတိကာရာမ ပုသိမ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ ဧရာဝတီတိုင်း သံဃနာယကအဖွဲ့ဝင်ဟောင်း ကျုံကဒွန်းစံပြကျေးရွာ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တ ကေတုမာလာ ဆရာတော်ကြီးသည် ၁၃၆၅ခုနှစ် သီတင်းကျွတ်လပြည့်နေ့ မွန်းလွဲ ၁၂:၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးသည်ဖြစ်ပါ၍ ကြွင်းကျန်သောဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ ခုနှစ် နတ်တော်လဆန်း ၁၂ ရက်တွင် အန္တိမအဂ္ဂိရှာပနပူဇာသဘင်ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (မှတ်ချက်။ နတ်တော်လဆန်း ၁၀၊ ၁၁ ရက် နံနက်တွင် ဖျာပုံသင်္ဘောဆိပ်မှကားဖြင့်ကြိုပါမည်။) ရှာပနကော်မတီ။

အန္တိမအဂ္ဂိရှာပနပူဇာသဘင်
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ(မွှာစရိယ)
ဘဒ္ဒန္တ ကုန္ဒက
သက်တော်(၇၂)နှစ်၊ သိက္ခာတော်(၅၂)ဝါ

ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ မဟာဗောဓိစာသင်တိုက်၏ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုန္ဒက မဟာထေရ်သည် ၁၃၆၅ခုနှစ် ဝါဆိုလဆန်း ၁၂ ရက်(၁၀–၇–၂၀၀၃ ရက်)တွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်ကို ၁၃၆၅ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက် (၁–၂–၂၀၀၄ရက်)တနင်္လာနေ့တွင် အန္တိမအဂ္ဂိရှာပန သာဓုကီဠနပူဇာသဘင်ကို ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်သံဃာ၊ ဒါယကာ၊ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ရှာပနကျင်းပရေးကော်မတီ။

ဘုရား၊ရဟန်း၊ကျောင်းအမကြီး
ဒေါ်တင်တင်မြ(ခ)ဒေါ်မြမြ
(စလင်းမြို့)
အသက်(၇၅)နှစ်

စလင်းမြို့၊ ပေါင်းပင်ဇင်းရပ်နေ ဦးဘိုးဟန်–ဒေါ်မမကြီးတို့၏ သမီးထွေး၊ ဒေါက်တာထွန်းဆိုင်[အထွေထွေမန်နေဂျာ(ငြိမ်း)၊စိုက်ပျိုးရေးသုတေသနဌာန] စိုက်ပျိုးရေးပညာရှင် အဖွဲ့ဝင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရုံး)၏ ဇနီး၊ ဦးထွန်းမြဦး (UNDP, CDRT Project)–ဒေါ်မြင့်မြင့်သန်း (စိုက်/သု)၊ ဦးစိုးပိုင် (လေကြောင်းဦးစီး)–ဒေါ်ဥမ္မာထွန်းဆိုင် (IRRI)၊ဦးနိုင်ဝင်း(အောင်သုခဆီစက်၊ လှည်းကူး)–ဒေါ်သီတာထွန်းဆိုင်တို့၏ မိခင်၊ မစုနှင်းဖြူ၊ မောင်ကောင်းမြတ်ထွန်း၊ မတင့်တယ်ဝင်းနှင့် မသက်နွယ်ဝင်းတို့၏အဘွားသည် ၂၇–၁၁–၂၀၀၃ ရက် နံနက် ၁၁:၃၀ နာရီတွင် ရွှေပြည်သာမြို့၊ အမှတ်(၂)ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ် ၃၀/၂၄ နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၉–၁၁–၂၀၀၃ရက် ညနေ ၃ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းမူ(ခ)မမူ (မြိတ်)
အသက်(၅၀)

မြိတ်မြို့၊မြစ်ငယ်ရပ်နေ(ဦးကျန်းနာ–ဒေါ်အေးတင်)တို့၏သမီး၊ ဦးဂွမ်လိုက်–ဒေါ်ရှုလိုင်၊ ဦးသန်းရွှေ–ဒေါ်ဂင်ကြူတို့၏ညီမ၊ တူ တူမ ၁၄ ယောက်တို့၏အဒေါ်၊ရန်ကုန်မြို့၊ အမှတ် ၄၄၊ သုံးလွှာ (ဘယ်)၊ ဆင်ရေကန်လမ်း၊ အလုံမြို့နယ်တွင် ၂၅–၁၁–၂၀၀၃ရက် ည ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉–၁၁–၂၀၀၃ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အမှတ် ၄၄၊ သုံးလွှာ(ဘယ်)၊ ဆင်ရေကန်လမ်း၊ အလုံမြို့နယ် နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ခွာပါမည်။ မြိတ်အသင်းမှကားများ နံနက် ၁၁:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ကိုရွှေမြဒွန်း (Thla Khar)
အသက်(၃၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ အမှတ် ၆/၁၈၁၊ သပြေလမ်းနေ U Ni Dun–ဒေါ်ခင်စန်းမြင့်တို့၏သား၊မညို၏ခင်ပွန်း၊ မောင်သူရိန်ဒွန်း၏ဖခင်၊မရူပါဝင်း(Ma Ngun Cin)၊ မစန္ဒာဝင်း(Ma Sui Men)တို့၏ အစ်ကိုသည် ၂၆–၁၁–၂၀၀၃ရက် ည ၁၂ နာရီတွင် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉–၁၁–၂၀၀၃ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေး ခရစ်ယာန်သုသာန်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်နှင့် ချင်းနှစ်ခြင်း ခရစ်ယာန်သာသနာ့ရိပ်သာ၊ အမှတ် ၁၂၅၊ ဗားကရာလမ်း၊ စမ်းချောင်းမှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ဓမ္မာရုံ ဒါယကာကြီး
ဦးကျော်ဝင်း
(စိန်ဂေဟာပါဝါရွှေဆိုင်)
အသက်(၆၂)နှစ်

ရန်ကုန်မြို့ (ဦးဘရှင်)–ဒေါ်စိန်တို့၏သား၊ မော်လမြိုင်မြို့၊ အင်းဝိုင်းရပ်နေ (ဦးရော့ဝါ–ဒေါ်ဆွန်ဝေ့)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဝင်္ကပါရိပ်သာလမ်းသွယ်၊ခြံအမှတ် ၅ နေ ဒေါ်လတ်လတ်၏ခင်ပွန်း၊ ကိုထွန်းအောင်ကျော် – မအေးအေးတင်တို့၏ဖခင်၊ မောင်ဝေယံထွန်း၊ မောင်ဖြိုးဝေထွန်း၊ မောင်ဝင်းလင်းဖြိုးတို့၏အဘိုး၊ ဦးဘအောင်–(ဒေါ်စန်းမွှေး)၊ (ဦးကြဲဝင်း–ဒေါ်ကျင်ဝင်း)၊ ဒေါ်မြင့်မြင့်အေး–ဦးချင်ဖုန်း(ခေတ္တ–မကာအို)တို့၏ ညီ/မောင်၊(ဒေါ်စိန်ကြူ)–ဦးစိုးမြင့်၊ ဦးအောင်ဝင်း–ဒေါ်နွဲ့နွဲ့ဝင်း၊ ဒေါ်ခင်စန်းဝင်း–ဦးစိုးလွင်၊ ဒေါ်အေးအေးရီ–ဦးမင်းစိုး၊ ဦးမျိုးဝင်း – ဒေါ်မိုးမိုးလွင် (ခေတ္တ–U.S.A)၊ဒေါ်ခင်ချို–ဒေါက်တာသန့်ဇင်၊ ဒေါ်ကျင်ထွေး–ဦးကျော်နိုင်(တောင်ကြီး)၊ ဦးမောင်မောင်ဝင်း – ဒေါ်တင်တင်အေးတို့၏အစ်ကိုသည် ၂၇–၁၁–၂၀၀၃ရက် နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁–၁၂–၂၀၀၃ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများနံနက် ၉:၃၀ နာရီတွင်ထွက်ခွာပါမည်။ စိန်ဂေဟာ၊ ၁၉ လမ်းနှင့် လမ်း ၂၀ ကြားရှေ့တွင် ကားများစီစဉ်ထားရှိပြီး နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးအောင်မြင့်စိုး(ခ)
ဦးအောင်မြင့်
(ညောင်တုန်း၊ဖျာပုံ)
[အခွန်ဦးစီးမှူး]
ပြည်တွင်းအခွန်များဦးစီးဌာန
(တောင်တွင်းကြီးမြို့)
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းပါဠိတက္ကသိုလ်၊ ညောင်တုန်းကျောင်းတိုက် ကျောင်းဒါယကာကြီး(ဦးဘိုးသိန်း–ဒေါ်အို)တို့၏ မြေး၊ အမှတ် ၃၂၊ သုံးလွှာ၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်နေ (ဒေါ်စိန်ပုံ)၏ သားကြီး၊ (ဦးကျော်မြင့်၊ အငြိမ်းစားကျောင်းဆရာ၊ ကျိုင်းတုံ)–ဒေါ်မြင့်မြင့်စိန်(ဆေးနှင့်ဆေးကိရိယာရောင်းဝယ်ရေး၊ ငြိမ်း)တို့၏ အစ်ကိုကြီး၊ မောင်ဇော်ကျော်ကျော်(SR Deck Cadet)၊ မအိကျော်ကျော်(German Speaking Tour Guide)တို့၏ဘကြီးသည် ၂၆–၁၁–၂၀၀၃ရက် နံနက် ၃:၅၀ နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၈–၁၁–၂၀၀၃ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မော်ရီတေးနီးယားသမ္မတနိုင်ငံဝန်ကြီးချုပ်ထံသို့ လွတ်လပ်ရေးနေ့ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် နိုဝင်ဘာ ၂၈

၂၀၀၃ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ကျရောက်သော မော်ရီတေးနီးယား အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံမှ မော်ရီတေးနီးယား အစ္စလာမ်မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာအက်စ်ဂဲယားအုလ်(ဒ်)အမ်ဘာရက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

သူတစ်ပါးပြဇာပေးစွက်ဖက်မှု ကြံကြံခံတွန်းလှန်နိုင်သည့် အစိုးရတစ်ရပ်ပေါ်ထွန်းလာရေး ချမှတ်ထားသော မူဝါဒလုပ်ငန်းစဉ်ခုနစ်ရပ် အကောင်အထည်ပေါ်လာအောင်ဆောင်ရွက်

__ရှေ့ဖုံးမှ__

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ခွဲစိတ်ခန်းအထူးကြပ်မတ်ကုသခန်း၊ လူနာဆောင်၊ ဓာတ်မှန်ခန်း၊ သားဖွားဆောင်နှင့် ဆေးရုံတိုးချဲ့ဆောင် ဆောက်လုပ်ရန်နေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်ရေးများကို မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် တပ်မတော် ရဟတ်ယာဉ်များဖြင့် တီးတိန်မြို့မှတစ်ဆင့် ဖလမ်းမြို့သို့ ရောက်ရှိကြရာ ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်တင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ယဉ်ကျေးမှု အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များနှင့် ပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဖလမ်းမြို့ သူနာပြုသင်တန်းကျောင်း ***စာမျက်နှာ ၇ ကော်လံ ၁*** ■

စုပေါင်း ဓာတ်ပုံရိုက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နိုဝင်ဘာ ၂၅ ရက်တွင် ချင်းပြည်နယ် ဖလမ်းမြို့ သူနာပြုသင်တန်းကျောင်း သင်ဇင်ဆောင်ခန်းမ၌ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် စုပေါင်းဓာတ်ပုံရိုက်စဉ်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ပုဂံ–ညောင်ဦးနှင့် မန္တလေးမြို့များသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထွက်ခွာသွားသော ဧည့်သည်တော် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီးခေါင်းဆောင်သည့်အဖွဲ့ဝင်များအား ပို့ဆောင်နှုတ်ဆက်

ရန်ကုန် နိုဝင်ဘာ ၂၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာသို့သွားရောက်၍ ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Thammarak Isarangura ခေါင်းဆောင်သည့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းက ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးအား ရန်ကုန်မြို့ ခရီးစဉ်ဓာတ်ပုံ အယ်လ်ဘမ်နှင့် မှတ်တမ်းတင်ဗီဒီယိုတိပ်ခွေတို့ကို ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ▼

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ပုဂံ–ညောင်ဦးမြို့နှင့် မန္တလေးမြို့များသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ထွက်ခွာသွားသည့် ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Thammarak Isarangura ခေါင်းဆောင်သည့် အဖွဲ့ဝင်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယနေ့ထုတ်စောင်ရေ – ၂၀၁၇၈၁